# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၂၈ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၃**
၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးသန်းလှိုင် | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ခ) | ဦးအောင်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ဂ) | ဒေါ်ခင်စန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထူးအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမောင်မောင်တင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး)<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်<br>တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| (ခ) ဗိုလ်မှူးကြီးအောင်တင်စိုး<br>ကာကွယ်ရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

(ပုံ) သိန်းစိန်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်<br>
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

### နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏လုပ်ငန်းတာဝန်များ ဆက်လက်တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီကို ဖွဲ့စည်းပြီးဖြစ်သဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၁) နှင့် ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၁) တို့ဖြင့် ဖွဲ့စည်းထားသော နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံခြားရေးရာမူဝါဒကော်မတီက ဆက်လက်ထမ်းဆောင်စေလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း<br>
အတွင်းရေးမှူး<br>
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ၇၇ × ၇၈ လမ်းကြား၊ ၃၁ လမ်း၊ အမှတ် - ၁ နေ ဟွန်ဒါ (မြန်မာ) အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးလီစန်းရှင်း (ခ) ဦးတင်မောင် [၉/မရမ (နိုင်) ၀၅၈၀၈၄] အား ရှမ်းပြည်နယ် (လားရှိုး)၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်၊ နန့်လှိုင်ကြိုးဝိုင်း၊ အကွက်အမှတ် ၁၆ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့်ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | နန့်လှိုင်ကြိုးဝိုင်း | ၁၆ | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိမွန်လုံးချင်းအိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် - ၂၂ နေ ဂွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးလှဦး [၁၃/ကခန (နိုင်) ၀၂၀၂၈၈] အား ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ တောင်မြန်အောင်ကြိုးဝိုင်း အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ဇယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်း စတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၄၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့်ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | တောင်မြန်အောင် | - | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁၀ ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် - ၅၆ နေ မြတ်မင်း ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဖြိုးလှဝေ [၁၂/လမန (နိုင်) ၀၀၈၂၇၂] အား ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ စိုင်းရကြိုးဝိုင်း၊ အကွက် အမှတ် ၅၃ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့်ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စိုင်းရကြိုးဝိုင်း | ၅၃ | ၂၀၀ | ၂၀၁၃-၂၀၁၄ |
| ၂။ | စိုင်းရကြိုးဝိုင်း | ၅၃ | ၂၀၀ | ၂၀၁၄-၂၀၁၅ |
| ၃။ | စိုင်းရကြိုးဝိုင်း | ၅၃ | ၁၀၀ | ၂၀၁၅-၂၀၁၆ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုအစိုးရအဖွဲ့မှ<br>သတ်မှတ်တာဝန်ပေးသည့် ကိုယ်စားလှယ်တစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး (သစ်တော)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဏ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ယ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဟ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဠ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အတွင်းရေးမှူး
သတ်မှတ်တာဝန်ပေးသည့် ကိုယ်စားလှယ်တစ်ဦး

(အ) ပြည်ထောင်စုအစိုးရအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး
သတ်မှတ်တာဝန်ပေးသည့် ကိုယ်စားလှယ်တစ်ဦး

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်မြှင့်တင်ရေးအတွက် လိုအပ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒများနှင့် အခြားကဏ္ဍဆိုင်ရာပတ်ဝန်းကျင်မူဝါဒများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချမှတ်ခြင်း၊

(ဂ) အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သော အခြေခံမူများ၊ မဟာဗျူဟာများ ချမှတ်ခြင်း၊

(ဃ) ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ် ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(င) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများ ချမှတ် နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(စ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်ခြင်း၊

(ဇ) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) စွမ်းအင်ချွေတာရေးနှင့် ရေရှည်စဉ်ဆက်မပြတ် အသုံးချနိုင်ရေးအတွက် အစီအမံများ ချမှတ်ခြင်း၊

(ည) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာစာရင်းဇယားနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့် စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဋ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန် ပတ်ဝန်းကျင်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဌ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျ ထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးအတွက် လမ်းညွှန်ချက်များ၊ အစီအမံများ ချမှတ်ခြင်း၊

(ဍ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်း ဖြေရှင်းပေးခြင်း၊

(ဎ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များနှင့် အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေး၊ ပညာပေးရေးနှင့် ပညာ သင်ကြားရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ထ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဒ) လိုအပ်သည့် ဗဟိုအဆင့်လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကြီးကြပ်မှု ကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဓ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အခါအားလျော်စွာ အစီရင်ခံတင်ပြရမည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင် အဖွဲ့ဝင် ပြင်ဆင်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင် အဖွဲ့ဝင် ဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီအစား ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီအား ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ "တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း" အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

# တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း

# ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် **တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန်**အလို့ငှာ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **“တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ”** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **“အစိုးရအဖွဲ့”** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **“ဗဟိုအဖွဲ့”** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဂ) **“လုပ်ငန်းအဖွဲ့”** ဆိုသည်မှာ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ဆိုသည်။

(ဃ) **“ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့”** ဆိုသည်မှာ တောင်သူလယ်သမားများ ထုတ်လုပ်သော ကောက်ပဲသီးနှံများကို တိုက်ရိုက်ဝယ်ယူရောင်းချရန် ဗဟိုအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(င) **“တောင်သူလယ်သမား”** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့်ကိုက်ညီသူကို ဆိုသည် -

(၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ။

(၂) ဆိုင်ရာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ။

(၃) ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်း လုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ။

(၄) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ။

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ် ရောင်းချသူ။

(စ) **"စိုက်ပျိုးရေးလုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ၊ အစုအဖွဲ့ဖွဲ့စည်း၍ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် သဘောတူစာချုပ် ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်းလည်း ပါဝင်သည် -

(၁) လယ်ယာစိုက်ပျိုးရေးလုပ်ငန်း။

(၂) စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေးလုပ်ငန်း။

(၃) ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း။

(၄) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်း။

(၅) မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း။

(၆) တိရစ္ဆာန်အစာစိုက်ပျိုးရေးလုပ်ငန်း။

(၇) စွမ်းအင်အထောက်အကူပြုစိုက်ပျိုးရေးလုပ်ငန်း။

(၈) သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်း။

(၉) ဆည်မြောင်း၊ တာတမံနှင့် မြေယာပြုပြင်ရေးလုပ်ငန်း။

(ဆ) **"မွေးမြူရေးလုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ အစုအဖွဲ့ဖွဲ့စည်း၍ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည် -

(၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်၊ စားသုံးရန် သို့မဟုတ် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း။

(၂) ရေလုပ်ငန်းနှင့် ရေချို၊ ရေငန်ငါးမွေးမြူခြင်းလုပ်ငန်း။

(၃) မျိုးတိရစ္ဆာန် သို့မဟုတ် မျိုးငါးမွေးမြူခြင်း၊ သားပေါက်ထုတ်လုပ်ခြင်းနှင့် မျိုးမြှင့်တင်ခြင်းလုပ်ငန်း။

(၄) ပျားမွေးမြူခြင်းလုပ်ငန်း။

(၅) ပိုးမွေးမြူခြင်းလုပ်ငန်း။

(ဇ) **"ထုတ်ကုန်ပစ္စည်း"** ဆိုသည်မှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဈ) **"သွင်းအားစု"** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများ အားလုံးကို ဆိုသည်။

(ည) **"လယ်ယာကုန်ထုတ်အရင်းအနှီး"** ဆိုသည်မှာ လယ်ယာမြေများ၊ တောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်ပြင်ဆင်ချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် ကောက်ပဲသီးနှံမျိုးစေ့များ၊ ပျိုးပင်ပေါက်များ၊ သားပေါက်များ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ တိရစ္ဆာန်အစာများ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သောချေးငွေနှင့် အကူအညီများ ပေးရန်။

(ခ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ သမားရိုးကျ မိရိုးဖလာမွေးမြူရေးမှ ခေတ်မီ မွေးမြူရေးသို့လည်းကောင်း ကူးပြောင်းနိုင်ရန် ထုတ်လုပ်ခွင့်၊ နည်းပညာနှင့် သွင်းအားစုဆိုင်ရာ တို့ကို ပံ့ပိုးကူညီရန်။

(ဂ) တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှင့် ဈေးကွက် ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်။

## အခန်း (၃)
## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် အောက်ပါအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်စေလျက် တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

(ခ) ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန။

(ဂ) ပြည်ထောင်စုအစိုးရ၊ သမဝါယမဝန်ကြီးဌာန။

(ဃ) ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

(င) ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

(စ) ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

(ဆ) ပြည်ထောင်စုအစိုးရ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

(ဇ) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

(ဈ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်။

(ည) ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း။

(ဋ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။

(ဌ) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်။

(ဍ) မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း။

(ဎ) တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းများ။

(ဏ) အခြားသင့်လျော်သည့် အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ။

၅။ ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ဖြစ်ထွန်းစေသော ဈေးကောင်းရ၍ ဈေးကွက်ရှိသည့် သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တောင်သူလယ်သမားများ လိုအပ်သော ချေးငွေ၊ အကူအညီများနှင့် သင့်တင့်မျှတသောဈေးရရှိရန် ကူညီဆောင်ရွက်ပေးခြင်း။

(ခ) တည်ဆဲဥပဒေများပါ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို တောင်သူလယ်သမားများ အမှန်တကယ်ခံစားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း။

(ဂ) တောင်သူလယ်သမားများအား လိုအပ်သောချေးငွေနှင့်အကူအညီများ ရရှိစေရန် စီမံဆောင်ရွက်ခြင်း။

(ဃ) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်းနှင့် အများပြည်သူ သိရှိစေရန် ကြေညာခြင်း။

(င) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(စ) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ပါက လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(ဆ) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးစေရန် သုတေသန လုပ်ငန်းများကို ထူထောင်ခြင်းနှင့် အားပေးခြင်း။

(ဇ) တောင်သူလယ်သမားများအား စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းပညာများ ပေးခြင်း၊ ထုတ်ကုန် ပစ္စည်းဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာသတင်းအချက်အလက်များကို ဖြန့်ဝေခြင်း။

(ဈ) ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာသယ်ဆောင်ရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း။

(ည) ထုတ်ကုန်ပစ္စည်းများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် သက်ဆိုင်ရာကုန်သွယ်ဖက်နိုင်ငံများ ထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဋ) တောင်သူလယ်သမားများအား ထုတ်ကုန်ပစ္စည်းများကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံ များတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် လယ်ယာလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စနစ်များကို အလေ့အကျင့်များရှိစေရန် အားပေးကူညီခြင်း။

(ဌ) မိမိ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

(ဍ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(ဎ) အစိုးရအဖွဲ့က တာဝန်ပေးအပ်သော တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၆။ ဗဟိုအဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအဖွဲ့တစ်ခုခုအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇။ ဗဟိုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဗဟိုအဖွဲ့က ခွင့်ပြုသော ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ချေးငွေနှင့်အကူအညီများပေးခြင်း

၈။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူဆောင်ရွက်ရမည် -

(က) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သောအရင်းအနှီးရရှိရေးအတွက် နှစ်တို၊ နှစ်ရှည်ချေးငွေများကို သက်သာသောအတိုး နှုန်းဖြင့် စည်းကမ်းချက်များ ချမှတ်၍ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ချေးငွေများထုတ်ချေးရာတွင် ထုတ်ချေးမည့်ငွေ၊ သက်သာသောအတိုးနှုန်း၊ ပြန်ဆပ်ရမည့်ကာလတို့ကို သတ်မှတ်ခြင်း။

၉။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် တောင်သူလယ်သမားများ၏ သီးနှံစိုက်ခင်း၊ ထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင်ဖြစ်စေ၊ အများပြည်သူ ကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ ဖျက်ဆီးခြင်းခံရလျှင်ဖြစ်စေ ယင်းတောင်သူလယ်သမားများအား လိုအပ်သော အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၀။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခုကျရောက်၍ အများ ပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးသုတ်သင်ခြင်းခံရသော မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သည့် အကူအညီများပေးနိုင်ရန် စီစဉ် ဆောင်ရွက်ရမည်။

၁၁။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့် အကူအညီများပေးနိုင်ရန် လိုအပ်သော ဘဏ္ဍာငွေရရှိရေးအတွက် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

၁၂။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့် အကူအညီများပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏အစီအမံဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၅)
## ထုတ်လုပ်ခွင့်၊ နည်းပညာနှင့် သွင်းအားစုဆိုင်ရာပံ့ပိုးကူညီခြင်း

၁၃။ ဗဟိုအဖွဲ့သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) တောင်သူလယ်သမားတိုင်း ဥပဒေနှင့်အညီ လွတ်လပ်စွာရွေးချယ်စိုက်ပျိုးထုတ်လုပ် ရောင်းချ နိုင်ရေး ဆောင်ရွက်ရန်။

(ခ) အရည်အသွေးမီသည့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေး ကူညီရန်။

(ဂ) တောင်သူလယ်သမားများအား ဒေသ၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို ပညာပေးရန်နှင့် ကူညီဆောင်ရွက်ရန်။

(ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသသတင်းအချက်အလက်များ၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ လယ်ယာမြေနှင့်စပ်ဆိုင်သည့် သတင်းအချက် အလက်များ၊ ပိုးမွှားရောဂါဆိုင်ရာသတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်။

၁၄။ ဗဟိုအဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မွေးမြူထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားစေရန် တောင်သူလယ်သမားများအား မွေးမြူရေးဆိုင်ရာနည်းပညာများပေးရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရန်။

(ခ) ပြည်တွင်း၊ ပြည်ပဈေးကွက် ရရှိရေးအတွက် ဈေးနှုန်းဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်။

(ဂ) ပြည်တွင်းပြည်ပဈေးကွက်ရှိသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရေးကို အားပေးကူညီရန်။

(ဃ) မွေးမြူရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်နှင့် ဥပဒေနှင့်အညီ သယ်ဆောင်ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်။

(င) မွေးမြူရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသသတင်းအချက်အလက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအချက်အလက်များ၊ ကူးစက်ရောဂါဆိုင်ရာသတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန်။

၁၅။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအားလည်းကောင်း၊ ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအားလည်းကောင်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထို့ပြင် ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို အခြားသင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအားလည်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## ထုတ်ကုန်ပစ္စည်းများ သင့်တင့်မျှတသည့်ဈေးနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်း

၁၆။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများက ကောက်ပဲသီးနှံများကို တိုက်ရိုက်ရောင်းချလိုပါက ဝယ်ယူနိုင်ရေးအတွက် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၇။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် အောက်ပါတို့ကို လိုက်နာရမည် -

(က) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ဗဟိုအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်၍ ဝယ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သော ဝယ်ယူမည့်ဈေးသည် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ ဝယ်ယူရောင်းချခြင်းနှင့်သာ သက်ဆိုင်စေရမည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ လွတ်လပ်စွာရောင်းဝယ်ခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

၁၈။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းဝယ်မှုပြုရာတွင် ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ဈေးကွက်သစ်ရှာဖွေရေးနှင့် ဈေးကွက်သတင်းစုဆောင်းရေးတို့ကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၁၉။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က ထုတ်ပြန်သည့် ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို တောင်သူလယ်သမားများ သိရှိနိုင်ရန် အချိန်မီထုတ်ပြန်ကြေညာပေးရမည်။

၂၀။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် တောင်သူလယ်သမားများထံမှ ကောက်ပဲသီးနှံများကို ဝယ်ယူရာတွင် လိုအပ်သောရင်းနှီးငွေကို ဗဟိုအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာငွေမှ ရယူသုံးစွဲရမည်။

၂၁။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် တောင်သူလယ်သမားများထံမှ ဝယ်ယူပြီးသည့် ကောက်ပဲသီးနှံများ ဖြန့်ဖြူးရောင်းချရာတွင် -

(က) အရှုံးပေါ်ပေါက်ပါက သက်ဆိုင်ရာက စိစစ်၍ ကြောင်းကျိုးဆီလျော်မှုရှိလျှင် ယင်းအရှုံးကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံနိုင်စေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အကျိုးအမြတ်ရှိပါက ယင်းအကျိုးအမြတ်ကို ပြည်ထောင်စုဘဏ္ဍာသို့ ထည့်သွင်းရမည်။

၂၂။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ကောက်ပဲသီးနှံရောင်းဝယ်ရေးကိစ္စများကို ဆောင်ရွက်စေနိုင်သည်။

၂၃။ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

(ခ) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့များက ကောက်ပဲသီးနှံဝယ်ယူရာတွင် သုံးစွဲမည့်ငွေများကို ထိန်းသိမ်းကြီးကြပ်ရမည်။

၂၄။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် မိမိလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တစ်လလျှင် တစ်ကြိမ် ဗဟိုအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

## အခန်း (၇)
## လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၂၅။ ဗဟိုအဖွဲ့သည် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်စေလျက် ဖွဲ့စည်းပေးရမည်။

၂၆။ လုပ်ငန်းအဖွဲ့များသည် -

(က) ဗဟိုအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ခ) မိမိတို့၏ဆောင်ရွက်ချက်များကို တစ်လလျှင် တစ်ကြိမ် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၈)
## အထွေထွေ

၂၇။ အစိုးရအဖွဲ့သည် -

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီအသီးသီး၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီအသီးသီးတို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၂၈။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက် )

**ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ဦးကျော်ဝင်း<br>၅/မရန (နိုင်) ၁၄၆၁၉၉ | စာရေးဆရာ | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ (၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၃) ရက်နေ့ထုတ် အတွဲ ၆၆၊ အမှတ် ၂၅ တွင် ထုတ်ပြန်ခဲ့သော အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၁၃ အား အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၃ ဟု ပြင်ဆင်လိုက်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၆) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၆) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁)၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၈/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၂/၂၀၁၂)၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၁/၂၀၁၂) နှင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၆) ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၃၀၁၁<br>ဒုတိယဗိုလ်မှူးကြီးကျော်အောင် | (အစား) | ကြည်း ၂၂၆၄၈<br>ဒုတိယဗိုလ်မှူးကြီးမိုးကျော် |
| (၂) | ကြည်း ၂၃၀၀၁<br>ဒုတိယဗိုလ်မှူးကြီးစောမြင့်ဝင်းအောင် | (အစား) | ကြည်း ၂၆၂၃၉<br>ဒုတိယဗိုလ်မှူးကြီးမြဦး |
| (၃) | ကြည်း ၂၅၃၀၅<br>ဒုတိယဗိုလ်မှူးကြီးကျော်နိုင် | (အစား) | ကြည်း ၁၇၆၇၈<br>ဒုတိယဗိုလ်မှူးကြီးမြင့်မော် |
| (၄) | ကြည်း ၂၀၃၄၆<br>ဗိုလ်မှူးမြတ်သူ | (အစား) | ကြည်း ၃၃၂၆၁<br>ဗိုလ်မှူးဟန်စိုးထွန်း |
| (၅) | ကြည်း ၂၂၅၉၂<br>ဗိုလ်မှူးမျိုးဇော်ဦး | (အစား) | ကြည်း ၂၉၃၃၈<br>ဗိုလ်မှူးရဲစိုး |
| (၆) | ကြည်း ၃၁၉၆၆<br>ဗိုလ်မှူးစိုးလင်းမောင် | (အစား) | ကြည်း ၂၉၇၆၉<br>ဗိုလ်မှူးသန်းနိုင်လွင် |
| (၇) | ကြည်း ၂၄၈၇၆<br>ဗိုလ်မှူးသန်းဦး | (အစား) | ကြည်း ၃၄၅၈၉<br>ဗိုလ်မှူးရဲဝံ့ထက် |
| (၈) | ကြည်း ၂၈၃၀၀<br>ဗိုလ်မှူးအေးဝင်း | (အစား) | ကြည်း ၂၉၇၄၃<br>ဗိုလ်မှူးအေးကိုကို |
| (၉) | လေ ၂၄၈၅<br>ဗိုလ်မှူးရန်နိုင်ထူး | (အစား) | လေ ၂၈၉၆<br>ဗိုလ်မှူးမျိုးမင်းမောင် |
| (၁၀) | လေ ၂၆၁၂<br>ဗိုလ်မှူးဝင်းနိုင် | (အစား) | လေ ၂၆၄၈<br>ဗိုလ်မှူးအောင်သွင်စိုး |

| | | | |
|---|---|---|---|
| (၁၁) | လေ ၂၆၆၆ ဗိုလ်မှူးစိုးလှိုင်မင်း | (အစား) | လေ ၂၅၉၉ ဗိုလ်မှူးစိုးမင်းအေး |
| (၁၂) | လေ ၂၇၃၅ ဗိုလ်မှူးမျိုးသက်ဦး | (အစား) | လေ ၂၇၄၁ ဗိုလ်မှူးမိုးဦးကျော် |
| (၁၃) | လေ ၂၇၄၈ ဗိုလ်မှူးဝင်းအောင် | (အစား) | လေ ၂၇၀၈ ဗိုလ်မှူးမျိုးထွေး |
| (၁၄) | လေ ၂၇၈၀ ဗိုလ်မှူးရန်နောင်စိုး | (အစား) | လေ ၂၄၈၉ ဗိုလ်မှူးအောင်ကျော်လွင် |
| (၁၅) | လေ ၂၇၈၂ ဗိုလ်မှူးသိန်းဌေးအောင် | (အစား) | လေ ၂၇၄၀ ဗိုလ်မှူးနွေဦး |
| (၁၆) | လေ ၂၇၉၆ ဗိုလ်မှူးပြည့်ဖြိုးကျော် | (အစား) | လေ ၂၄၆၄ ဗိုလ်မှူးရဲမြင့်လွင် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၃/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၃/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၆၇၃၆ ဗိုလ်မှူးချုပ်မင်းသိန်းဇံ | (အစား) | ကြည်း ၁၉၅၉၈ ဗိုလ်မှူးကြီးဝင်းလွင်ဦး |
| (၂) | ကြည်း ၁၈၀၃၂ ဒုတိယဗိုလ်မှူးကြီးစန်းဝင်း | (အစား) | ကြည်း ၂၈၂၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးသစ်ဦး |

(၃) ကြည်း ၂၈၇၉၂ (အစား) ကြည်း ၃၃၅၁၀
ဗိုလ်မှူးအောင်ထွေး ဗိုလ်မှူးရဲမင်းထွေး

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

(၁) လေ ၂၆၀၉ (အစား) လေ ၂၇၁၄
ဗိုလ်မှူးကျော်လင်း ဗိုလ်မှူးလွင်ကိုကို

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

(၂) လေ ၂၈၀၈ (အစား) လေ ၂၆၀၂
ဗိုလ်မှူးဉာဏ်လင်းအောင် ဗိုလ်မှူးနိုင်လင်း

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၃) လေ ၂၇၃၄ (အစား) လေ ၂၅၅၂
ဗိုလ်မှူးဇင်မင်းမောင် ဗိုလ်မှူးနေလင်းအောင်

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကယားပြည်နယ်လွှတ်တော်**

(၁) ကြည်း ၁၈၀၈၆ ဗိုလ်မှူးကြီးတင်စိုး (အစား) ကြည်း ၂၂၅၈၂ ဗိုလ်မှူးကြီးဇော်မျိုးတင်

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

(၂) ကြည်း ၁၇၉၄၅ ဗိုလ်မှူးကြီးအန့်ဇော် (အစား) ကြည်း ၂၁၉၀၄ ဗိုလ်မှူးကြီးဇော်လင်းအောင်

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

## ကိုယ်ရေးအရာရှိ ခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၏ကိုယ်ရေးအရာရှိအဖြစ် ခန့်အပ်ရန် အဆိုပြုလာသည့် ဦးသောင်းလှိုင် [နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဥကမ (နိုင်) ၀၁၂၇၂၁] အား ကိုယ်ရေးအရာရှိ

လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာတွင် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်ပြီး အမြင့်ဆုံးလစာငွေ ၁၃၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ အကွက်အမှတ်/အမည် - (၂၉/ပိန္နဲတော)၊ ဦးပိုင်အမှတ် (၅-ဈ) ရှိ **မြို့မရှင်ဓာတ်ဝဲကျောင်း** အခွန်လွတ် သာသနာ့မြေဧရိယာ **(၂. ၆၂၆) ဧက**အနက်မှ **(၀. ၀၂၈) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးဝင်းစိုးဦး [၆/ထဝန (နိုင်) ၀၀၃၉၆၈] အား ဗဒ္ဓသိမ်ဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၈/၂၀၁၃)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကင်း ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၁၇၂/အင်းကြီးအနောက်)၊ ဦးပိုင်အမှတ် (၁၁၅+၁၁၆+၁၁၈) ရှိ **စန္ဒကူးမြိုင်ရိပ်သာ** အခွန်လွတ်သာသနာ့မြေဧရိယာ **(၂၁. ၂၈) ဧက**အနက်မှ **(၀. ၂၂၀) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးစည်သူကျော် [၆/သရခ (နိုင်) ၀၆၉၉၉၇] အား ဗဒ္ဓသိမ်ဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၄၉-က/တာဝရေတံခါးကွင်း)၊ ဦးပိုင်အမှတ် (၃၀/၁၊ ၃၂၊ N) ရှိ **မဟာဝိသ ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ (၁. ၃၆) ဧကအနက်မှ (၀. ၁၀) ဧကကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ - ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးသိန်းညွန့် [၇/သနပ (နိုင်) ၀၁၂၈၅၅] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက် )

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပြည်သာယာရပ်ကွက်၊ အေးမြသီတာရပ်ကွက်နှင့် သီတာမြိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၆၅၅/သီလဝါတောင်ကွင်း) မှ မြေဧရိယာ **(၈၉. ၇၈) ဧက၊** ကွင်းအမှတ်/အမည် - (၆၀၇/ဂရန်ကွင်း) မှ မြေဧရိယာ **(၂၃. ၈၃) ဧက**နှင့် ကွင်းအမှတ်/အမည် - (၆၀၉-အေ/ဖလမ်းကွင်း) မှ မြေဧရိယာ **(၅၂. ၁၂) ဧက၊ စုစုပေါင်းမြေဧရိယာ (၁၆၅. ၇၃) ဧက**ကို တစ်နှစ်လျှင် မြေငှားရမ်းခ **(၄၁၇,၁၂၆ ကျပ်)** နှုန်းဖြင့် **မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်**သို့ ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ - ၉ (ဂ) အရ နှစ် (၃၀) စက်မှု မြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

အမှတ် ၂၃၂/၂၀၁၃ ။ ။ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးလွင်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

အမှတ် ၃၄ ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေခဲ့သော ကြည်း-၃၆၆၀၂ ဗိုလ်ကြီးတင်ကိုဝင်းအား ပြန်ကြားရေးဝန်ကြီး

ဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဌာနခွဲမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

## ဝန်ကြီးရုံး

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

အမှတ် ၃၅ ။ ။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်ရုံး၊ စာတည်းဌာနမှ စာတည်း လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်ခင်ဝါဆွေအား စာတည်း (တာဝန်ခံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## ဝန်ကြီးရုံး

အမှတ် ၃၆ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေ (၂၃) နှင့် (၂၄) အရလည်းကောင်း ပြန်ကြားရေးဝန်ကြီး ဌာနသည် ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရခိုင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီကို ပြန်လည်ဖွဲ့စည်းလိုက်ပါသည် -

**ရခိုင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဦးမင်းချစ်ဦး<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယရဲမှူးကြီးအောင်ကျော်ဦး<br>ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | - | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်သန့်လွင်<br>ပြည်နယ်အခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | - | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးသန့်<br>ပြည်နယ်မန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | - | အဖွဲ့ဝင် |
| (င) | ဦးစံရွှေမောင်<br>ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ်ဥပဒေချုပ်ရုံး | - | အဖွဲ့ဝင် |
| (စ) | ဦးဝင်းမြိုင်<br>ပြည်နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | - | အဖွဲ့ဝင် |

**ရခိုင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(ဆ) ဦးဦးဘစော - အဖွဲ့ဝင်
ဥက္ကဋ္ဌ
ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ဇ) ဦးကျော်မျိုးဦး - အတွင်းရေးမှူး
ဌာနခွဲမှူး (လုပ်ငန်းစု)
မြန်မာ့ရုပ်ရှင်လုပ်ငန်း

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်သမ္မတရုံး**

**သမ္မတရုံးဝန်ကြီးဌာန (၂)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

အမှတ် ၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၃၇၄/၁၃၁/၂၀၁၃/တမ-၂ ကို ရည်ညွှန်းလျက် ယင်း၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၃) အရ နိုင်ငံတော်သမ္မတရုံး၊ ဝန်ကြီးဌာန (၂) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးအား ဤဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဦးစိုးမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သမ္မတရုံးဝန်ကြီးဌာန (၂)၊
နိုင်ငံတော်သမ္မတရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက် )

၂၀၁၃ ခုနှစ်၊ မေလ ၂ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်

အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆွမ္မရာမြို့နယ်ခွဲနှင့် ချင်းပြည်နယ်၊ ဆီမီးမြို့နယ်ခွဲတို့တွင် စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းစခန်းများအတွက် မြို့နယ်ခွဲ (၂) ရုံးအား (၁) ရုံးလျှင် အမှုထမ်းရာထူး (၉) နေရာစီဖြင့် စုစုပေါင်း အမှုထမ်းရာထူး (၁၈) နေရာ တိုးချဲ့ဖွဲ့စည်းလိုက်ခြင်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား အရာထမ်း ရာထူး (၅၀၃) နေရာ၊ အမှုထမ်းရာထူး (၁၄၇၅၆) နေရာ၊ စုစုပေါင်းရာထူး (၁၅၂၅၉) နေရာဖြင့် ပြင်ဆင် ဖွဲ့စည်းလိုက်သည်။

မြတ်ဟိန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုလိုက်သော ကြည်း-၅၅၇၀၆ ဗိုလ်ကြီးကျော်ကျော်ဝင်းအား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်းဝင် ဦးစီးအရာရှိ ရာထူးနေရာ တွင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၃) အရ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာမြတ်လွင်အား ယင်းဌာန၊ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ လက်ခံဆောင်ရွက်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် )

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့်

မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေကြောင်းယန္တရားဌာနတွင် လစ်လပ်လျက်ရှိသည် လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် လက်ထောက်ညွှန်ကြားရေးမှူး (ကုန်းပတ်) ရာထူးသို့ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် ဦးစီးအရာရှိ (ကုန်းပတ်) ဦးမျိုးမြင့်အား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၅/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူ ဆုံးဖြတ်ချက်အရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် ဦးစီးအရာရှိ (မိုး/ဇလ) ဦးကြည်လွင်အား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၆/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူ ဆုံးဖြတ်ချက်အရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ဖွဲ့စည်းပုံအသစ် ခွင့်ပြုချက်အရ လစ်လပ်လျက်ရှိသည့် ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဦးမောင်မောင်စိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ညွှန်ကြားရေးမှူး (စီမံ)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| ၂။ | ဦးချစ်ကျော်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ညွှန်ကြားရေးမှူး (မိုးလေဝသ)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၇/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူ ဆုံးဖြတ်ချက်အရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် ဒုတိယညွှန်ကြားရေးမှူး(စီမံ)ရာထူးသို့ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းအား အထူးကိစ္စတစ်ရပ်အနေဖြင့် ပညာအရည်အချင်း သတ်မှတ်ချက်ကို လျှော့ပေါ့၍ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၈/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူ ဆုံးဖြတ်ချက်အရ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား အထူးကိစ္စတစ်ရပ်အနေဖြင့် လက်ရှိရာထူး လုပ်သက်သတ်မှတ်ချက်ကို လျှော့ပေါ့၍ ဖွဲ့စည်းပုံအသစ်ခွင့်ပြုချက်အရ လစ်လပ်လျက်ရှိသည့် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်ခင်ဦးကြည်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ငွေစာရင်း)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၂။ | ဒေါ်တင်ရီ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (ဇလဗေဒ)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၃။ | ဒေါ်မေခင်ချော<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (စိုက်ပျိုးရေးမိုးလေဝသ)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၉/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့လေကြောင်းလေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနတွင် ဖွဲ့စည်းပုံအသစ်ခွင့်ပြုချက်အရ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာရာထူးသို့ စီးပွားရေးဌာနမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် မန်နေဂျာ (ပြည်ပ) ဦးမျိုးသူရ (လရ-၄၁၉၂) အား လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၀/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့လေကြောင်းစီးပွားရေးဌာနတွင် ဖွဲ့စည်းပုံအသစ်ခွင့်ပြုချက်အရ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာရာထူးသို့ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်မန်နေဂျာ ဦးဆန်နီဇော်ထွန်း (လရ-၂၃၄၄) အား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၁/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့လေကြောင်းပို့သန်းရေးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသည့် ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဦးလေးအောင် (လရ-၄၃၀၈)<br>ဒုတိယလေယာဉ်မှူးကြီး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | လေယာဉ်မှူး<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) |
| ၂။ | ဦးစိုးမိုးကျော် (လရ-၄၃၀၉)<br>ဒုတိယလေယာဉ်မှူးကြီး<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | လေယာဉ်မှူး<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၂/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင်လက်ထောက်ရေကြောင်းဌာနမှူးချုပ် (ချင်းတွင်း) ရာထူးသို့ ရေကြောင်းဌာနစု (ဧရာ) မှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် ရေယာဉ်စုအရာရှိ ဦးမြင့်ဆွေ (၈၁၆၅၅) အား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၃/၂၀၁၃)

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာပညာဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် ပါမောက္ခရာထူးသို့ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် တွဲဖက်ပါမောက္ခ ဒေါက်တာခင်ကြူကြူ အား ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ကမ်းနားနယ်မြေနယ်နိမိတ် သတ်မှတ်ကြေညာခြင်း

၁။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ပါ ကမ်းနားနယ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အလို့ငှာ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကမ်းနားနယ်မြေနယ်နိမိတ်ကို ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေ ရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန်အမြင့်ဆုံး ပုံမှန်ရေမြင့်အမှတ်ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကမ်းနားနယ်မြေနယ်နိမိတ်ကို ကမ်းနားနယ်အဖြစ် သတ်မှတ်လိုက်သည်။

၂။ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့်မြစ်ချောင်းဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်ချက်အရသော်လည်းကောင်း၊ ကမ်းနားနယ်မြေတွင် လက်ရှိနယ်နိမိတ်အတိုင်း အတာအရသော်လည်းကောင်း ထိုလုပ်ငန်းကိစ္စများအတွက် ကမ်းနားနယ်မြေနယ်နိမိတ်သည် ပို့ဆောင်ရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားသတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁ ရက် )

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်အား သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) (၂) ပါ ပြဋ္ဌာန်းချက်များ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခံစားစေကာ ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် )

## ချောင်းပုံကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ဌာန၊ ဝန်ကြီးသည် ၁၉၉၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်သည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ

ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ (၈) ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ အိုင်းမ (အနောက်) ကျေးရွာနှင့် ညောင်တွင်း(အနောက်)ကျေးရွာချင်းဆက်လမ်းအနောက်ဘက်၊ မြေစာရင်းကွင်းအမှတ် (၅၃၃၊၅၃၄) အင်ကြင်းပင်ကွင်း(ခန့်မှန်းမြေပုံအညွှန်းFU-၉၆၃၉၃၀)ချောင်းပုံကန်တောရကျောင်း ပတ်ဝန်း ကျင်ရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်း ကျရောက်နေသည့် အကျယ်အဝန်း ၅၄၅ ဧက (၀. ၈၅၁၅) စတုရန်းမိုင်ရှိ မြေကို သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ရန်အလို့ငှာ ချောင်းပုံကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်) မှစတင်၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ ချောင်းပုံကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ရည်ရွယ်သည့်နယ်နိမိတ်အလားအလာ -

မြောက်ဘက် ။ ။ ထန်းမချောင်းဖျား ခန့်မှန်းမြေပုံအညွှန်း (FU-၉၅၅၇၄၃) မှ အရှေ့ဘက်သို့ (၅) ဖာလုံခန့်လားရာ တောသွားလှည်းလမ်း ခန့်မှန်းမြေပုံအညွှန်း (FU-၉၆၀၇၄၃) အထိ၊ ၎င်းမှ လှည်းလမ်းအတိုင်း (၄) ဖာလုံခန့်လားရာ လှည်းလမ်းကွေ့ခန့်မှန်း မြေပုံအညွှန်း (FU-၉၆၂၇၄၀) အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ကြောရိုးအတိုင်း (၆) ဖာလုံခန့် ခန့်မှန်းမြေပုံအညွှန်း (FU-၉၇၀၇၄၀) အထိ။

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံအညွှန်း (FU-၉၇၀၇၄၀) မှ အရှေ့တောင်ဘက်သို့ ကြောအတိုင်း (၁) မိုင်ခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (FU-၉၇၅၇၃၄) အထိ။

တောင်ဘက် ။ ။ ထန်းမချောင်းဆုံမှ အနောက်တောင်ဘက်သို့ ကြောအတိုင်း (၁. ၁မိုင်) ခန့်လားရာ ခန့်မှန်းမြေပုံအညွှန်း (FU-၉၆၅၇၂၇) အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့် ကုန်းကြောအတိုင်းလားရာ တောသွားလှည်းလမ်းဆုံ ခန့်မှန်းမြေပုံအညွှန်း (FU-၉၅၅၇၃၁) အထိ။

အနောက်ဘက် ။ ။ တောသွားလှမ်းလမ်းဆုံမှ မြောက်ဘက်သို့ (၁. ၂) မိုင်ခန့်လားရာမှ မူလစတင်ရာ ထန်းမချောင်းဖျားရောက်သည့် ခန့်မှန်းမြေပုံအညွှန်း (FU-၉၅၅၇၄၃) အထိ။

## ၂။ တားမြစ်ချက်များ

ချောင်းပုံကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် တည်ထောင်ရန် ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် မြေအသုံးချမှုမှ အခြားမြေအသုံးချမှုသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲခြင်းမပြုရ၊

(ခ) ဘေးမဲ့တောနယ်မြေအတွင်း ရေ၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာကို ပျက်စီး စေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဂ) ဘေးမဲ့တောနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ် အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအပါအဝင် မည်သည့်တိရစ္ဆာန်ကိုမှ ဘေးမဲ့တောအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) ဘေးမဲ့တောဥယျာဉ်အတွင်းရှိ မည်သည့်သဘာဝအပင်ကိုမဆို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လယ်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) ဘေးမဲ့တောနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော် ဝင်ရောက်ခြင်း၊

(ဇ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသောနေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃။ **ပဏာမစိစစ်ရေးအဖွဲ့**

တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ (၈)၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ
မြိုင်မြို့နယ်၊ ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး

(ခ) ဦးစီးအရာရှိ၊ မြေစာရင်းဦးစီးဌာန အဖွဲ့ဝင်
မြိုင်မြို့နယ်၊ ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး

(ဂ) မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန အတွင်းရေးမှူး
မြိုင်မြို့နယ်၊ ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

### မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်မထိခိုက်စေသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (CDM) ဆိုင်ရာ အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့ - ဒီအင်အေ (DNA) ပြန်လည်ဖွဲ့စည်းခြင်း

၁။ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၀၆) ဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်မထိခိုက်စေသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် - စီဒီအမ် (Clean Development Mechanism - CDM) ဆိုင်ရာ အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့ - ဒီအင်အေ (Designated National

Authority - DNA) ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁၃ (၁)/ ၇/သမ္မတရုံးဖြင့် ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးဝင်းထွန်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ခ) ဒေါက်တာသက်သက်ဇင် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဂ) ဦးအုန်းသန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဦးဟံစိန် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(င) ဦးမြင့်ဇော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(စ) ဦးအောင်ထူး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(ဆ) ဦးမျိုးအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ဇ) သူရဦးသောင်းလွင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဈ) ဒေါက်တာဇော်မင်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ည) ဦးသန်းကျော်ထူး — အဖွဲ့ဝင်
အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဋ) ဦးကျော်စိုး — အဖွဲ့ဝင်
အတွင်းရေးမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဌ) ဦးစန်းမောင် — အဖွဲ့ဝင်
အတွင်းရေးမှူး
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍ) ဒေါက်တာညီညီကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

(ဎ) ဦးနေအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဏ) ဦးတင်ထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန

၂။ အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) CDM လုပ်ငန်းစီမံကိန်းတစ်ခုသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြု/မပြု အကဲဖြတ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာကောင်းကျိုး (Environmental Well-being)၊ စီးပွားရေးဆိုင်ရာကောင်းကျိုး (Economic Well-being)၊ လူမှုရေးဆိုင်ရာကောင်းကျိုး (Social Well-being) နှင့် နည်းပညာဆိုင်ရာကောင်းကျိုး (Technological Well-being) စသည့် အချက် (၄) ချက်ဖြင့် စစ်ဆေးနိုင်ရေးအတွက် စံချိန်စံညွှန်းများ (Criteria and Indicators) သတ်မှတ်ပေးရန်၊

(ခ) CDM လုပ်ငန်းစီမံကိန်းများ လျှောက်ထားနိုင်ရေးအတွက် လုပ်ငန်းစဉ်များ သတ်မှတ်ပေးရန်၊

(ဂ) CDM Project Design Document - PDD များကို စိစစ်နိုင်ရန်နှင့် နည်းပညာရပ်ဆိုင်ရာ အကြံဉာဏ်ပေးနိုင်ရန်အတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရန်နှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ပေးရန်၊

(ဃ) CDM လုပ်ငန်းစီမံကိန်းများအကြောင်း သတင်းအချက်အလက်မျှဝေခြင်း၊ အသိပညာပေးခြင်း ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဖြစ်နိုင်ခြေရှိသော လုပ်ငန်းနယ်ပယ်များကို ရှာဖွေဖော်ထုတ် ပေးရန်၊

(င) CDM လုပ်ငန်းစီမံကိန်းဆိုင်ရာ အဆိုပြုတင်ပြချက်များအပေါ် လက်ခံစဉ်းစား၍ CDM လုပ်ငန်း စီမံကိန်းအဖြစ် သတ်မှတ်ပေးရန်၊

(စ) အဆိုပြု CDM Project Design Document - PDD နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာလုပ်ငန်း အဖွဲ့မှ သဘောထားမှတ်ချက်တင်ပြခြင်းအပေါ် အတည်ပြုရန်နှင့် Letter of Approval ထုတ်ပေးရန်၊

(ဆ) လက်ခံအတည်ပြုပြီးသော CDM လုပ်ငန်းစီမံကိန်းအဆိုပြုလွှာများနှင့် Letter of Approval ကို ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း အတွင်းရေးမှူးရုံးအဖွဲ့မှတစ်ဆင့် ကွန်ဗင်းရှင်းအမှုဆောင်ဘုတ်အဖွဲ့သို့ ပေးပို့ရန်၊

(ဇ) CDM လုပ်ငန်းစီမံကိန်းများကို စီမံခန့်ခွဲရန်နှင့် ကြီးကြပ်စစ်ဆေးရန်၊

(ဈ) CDM လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ကြီးဌာန/အဖွဲ့အစည်းများ အကြား ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ည) ပုဂ္ဂလိကကဏ္ဍမှ CDM Project Design Document - PDD များ ရေးဆွဲနိုင်ရေးအတွက် ကူညီ ပံ့ပိုးပေးရန်၊

(ဋ) Carbon Credit Trading ကို စီမံခန့်ခွဲရန်၊

(ဌ) အမျိုးသားစီမံအုပ်ချုပ်ရေးအဖွဲ့၏ ရုံးအဖွဲ့ သတ်မှတ်ပေးရန်။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက် )

အမှတ် ၀၉၇/၂၀၁၃ ။ ။ ဤရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၀၉၀/၂၀၁၃) အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

အမှတ် ၀၉၈/၂၀၁၃ ။ ။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန၊ လိုင်းများ ဌာနခွဲမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း အင်ဂျင်နီယာမှူးကြီး ဦးအုန်းဇော်အား လက်ရှိ ဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်း ဒုတိယအင်ဂျင်နီယာချုပ် ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၀၉၉/၂၀၁၃ ။ ။ ဤရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၀၉၂/၂၀၁၃) ပါ အမှတ်စဉ် (၂) အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

အမှတ် ၁၀၀/၂၀၁၃ ။ ။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းငွေအား လက်ရှိရာထူးအဆင့်ဖြင့်ပင် လစ်လပ်လျက်ရှိသော ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ အထွေထွေစီမံရေးဌာနခွဲသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၃)**

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၏ တိုင်းလျှပ်စစ်အင်ဂျင်နီယာအား ဒုတိယအင်ဂျင်နီယာချုပ်ရာထူးအဆင့်မှ အင်ဂျင်နီယာချုပ်ရာထူးအဆင့်သို့ လည်းကောင်း၊ ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာအား အင်ဂျင်နီယာမှူးကြီးရာထူးအဆင့်မှ ဒုတိယ အင်ဂျင်နီယာချုပ်ရာထူးအဆင့်သို့လည်းကောင်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစ၍ တိုးမြှင့် ဖွဲ့စည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၃)**

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၂) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး လက်အောက်ရှိ ယခင်ဖွဲ့စည်းထားသော နေပြည်တော်မြို့ရုံး (၁)၊ နေပြည်တော်မြို့ရုံး (၂) နှင့် ကျည်တောင်ကန်မြို့ ရုံး (၃) ရုံးအပါအဝင် ၎င်းမြို့ရုံး(၃)ရုံးရှိ အရာထမ်းရာထူး (၂)နေရာ၊ အမှုထမ်းရာထူး (၁၁၁) နေရာ၊ စုစုပေါင်းရာထူး (၁၁၃) နေရာတို့အား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၃)

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးလက်အောက်ရှိ ဆွမ္မရာမြို့နယ်ခွဲအား အမှုထမ်း (၅) နေရာဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစ၍ အသစ်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၃)

၂၀၁၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၂) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ် (၆) ရုံအား၊ (၁) ရုံလျှင် အရာထမ်းရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၁၈) နေရာ၊ ပေါင်း (၁၉) နေရာစီဖြင့် အရာထမ်း (၆) နေရာ၊ အမှုထမ်း (၁၀၈) နေရာ စုစုပေါင်း (၁၁၄) နေရာကိုလည်းကောင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ် (၁၂) ရုံအား (၁) ရုံလျှင် အမှုထမ်းရာထူး (၁၀) နေရာစီဖြင့် စုစုပေါင်း အမှုထမ်း (၁၂၀) နေရာကိုလည်းကောင်း ၂၀၁၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှစ၍ အသစ်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၆/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သော ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်တင့်အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အင်ဂျင်နီယာထောက်ကူဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းတူ အင်ဂျင်နီယာမှူးကြီးရာထူးနေရာသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

အမှတ် ၀၃၁ ။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေဝင်းအား ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး (စီမံ-၃) ရာထူးနေရာသို့ လက်ရှိ ရာထူး/လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## ဝန်ကြီးရုံး

အမှတ် ၀၃၂ ။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၃) ၏သဘောတူဆုံးဖြတ်ချက်အရ ၎င်းတို့အမည်နှင့်ယှဉ်တွဲပါ ဌာနခွဲ/တည်ဆောက်ရေး များသို့ လက်ရှိရာထူး လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်/ရာထူး | လက်ရှိရုံး | ပြောင်းရွှေ့တာဝန်ချထားမည့်ရုံး |
|---|---|---|---|
| (၁) | ဦးမင်းဇော်<br>ဦးစီးအရာရှိ (မြို့ပြ) | လ/ထ ညွှန်ကြားရေးမှူး (မြို့ပြ-၂) ရုံး<br>အမှတ် (၂) တည်ဆောက်ရေး<br>မိုးမိတ်မြို့ | ပစ္စည်းဖြည့်တင်းရေးဌာနခွဲ<br>နေပြည်တော် |
| (၂) | ဦးသိန်းနိုင်<br>ဦးစီးအရာရှိ (မြို့ပြ) | လ/ထ ညွှန်ကြားရေးမှူး (မြို့ပြ-၃) ရုံး<br>ထိန်းသိမ်းရေးဌာနခွဲ<br>အေးသာယာမြို့ | လ/ထ ညွှန်ကြားရေးမှူး (မြို့ပြ-၁) ရုံး<br>အမှတ် (၁) တည်ဆောက်ရေး<br>ပျဉ်းမနားမြို့ (ပေါင်းလောင်း) |

ခင်မောင်စိုး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ပြုပြင်ပြောင်းလဲမှုလေ့လာသုံးသပ်ရေးအဖွဲ့ (Working Group) ဖွဲ့စည်းခြင်း

အမှတ် ၅ ။ ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူနှင့်ထိတွေ့ဆက်ဆံနေရသော လုပ်ငန်းနယ်ပယ်အလိုက် စိစစ်လုပ်ဆောင်သွားရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီး ဌာန၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ပြုပြင်ပြောင်းလဲမှုလေ့လာသုံးသပ်ရေးအဖွဲ့ (Working Group) အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးခင်မောင်မြင့် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ခ) ဦးအေးလွင် — ဒုတိယဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်သူ့အင်အားဦးစီးဌာန

(ဂ) ဦးကျော်မြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဃ) ဒေါ်ခင်ခင်ညို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန

(င) ဒေါက်တာခိုင်ခိုင်စိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန

(စ) ဦးငွေဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဆ) ဦးအောင်သီဟ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဇ) ဦးဇော်ဝင်းမြင့် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဈ) ဒေါက်တာညီညီ — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန

ဝန်ကြီးဌာန Working Group အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) Public Relation အဖွဲ့ငယ်များကို စေလွှတ်၍ လူထုနှင့်ထိတွေ့စေလျက် လူထု၏ဆန္ဒသဘောထား စစ်တမ်းကောက်ယူစေခြင်း၊ မိမိဌာနအား လူထုက မည်သို့မြင်သည်ကို လေ့လာစေပြီး ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်စေပြီး စိစစ်ချက်၊ အကြံပြုချက်များ၊ သုံးသပ်ချက်များကို Working Group သို့ ပေးပို့စေခြင်းများ ဆောင်ရွက်ရမည်။

(ခ) လူထုနှင့်ထိတွေ့ဆက်ဆံနေရသော မိမိတို့ဌာနများသည် တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ဆန်းစစ်ခံနိုင်မှုအရည်အသွေးရှိလာပြီး လုပ်ငန်းများအား အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးသည့် လူထုနှစ်ခြိုက်သော ဌာနကြီးတစ်ခုဖြစ်ရန် နည်းလမ်းစုံအသုံးပြု၍ အစွမ်းကုန်ဆောင်ရွက်ပေးရမည်။

(ဂ) Working Group မှ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ပြုပြင်ရန်၊ အချိန်လျှော့ချရန်၊ လုပ်ငန်းအဆင့်ဆင့်လျှော့ချရန်နှင့် မလိုအပ်သော အပိုငွေကြေးကုန်ကျနေမှုများအား လေ့လာသုံးသပ်ပြီး ဝန်ကြီးဌာနစီမံခန့်ခွဲမှုကော်မတီ (EC) သို့ တင်ပြပေးရမည်။

(ဃ) Working Group မှ လေ့လာသုံးသပ်တွေ့ရှိချက်များအား ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြရမည်။

(င) Public Relation အဖွဲ့ငယ်များ၏ လုပ်ငန်းစဉ်များ၊ လုပ်ငန်း/ဌာနအဆင့် Working Group များ၏ လုပ်ငန်းစဉ်များကို ချမှတ်ပေးရမည်ဖြစ်ပြီး လိုအပ်ပါက ရက်တိုသင်တန်းပေးခြင်းများကိုပါ ဆောင်ရွက်ရမည်။

(စ) အဂတိလိုက်စားမှုပပျောက်ရေးအတွက် ပြစ်မှုကျူးလွန်သူဝန်ထမ်းများ ဖော်ထုတ်အရေးယူနိုင်ရေးအတွက် စုံစမ်းခြင်း၊ သတင်းရယူခြင်း၊ စစ်ဆေးဖော်ထုတ်ခြင်းနှင့် ထိရောက်ဟန့်တား ပြစ်ဒဏ်ချမှတ်အရေးယူခြင်း စသည်ဖြင့် ဝန်ထမ်းပိုင်းဆိုင်ရာ Mind Set များ လူထုအကျိုးပြုအမြင်ဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရမည်။

(ဆ) ပြည်သူတို့အတွက် ဌာနမှဖြေလျှော့နိုင်သည့် အချက်များရှိပါက ဖြေလျှော့ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဇ) မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို ပြင်ဆင်ရန်လိုအပ်ပါက Working Group သည် ပြည်ထောင်စုဝန်ကြီးထံသို့ တိုက်ရိုက်တင်ပြလမ်းညွှန်မှု ခံယူရမည်။

## ပြည်ထောင်စုဝန်ကြီးရုံး

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးဌာနစိတ် (Public Relation) ဖွဲ့စည်းခြင်း

အမှတ် ၆ ။ ။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများမေးမြန်းစုံစမ်းနိုင်ရန်နှင့် အခက်အခဲများ လက်ခံဖြေကြားရှင်းလင်းပေးနိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးဌာနစိတ် (Public Relation) အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးခင်မောင်မြင့် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ခ) ဦးစိုးမြင့်ခိုင် — အဖွဲ့ဝင်
ဦးစီးအရာရှိ
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဂ) ဦးဇော်ဝင်းထွန်း — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဃ) ဦးစိုင်းဘမင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ဝန်ကြီးဌာန Public Relation အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်သူများမေးမြန်းစုံစမ်းနိုင်ရန်နှင့် အခက်အခဲများ လက်ခံဖြေကြားရှင်းလင်းပေးနိုင်ရန်အတွက် Inquiry Point များ ဆောင်ရွက်ထားရှိရမည်။

(ခ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲအဖြတ်အဖွဲ့မှ ရရှိလာသော သတင်းအချက်အလက်များအား အီးမေးလ်ဖြင့် လက်ခံရယူရမည်။

(ဂ) ပြည်သူများမှ တိုက်ရိုက်ပေးပို့သော သတင်းအချက်အလက်များအား စာ၊ ဖက်စ်၊ အီးမေးလ်မှ လက်ခံရယူရမည်။

(ဃ) ပြည်သူများမှ ပေးပို့လာသည့် အချက်အလက်များအား ပြန်လည်စိစစ်ခြင်း၊ စိစစ်တွေ့ရှိချက်များအား ပြုပြင်ပြောင်းလဲမှု လေ့လာသုံးသပ်ရေးအဖွဲ့ (Working Group) သို့ တင်ပြရမည်။

(င) ဌာနမှ ဆောင်ရွက်မှုများအား လုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုသိရှိစေရန်အတွက် သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ဝက်ဘ်ဆိုဒ်များ၌ ထည့်သွင်းကြော်ငြာပေးရမည်။

ခင်ရီ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူညီချက်အရ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုထိရောက်မြန်ဆန်စေရန် ရည်ရွယ်၍ ယခင်ဖွဲ့စည်းထားသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန **အလုပ်အမှုဆောင်ကော်မတီကို** အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သည့် **စီမံခန့်ခွဲရေးကော်မတီအဖြစ်** ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးဌာန<br>ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စားသုံးသူရေးရာဌာန
ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံ/စာရင်းအင်းဌာန
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

(၁၀) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်မှုဌာန
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

(၁၁) ရုံးအဖွဲ့မှူး အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ စာအမှတ် ၁၀၅ (၁)/၈/သမ္မတရုံးအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) ဦးတိုးအောင်မြင့် [၁၂/သဃက (နိုင်) ၀၁၃၀၀၆] အား ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစတင်၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် အစမ်းခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါ စာအမှတ် ၁၀၅ (၁)/၈/သမ္မတရုံးအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး [၁၂/ဒဂန (နိုင်) ၀၁၀၅၅၁] အား ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစတင်၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် အစမ်း ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စိုး [၉/မနမ (နိုင်) ၀၉၂၀၄၀] အား ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့်

ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစတင်၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၅) ဦးအား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးမြင့်ကျော် ၁၂/ဗဟန (နိုင်) ၀၃၆၈၈၁
(ခ) ဒေါ်ကြည်မာ ၅/တဆန (နိုင်) ၀၅၇၇၁၉
(ဂ) ဦးဝင်းလွင် ၁၂/ဗဟန (နိုင်) ၀၈၉၈၆၅
(ဃ) ဦးသောင်းနိုင် ၁၃/ရငန (နိုင်) ၀၀၁၁၀၂
(င) ဦးသိန်းထွန်းဦး ၉/လဝန (နိုင်) ၀၀၈၉၂၆

(ပုံ) ဝင်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**အားကစားဝန်ကြီးဌာန**
**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၃)**
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၉ ရက် )

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနများမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးအား (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ-၂ တွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည် | ရာထူး | ဌာန |
|---|---|---|---|
| ၁။ | ဦးမိုးကျော်အောင် | ဦးစီးအရာရှိ | ပေါက်ခေါင်းမြို့နယ် ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဒေါ်သန္တာဝင်း | ဦးစီးအရာရှိ | တောင်သာမြို့နယ် မန္တလေးတိုင်းဒေသကြီး |

ဦးတင့်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

အမှတ် ၅ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ဒုတိယရုံးအဖွဲ့မှူး (ညွှန်ကြားရေးမှူး) ရာထူးမှ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးကို ကျော်ထောက်နောက်ခံပြု၍ ရုံးအဖွဲ့မှူး၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်စေသည့် ဦးဝေလွင်ဦးသည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှ စတင်ထမ်းဆောင်သည်။

အမှတ် ၆ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ အမှတ် (၂) အခြေခံပညာဦးစီးဌာန၊ ကယားပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး (ဝန်ကြီးတွဲဖက်) ညွှန်ကြားရေးမှူးရာထူးမှ ပညာရေးဝန်ကြီးဌာန၊ ဒုတိယရုံးအဖွဲ့မှူးရာထူးသို့ ပြောင်းရွှေ့ခန့်ထားခဲ့သည့် ဦးသန့်ဇင်ထွန်းသည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစတင် ထမ်းဆောင်သည်။

ဒေါက်တာမြအေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၃) မှ သဘောတူညီချက်အရ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) ဒေါက်တာဦးတိုးလွင်အား ၂၀၁၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့၊ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၆၀,၀၀၀/-) ဖြင့် တစ်နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက် )

၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၃) မှ သဘောတူညီချက်အရ ကျန်းမာရေး

ဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရင်ခေါင်းခွဲစိတ်ကုဌာနမှ ပါမောက္ခ/ဌာနမှူး (ရင်ခေါင်းခွဲစိတ်) (အငြိမ်းစား) ဒေါက်တာဦးမောင်မောင်ခင်အား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၆၀,၀၀၀/-) ဖြင့် ဒုတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၃

၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၃) မှ သဘောတူညီချက်အရ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ဒေါက်တာဦးဟန်ဋ္ဌေးအား ၂၀၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၆၀,၀၀၀/-) ဖြင့် ဒုတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက် )

အမှတ် ၉ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၃) ဆုံးဖြတ်ချက်အရ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာရီရီမြင့် (ဆမ-၁၁၉၆၀) အား ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) သို့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားပြီး ခေတ္တညွှန်ကြားရေးမှူးချုပ်၏တာဝန်ဝတ္တရားများကို ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာဖေသက်ခင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သတ္တုတွင်းဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် )

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအား စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော သတ္တုတွင်းဝန်ကြီးဌာန၊ **အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီ**ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
သတ္တုတွင်းဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမှတ် (၁) သတ္တုတွင်းလုပ်ငန်း

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမှတ် (၂) သတ္တုတွင်းလုပ်ငန်း

(င) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမှတ် (၃) သတ္တုတွင်းလုပ်ငန်း

(စ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

(ဈ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ည) ရုံးအဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
ဝန်ကြီးရုံး

၂။ ဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် ၎င်း၏ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများတွင် သက်ဆိုင်ရာလုပ်ငန်းတာဝန်အသီးသီးကို ပါဝင်ဆောင်ရွက်ရာ၌ လိုအပ်သည်များ ညှိနှိုင်းတင်ပြဆောင်ရွက်သွားရန်။

(ခ) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သော သဘာဝဘေးအန္တရာယ်လျှော့ပါးရေး ဆောင်ရွက်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန် ဆောင်ရွက်မှု၊ ကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဂ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကျရောက်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများကို ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များ အောက်ခြေအဆင့်အထိ ကြိုတင်သိရှိဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများအနေဖြင့် စက်ရုံအလုပ်ရုံများ သတ္တုလုပ်ကွက်များသို့ သွားရောက်ပြီး သဘာဝဘေးကျရောက်လာပါက အကာအကွယ်များ ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ်ရန်။

(င) အခါအားလျော်စွာ ထုတ်ပြန်သည့် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ရန်၊ သဘာဝဘေးကြိုတင်ခန့်မှန်းချက်၊ ကြိုတင်သတိပေးချက် ရရှိလာချိန်တွင် အောက်ခြေအဆင့်ထိ အချိန်မီ ဆက်လက်အသိပေးနိုင်ရေး စီမံဆောင်ရွက်ရန်။

(စ) သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကျရောက်သည့်ဒေသများသို့ သက်ဆိုင်ရာ ဦးစီးဌာန/ လုပ်ငန်းတို့မှ တာဝန်ရှိသူများ အမြန်ဆုံးသွားရောက်ပြီး လိုအပ်သည့် ကူညီဆောင်ရွက်မှုများ ပေးနိုင်ရေး ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ လုံခြုံရေး၊ ဖြစ်ပွားမှု အခြေအနေနှင့် ပျက်စီးမှုသတင်းရယူရေးတို့ကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်နိုင်ရေး အတွက် အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၃/၂၀၁၂) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက် )

### တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် တင်ဒါစနစ်ရွေးချယ်ရာတွင် စနစ်တကျမှန်မှန်ကန်ကန်ဖြင့် ပွင့်လင်း မြင်သာမှုရှိစေရန်အတွက် **"သတ္တုတွင်းဝန်ကြီးဌာန၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အတွင်းရေးမှူး |

(ည) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
သတ္တုတွင်းဦးစီးဌာန

၂။ အထက်ပါကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၁/၂၀၁၃) ဖြင့် ညွှန်ကြားထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့် ပြုရာတွင် လိုက်နာရမည့် တင်ဒါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

ဒေါက်တာမြင့်အောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သတ္တုတွင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (ရန်ကုန်) မှ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးကိုကိုနိုင်အား (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၊ အနုပညာဦးစီးဌာန၊ နေပြည်တော်၌ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပူးတွဲတာဝန် ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်အား အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစီးအရာရှိ (စာကြည့်တိုက်) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတူ လစာနှုန်းတူဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၅၇၇/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) ကို ရည်ညွှန်းလျက် ပြည်ထဲရေး ဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) တိုင်းအုပ်ချုပ်ရေးမှူး ဦးယုလွင်အား ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနရှိ လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးနေရာတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှ စ၍ လစာနှုန်းတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးယုလွင် အား ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်တာဝန် ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂)၂၀၁၃ ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့သည့် အမှတ် (၂၄၆) ခြေလျင် တပ်ရင်းမှ ကြည်း-၄၁၃၆၃ ဗိုလ်ကြီးဟိန်းလတ်စိုးအား အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ သင်တန်းရေးရာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) လက်ထောက်မော်ကွန်းထိန်းရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ ခန့်ထားလိုက်သည်။

အေးမြင့်ကြူ

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၆၇၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

၁။ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ ရာနှုန်းပြည့် အစုရှယ်ယာထည့်ဝင်မှုဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၏ အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန် သို့မဟုတ် အမြတ်ခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁၂၅/၉၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈၆၅/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၃ အရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမင်းထွဋ်သည် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများအား ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈၆၆/၂၀၁၃

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၃ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများအား ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည်။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၆)၊ မြိတ်မှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ကိုယ်ပိုင်အမှတ်၊ ဆ/၁၄၇၉ ဒုတိယ

အင်ဂျင်နီယာမှူးကြီး (မြို့ပြ) ဦးကျော်စွာထွန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ယာယီအစီအစဉ်အရ တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံ ဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အင်ဂျင်နီယာမှူး (မြို့ပြ) (၂) ဦးအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| **စဉ်** | **အမည်/ ကိုယ်ပိုင်အမှတ်** | **လက်ရှိနေရာ** | **ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရမည့်နေရာ** |
|---|---|---|---|
| (က) | ဦးငွေအောင် ဆ/၁၇၈၉ | အထူးစီမံကိန်းကြီးအဖွဲ့ (၃) ပခုက္ကူ | အထူးစီမံကိန်းကြီးအဖွဲ့ (၅) ညောင်တုန်း |
| (ခ) | ဒေါ်သစ်သစ်အောင် ဆ/၁၂၃၀ | အထူးစီမံကိန်းကြီးအဖွဲ့ (၅) ညောင်တုန်း | အထူးစီမံကိန်းကြီးအဖွဲ့ (၃) ပခုက္ကူ |

၂။ လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံ ဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) (၂) ဦးအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| **စဉ်** | **အမည်/ ကိုယ်ပိုင်အမှတ်** | **လက်ရှိနေရာ** | **ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရမည့်နေရာ** |
|---|---|---|---|
| (က) | ဦးငွေအောင် ဆ/၁၈၆၀ | အမရပူရမြို့နယ် | ဥတ္တရသီရိမြို့နယ် |
| (ခ) | ဦးမောင်မောင်သန်း ဆ/၂၂၄၄ | ကောလင်းမြို့နယ် | လမ်းအထူးအဖွဲ့(၁၀) ဖောင်းပြင် |

၂။ လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံ ဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ အင်ဂျင်နီယာမှူးကြီးရုံးမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ကိုယ်ပိုင်အမှတ်၊ ဆ/၁၃၁၉၊ အင်ဂျင်နီယာမှူး (မြို့ပြ) ဦးဝင်းမြင့်အား တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၆)၊ မြိတ်တွင်

လုပ်ငန်းလိုအပ်ချက်အရ ဒုတိယအင်ဂျင်နီယာမှူးကြီး၏ တာဝန်ဝတ္တရားများကို တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံ ဆောင်ရွက်ရန် ဖြစ်ပါသည်။

ကျော်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

အမှတ် ၁ ။ ။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၃) ဆုံးဖြတ်ချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကေသီကျော် လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အား လူမှုဝန်ထမ်းဦးစီးဌာန၌ လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက် )

အမှတ် ၂ ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံးမှ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး(၁၃ ထ/၂) ၂၀၁၃ ဖြင့် ဤဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေသည့် ကြည်း ၄၇၁၁၆ ဗိုလ်ကြီးနေဝင်းအား တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစီးအရာရှိအဖြစ် ခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက် )

အမှတ် ၃ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၃) ဆုံးဖြတ်ချက်အရ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး

ဦးအောင်ခိုင် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၌ လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## ပြည်ထောင်စုဝန်ကြီးရုံး

အမှတ် ၄ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၃) ဆုံးဖြတ်ချက်အရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ညှိနှိုင်းဆောင်ရွက်ရေးနှင့်သုတေသန) ဦးချမ်းဟရဲ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (ကယ်ဆယ်ရေး) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာ၌ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၄၅၄/၃၅၆-ဖွဲ့စည်း/အဖရ (၂၀၁၁) အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်များ၊ သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် ပြည်သူများအတွက် မှန်ကန်ပြီးအကျိုးရှိမည့် လုပ်ငန်းစဉ်များကို သတင်းထုတ်ပြန်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၈၁/၂၀၁၂) ဖြင့် ဖွဲ့စည်းထားသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | ရာထူး/ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာဇော်မင်းအောင် | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာအောင်ကျော်မြတ် | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး/ဌာန | တာဝန် |
|---|---|---|---|
| (ဂ) | ဦးကျော်စွာစိုး | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းခိုင်မိုး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်<br>နည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာဇော်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဝင်းမော်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာခင်မောင်လတ် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာစိုင်းကျော်နိုင်ဦး | ရုံးအဖွဲ့မှူး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ ကာလတို၊ ကာလရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေမှုများ၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် နိုင်ငံတော်အတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင် များ မွေးထုတ်နေမှုများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများကို ပြည်သူများ စိတ်ဝင်စားမှုရှိလာစေရန်အတွက် မှန်ကန်ပြီး အကျိုးရှိမည့်သတင်းများကို လက်ဦးမှုရရှိအောင် ထုတ်ပြန်ပေးရန်။

(ခ) မီဒီယာလုပ်ငန်းများ၌ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအပေါ် သုံးသပ်၍ ကြိုတင်ဆောင်ရွက်သင့်သည့် Pro-Active Media ကို အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်သင့်သည်များကို နိုင်ငံတော်အဆင့်ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့သို့ သတင်းအချက်အလက် (Data) များပေးရန်နှင့် ဆန့်ကျင်ဘက်အဖွဲ့ အစည်းများ၏ထိုးနှက်ချက်များကို (Re-active) လုပ်နိုင်ရန် စသည့် လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးပေးရန်။

(ဂ) ပြည်သူများ စိတ်ဝင်စားမည့် နိုင်ငံတော်အကျိုးပြု ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် အောင်မြင် ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်နေမှုများကို ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့သွားကြရန်။

(ဃ) သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ပေးရန်။

(င) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်မှုလုပ်ငန်းများတွင် အချက်အလက်မေးမြန်း နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးနှင့် လိုအပ်သလို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သွားရန်။

၃။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်စွဲပါ စာအမှတ်၊ သပန၊ ၁-၈ (၄၂)/၂၀၁၂ (၁၆၄၉၉) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာ (၁၀၆/၂၀၁၃)**
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် )

၁။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အဟန့်အတားဖြစ်စေသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာစေရန်၊ ဆုံးရှုံးနိုင်ခြေလျော့ပါးရေးအစီအစဉ်များ ကြိုတင်ဆောင်ရွက်နိုင်ရန်၊ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုများ လျင်မြန်စနစ်ကျစေရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ စနစ်တကျလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်တို့အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာသုတေသနဦးစီးဌာန(မြို့င်) | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားဓာတ်ခွဲခန်း | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီးမှတာဝန်ပေးအပ်သူများ | အဖွဲ့ဝင် |
| (ဍ) | ရုံးအဖွဲ့မှူး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **သာမန်အချိန်**

(၁) မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရမည်။

(၂) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးအတွက် လမ်းညွှန်မှုပေးရမည်။

(၃) ဝန်ကြီးဌာန သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းစဉ်များကို အတည်ပြုရပါမည်။ ဦးစီးဌာန/တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်း သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းစဉ်များကို စိစစ်၍ အတည်ပြုရပါမည်။

(၄) သဘာဝဘေးဆိုင်ရာလုပ်ငန်းများတွင် အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာများ ထိရောက်စွာပံ့ပိုးခြင်းတို့ ဆောင်ရွက်ရမည်။

(၅) ဦးစီးဌာန/တက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများ တည်ရှိရာ ဒေသအပေါ် မူတည်၍ သဘာဝဘေးအန္တရာယ်အမျိုးမျိုးအလိုက် စီမံခန့်ခွဲရေးစီမံချက်များ ရေးဆွဲရန် ကြီးကြပ်ကွပ်ကဲရမည်။

(၆) အရေးပေါ်ကာလများတွင် လိုအပ်မည့် ရိက္ခာ၊ ရေ အဝတ်အထည်၊ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား စုဆောင်းနိုင်ရန် လိုအပ်သော ညွှန်ကြားချက်များ ကြိုတင်ချမှတ်ထားရမည်။

(၇) သဘာဝဘေးအန္တရာယ်များကျရောက်နိုင်သော ဒေသအလိုက် သက်ဆိုင်ရာ သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အဦများ ဖြစ်စေရေးအတွက် ပုံမှန်ပြင်ဆင်ထိန်းသိမ်းရေး၊ ခိုင်ခန့်မှုရှိစေရေး၊ ဘေးကင်းရေးအတွက် လိုအပ်သော ညွှန်ကြားချက်များ ကြိုတင်ချမှတ်ထားရမည်။

(၈) သဘာဝဘေးအန္တရာယ်အမျိုးမျိုးအလိုက် ဘေးအန္တရာယ်တို့၏ သဘောသဘာဝ၊ ပျက်စီးမှုနှုန်းနှင့် ဆောင်ရွက်သင့်သည့်အချက်များအား ကြိုတင်အသိပညာပေးထားရမည်။

(၉) သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် သိပ္ပံနှင့်နည်းပညာကဏ္ဍပေါင်းစုံမှ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

(ခ) **နှိုးဆော်မှုနှင့်သတိပေးမှုအဆင့်**

(၁) ရရှိလာသော သတင်းနှင့် သတိပေးချက်များအား သက်ဆိုင်ရာဒေသများရှိ လက်အောက်ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ ထပ်ဆင့်အသိပေးရမည်။

(၂) သဘာဝဘေးဒဏ်ခံနိုင်ရန် လိုအပ်သော ပြင်ဆင်မှုများ ညွှန်ကြားခြင်း၊ ဖြည့်ဆည်းပံ့ပိုးမှုများဆောင်ရွက်ခြင်း၊ လိုအပ်ပါက ဘေးကင်းသည့်နေရာ/ဒေသများသို့ ရွှေ့ပြောင်းစေခြင်းတို့အပြင် လုပ်ငန်းကော်မတီများ၏ တင်ပြချက်များကို စိစစ်၍ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

(ဂ) **သဘာဝဘေးကျရောက်သည့်အဆင့်**

(၁) အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သဘာဝဘေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်း အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး စီစဉ်ရမည်။

(၂) ကျရောက်နေသည့် သဘာဝဘေး၏ အခြေအနေကို စဉ်ဆက်မပြတ် ထောက်လှမ်းစောင့်ကြည့်ကာ ဖြစ်ပေါ်နေသောအခြေအနေများကို ကျရောက်သောဒေသများရှိ လက်အောက်ဌာနများအား အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားမှုများ လိုအပ်သလို ပြုလုပ်ဆောင်ရွက်ရမည်။

(၃) လက်အောက်ဌာနများသို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားလိုအပ်သော ဖြည့်ဆည်းပံ့ပိုးမှုများ ဆောင်ရွက်ခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ကူညီထောက်ပံ့ခြင်း၊ လုပ်ငန်းကော်မတီများ၏ တင်ပြချက်များကို စိစစ်၍ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး စီစဉ်ရမည်။

(ဃ) **ပြန်လည်ထူထောင်မည့်အဆင့်**

(၁) အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် နည်းပညာအကူအညီများ ပေးနိုင်ရေး စီစဉ်ရမည်။

(၂) သဘာဝဘေးကြောင့် လူ/ပစ္စည်း/အဆောက်အဦ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်သည့် လုပ်ငန်းကော်မတီအသီးသီးသို့ စနစ်တကျကောက်ယူမှတ်တမ်းပြုစုစေကာ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေး ဆောင်ရွက်ရမည်။

(၃) အရေးပေါ်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်သော ပံ့ပိုးပေးမှုများ ပြုလုပ်ပေးခြင်း၊ လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြချက်များအား စိစစ်၍ ညွှန်ကြားပေးခြင်း၊ ပညာသင်ကြားရေး ရေရှည်ထိခိုက်မှု မရှိစေရန် သင့်လျော်သောအစီအစဉ်များ ချမှတ်ခြင်းတို့ ဆောင်ရွက်ရမည်။

၃။ အဆိုပါကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပြီး ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများအနေဖြင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ခေတ္တကျောင်းအုပ်ကြီးများမှ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာဌာနအသီးသီးမှ အကြီးအကဲများသည် အဖွဲ့ဝင်အဖြစ် ပါဝင်သော သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီများ ဆက်လက်ဖွဲ့စည်း၍ ဒေသအလိုက် ဖြစ်ပွားမှုများသော သဘာဝဘေးအန္တရာယ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဒေသအပေါ်မူတည်၍ သဘာဝဘေးအန္တရာယ်အမျိုးမျိုးအလိုက် စီမံခန့်ခွဲရေး စီမံချက်များရေးဆွဲရန်၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) ဒေါက်တာကိုကိုဦး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက် )

အမှတ် ၈၇ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၁၁၄ ဖြင့် ပါရဂူ (Ph.D) ဘွဲ့ကြိုသင်တန်းသို့ တက်ရောက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် တွဲဖက်ထားသည့် ဦးစီးအရာရှိ (ဥပဒေအရာရှိအဆင့်-၃) ဒေါ်ရေဝတာ (ဥ/၂၆၆၉) အား ယင်း၏ မူလတာဝန်ဖြစ်သည့် ဥပဒေအကြံဉာဏ်ပေးရေးဌာန၊ စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်တာဝန်ချထားလိုက်သည်။

ဒေါက်တာထွန်းရှင်၊
ပြည်ထောင်စုရှေ့နေချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၁၀၃ ။ ။ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်လှလှမြင့် (၁၇၁၆) အား ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး (ရုံးအဖွဲ့) တွင် စတင်တာဝန်ထမ်းဆောင်သည့် ရက်မှစ၍ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရရှိသည့် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းထိုက်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

အမှတ် ၂ ။ ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေအပိုဒ် (၄၀) အရ အောက်ဖော်ပြပါဇယားတွင် ပါရှိသော မြေအမျိုးအစား အစိုးရမြေ၊

မြေအမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းလမ်းများဖြင့် အသုံးမပြုရ။

(ခ) မြေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအတွက် အသုံးပြုရန်မလိုအပ်သည့်အခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပြန်လည်အပ်နှံရမည်။

(ဂ) မြေအသုံးချမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

## မြေတည်ရှိရာအရပ်ဒေသ

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းဧရိယာ | |
|---|---|---|---|---|---|
| | | | | ဧက | ဒသမ |
| ရန်ကုန် | မင်္ဂလာတောင်ညွန့် | ၁၇ အေ | ၃ ဘီ/၂ | ၂ | ၁၁၁ |

## မြေ၏အကြောင်းအရာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇ အေ)၊ မြေကွက်အမှတ် (၃ဘီ/၂)၊ ဧရိယာ (၂. ၁၁၁) ဧကရှိမြေသည် မြို့မြေစာရင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်အဖြစ် မှတ်သားထားပါသည်။

အထက်ပါမြေကွက်၏ အလားအလာမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

အရှေ့လားသော် - ၃ဘီ

အနောက်လားသော် - ၃ဘီ

တောင်လားသော် - ၃ဘီ

မြောက်လားသော် - ဗိုလ်မင်းခေါင်လမ်း

(ပုံ) ဦးလှမြင့်၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရ။

# ကချင်ပြည်နယ်လွှတ်တော်
# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း
# ( ၂၀၁၃ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ကချင်ပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကချင်ပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဃ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေး ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(င) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ဆိုသည်။

(စ) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။ ပထမကာလတိုငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဖြစ်သည်။

(ဆ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဈ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ည) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးဖြစ်သော စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှု ရရှိရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်မည် -

(က) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၈. ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၂၀ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၁. ၈ ရာခိုင်နှုန်းမှ ၃၉. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄. ၀ ရာခိုင်နှုန်းမှ ၂၄. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၄. ၂ ရာခိုင်နှုန်းမှ ၃၅. ၆ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂. ၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၂. ၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၂. ၉ ရာခိုင်နှုန်းအသီးသီး တိုးတက်စေရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရန် (Seed Production)၊

(၂) လေ့ကျင့်ပညာပေးရန် (Training and Education)၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် (Research and Development)။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ရေမြေဒေသ ရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၂) ရေမြေရာသီဥတုအခြေအနေပေးသော ဒေသများတွင် စပ်မျိုး မျိုးစေ့များ တိုးချဲ့စိုက်ပျိုးသွားရန်၊

(၃) ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၄) ဒေသနှင့်ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထောက်အကူပြုသည့် မျိုးသစ်များ ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရန်၊

(၅) ရေမြေဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပွားများခြင်း၊ စိုက်ပျိုးသူတောင်သူလယ်သမားအား မျိုးသန့်များဖြင့် သွေးသစ်လောင်းလဲလှယ်စိုက်ပျိုးခြင်းအတွက် သီးနှံမျိုးသန့်များ ပွားများ စိုက်ပျိုးဖြန့်ဖြူးရန်၊

(၆) နိုင်ငံ၏ ပြည်ပဝင်ငွေရရှိရန် သီးနှံအမည်သစ်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှုအတွက် နည်းပညာများ ဖြန့်ဖြူးခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နည်းပညာပံ့ပိုးခြင်းကို ဆောင်ရွက်ရန်၊

(၇) စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုမှု ဖော်ထုတ်ထောက်ခံသည့် မျိုးစိုက်ပျိုးနည်းစနစ်များကို သီးနှံစိုက်ပျိုးသူ တောင်သူလယ်သမားများ သိရှိလက်ခံ ဆောင်ရွက်နိုင်ရေးအတွက် ဒေသအလိုက် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရေမြေဒေသအလိုက် တွေ့ကြုံရသည့် နည်းပညာအခက်အခဲများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ပြန်လည်ပေးပို့ အဖြေရှာဆောင်ရွက်ရန်၊

(၈) တစ်ဧက သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ အရည်အသွေးကောင်း သီးနှံများရရှိရန် မျိုးရွေးချယ် စိုက်ပျိုးခြင်းမှ ရိတ်သိမ်းသည်အထိ စနစ်တကျ ဆောင်ရွက်ခြင်း၊ ရိတ်သိမ်းပြီးနောက်ပိုင်းတွင် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၉) မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန် မြေဆီလွှာထိန်းသိမ်းခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ပေါင်းစပ်သုံးစွဲခြင်း၊ တီကောင်စွန့်ပစ် ဩဂဲနစ်သဘာဝမြေဩဇာ (Vermi Compost) ပြုလုပ်သုံးစွဲခြင်း၊ ရွက်ဖျန်းမြေဩဇာများ သုံးစွဲခြင်း၊ ဇီဝမြေဩဇာများသုံးစွဲခြင်း၊ အနည်းလိုအပင်အာဟာရဓာတ်များ သုံးစွဲခြင်း၊ ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲခြင်းကို ဆောင်ရွက်နိုင်ရန်၊

(၁၀) သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ကျရောက်ဖျက်ဆီးတတ်သော ပိုးမွှား၊ ရောဂါများအား ကြိုတင်ကာကွယ် နှိမ်နင်းခြင်း၊ ဓာတုအဆိပ်ပြင်းထန်သည့် ပိုးသတ်ဆေးများကို သုံးစွဲခြင်းဖြင့် တောင်သူများအား အကျိုးပြုသော ပိုးမွှား (Benificial Insects) များ သေကြေပျက်စီးစေခြင်း၊ ပိုးသတ်ဆေးများ ကိုင်တွယ်သုံးစွဲရာတွင် စနစ်တကျသုံးစွဲမှုမရှိခြင်းမှ ပိုးသတ်ဆေးအဆိပ်သင့်ခြင်းများ ဖြစ်ပေါ်စေသဖြင့် ပိုးသတ်ဆေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ဘက်စုံသီးနှံကာကွယ်ရေးနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၁) သမားရိုးကျလယ်ကွက်ငယ်များအား လက်မှုလယ်ယာစနစ်မှ ဧကကွက်ဟက်တာကွက် စက်မှုလယ်ယာစနစ် (Mechanized Farming) သို့ ဆက်လက်တိုးချဲ့ ဖော်ထုတ်သွားရန်၊

(၁၂) တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာ နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချသွားရန်၊

(၁၃) ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံ တိုးချဲ့ဆောင်ရွက်ရန်၊

(၁၄) ရေမြေသဘာဝပေးသော နေရာများတွင် ရေပေးမြောင်းများ ဖောက်လုပ်ကာ အင်ဂျင်/ပန့်များဖြင့် ရေပေးဝေနိုင်ရေးဆောင်ရွက်ရန်၊

(၁၅) စိုက်ပျိုးရေဖူလုံစွာ မရရှိသည့် နေရာများတွင် မြေအောက်ရေထုတ်ယူနိုင်မည့် အခြေအနေများရှိပါက ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးရန်၊

(၁၆) ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ဘဏ်လုပ်ငန်းဆောင်ရွက်မှုများဖြင့် ထိရောက်စွာ အထောက်အကူပြုစေရန်၊

(၁၇) ပျားရည်ထုတ်လုပ်မှုအား တစ်နှစ်လျှင် (၆. ၆ ရာခိုင်နှုန်း) တိုးတက်ဆောင်ရွက်ရန်၊

(၁၈) ပျားမွေးမြူရေးဆိုင်ရာ အသိပညာများ ဖြန့်ဖြူးရန်၊

(၁၉) ပျားအုံတိုးပွားရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) မျိုးကောင်းမျိုးသန့် မျိုးစေ့ပွားများထုတ်လုပ်ခြင်း ဆောင်ရွက်သွားပါမည်။

(၂) သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စပ်မျိုးမျိုးစေ့များ တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်သွားပါမည်။

(၃) သီးနှံအလိုက် တောင်သူပညာပေး စမ်းသပ်ကွက် စံပြကွက်များ ပြုလုပ်ဆောင်ရွက်သွားပါမည်။

(၄) တောင်သူများသို့ စိုက်ပျိုးပညာပေးသင်တန်းများ၊ တောင်သူ ဟောပြောပွဲများ ဆောင်ရွက်သွားပါမည်။

(၅) ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာအုပ်စု၊ ဝါရှောင်ဆည်ရေသောက် ဧရိယာတွင် ဧက (၁၀၀) အဆင့်မြှင့် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားပါမည်။

(၆) ခရိုင်အလိုက် တောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းခြင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားပါမည်။

(၇) ဝိုင်းမော်မြို့နယ်တွင် ဧက (၃၀၀၀) အကျိုးပြုနိုင်မည့် နန့်မီးရေလှောင်တမံ ဆောင်ရွက်သွားပါမည်။

(၈) တောင်သူလိုအပ်ချက်အရ တောင်သူကုန်ကျစရိတ်/ထောက်ပံ့မှု ရရှိပါက ရေပေးမြောင်းများ ဖောက်လုပ်ကာ အင်ဂျင်/ပန့်ဖြင့် ရေပေးဝေမှုလုပ်ငန်း ဆောင်ရွက်သွားပါမည်။

(၉) တောင်သူ ကုန်ကျစရိတ်/ထောက်ပံ့မှုရရှိပါက ရေဖူလုံမှုမရှိသည့်နေရာတွင် မြေအောက်ရေတွင်းများ တူးဖော်၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်သွားပါမည်။

(၁၀) ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်တွင် မိုးချေးငွေ ကျပ်သိန်းပေါင်း (၁၅၉၅. ၈၀)၊ ဆောင်းချေးငွေ ကျပ်သိန်းပေါင်း (၂၂၃၀. ၀၀)၊ စုစုပေါင်း ကျပ်သိန်းပေါင်း (၁၈၁၈၉. ၈၀) ထုတ်ချေးပေးသွားမည်။

၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) သားငါးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊

(၂) သားငါးထုတ်လုပ်မှုကို ပြည်နယ်အတွင်း စားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံထုတ်လုပ်မှုများကို အခြား တိုင်းဒေသကြီး/ပြည်နယ်များသို့လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း ဖြန့်ဖြူးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုကို အားပေးရေး၊

(၄) သားငါးကဏ္ဍဆိုင်ရာ လူမှုစီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေး။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ပြည်နယ်အတွင်း သားငါးစားသုံးမှု ဖူလုံစေရန်နှင့် ပိုလျှံသည်များကို နိုင်ငံအတွင်းရှိ အခြား ဒေသများသို့လည်းကောင်း၊ ပြည်ပသို့လည်းကောင်း တင်ပို့ရန်၊

(၂) တိရစ္ဆာန်ကောင်ရေ အရင်းအမြစ်များ မပြုန်းတီးရေးနှင့် တိုးပွားရေး၊ ဒေသရေမြေ ရာသီ ဥတုနှင့်ကိုက်ညီသော မျိုးဗီဇရှိ တိရစ္ဆာန်များ ဖော်ထုတ် ထိန်းသိမ်းမွေးမြူသွားရန်၊

(၃) ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုကို တစ်နိုင်တစ်ပိုင် မွေးမြူထုတ်လုပ်မှုအရ အထောက် အကူပြုရန်၊

(၄) ပြည်နယ်အတွင်း နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုမြင့်မားသော ပြည်ပစပ်မျိုးနို့စားနွား မွေးမြူထုတ်လုပ်ခြင်းကို အားပေးကူညီရန်၊

(၅) တိရစ္ဆာန် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ပြည်ပအထောက်အပံ့ ရယူဆောင်ရွက်သွားရန်၊

(၆) အရင်းအနှီးတတ်နိုင်သူများအား စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး အားပေးကူညီရန်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် စည်းရုံးဖိတ်ခေါ်ခြင်းကို တိုးတက်ဆက်သွယ် ဆောင်ရွက်သွားရန်၊

(၇) ပြည်နယ်အတွင်းရှိ ထုတ်လုပ်မှုနိမ့်ကျသော နွားမျိုးများကို ပြည်ပမျိုးမြင့် နို့စား၊ အသားစား နွားမျိုးများဖြင့် မျိုးမြင့်တင်နိုင်ရေးအတွက် နွားမေထုန်သားစပ်လုပ်ငန်းကို ဆက်လက် တိုးချဲ့ဆောင်ရွက်သွားရန်၊

(၈) တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေး ပြည်ပအထောက်အပံ့ ရှာဖွေ ဆောင်ရွက်သွားရန်၊

(၉) ပြည်နယ်အတွင်းရှိ ပြည်သူလူထုများ နို့သောက်သုံးမှု တိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်အရည်အသွေး မြင့်မားလာစေရန်အတွက် အခြေခံမူလတန်းကျောင်း များတွင် နွားနို့တိုက်ကျွေးခြင်းလုပ်ငန်းကို ညှိနှိုင်းတိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) လူတို့စားသုံးသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တိုးချဲ့ပူးပေါင်းဆောင်ရွက်သွားရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့်အညီ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၂) ပြည်တွင်းပြည်ပမှ အရင်းအနှီးများ၊ နည်းပညာများ၊ အထောက်အပံ့များရယူ၍ စီးပွားဖြစ် ထုတ်လုပ်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးနှင့် ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲ ဖော်ထုတ်ချက် အရ လုပ်ငန်းစဉ်များ ချမှတ်ကာ အားပေးကူညီသွားမည်။

(၃) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် ထုတ်လုပ်သူများကိုယ်တိုင် မွေးမြူ ထုတ်လုပ်စေခြင်း၊ ရောင်းဝယ်ထုတ်လုပ်သူများက မွေးမြူသူ အစုအဖွဲ့များသို့ အရင်းအနှီးများ

ထောက်ပံ့ဖြည့်ဆည်း၍ ဝယ်ယူထုတ်လုပ်ခြင်းစနစ်သို့ ရောက်ရှိလာစေရေး စည်းရုံး ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်ကူးစက်ရောဂါများ၊ လူသို့ကူးစက်သော တိရစ္ဆာန်ကူးစက်ရောဂါများ၊ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သွားမည်။

(၅) မြစ်၊ ချောင်းများအတွင်း ငါးမျိုးမပြုန်းတီးရေးအတွက် တရားမဝင်သော နည်းလမ်းများဖြင့် ငါးရှာဖွေခြင်းကို ဒေသအာဏာပိုင်များနှင့် ပူးပေါင်းကာကွယ်တားဆီးသွားမည်။

(၆) မြစ်၊ ချောင်း၊ အင်းအိုင်များအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းကို တိုးချဲ့ဆောင်ရွက်သွားမည်။

(၇) တိရစ္ဆာန်ကူးစက် ကာကွယ်ဆေးများကို နယ်မြေတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ တိုးချဲ့ ထိုးနှံရေး ဆောင်ရွက်သွားမည်။

(၈) နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိ စေရေး လိုအပ်သော သန့်စင်စက်ပစ္စည်းများကို ပြည်ပအထောက်အပံ့ဖြင့်ရရှိရေး ဆောင်ရွက် သွားမည်။

(၉) ပြည်နယ်အတွင်း နွားမျိုးကောင်းမျိုးသန့်များ တိုးပွားလာစေရေးအတွက် နွားမေထုန်မဲ့ သားစပ်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော နိုက်ထရိုဂျင်အရည် ထုတ်လုပ်သည့် စက်ဝယ်ယူနိုင်ရန် (သို့မဟုတ်) အထောက်အပံ့ရရှိရန် ပြည်ပအဖွဲ့အစည်းများ၏ အထောက်အပံ့ ရှာဖွေဆောင်ရွက်သွားမည်။

(၁၀) တိရစ္ဆာန်ကူးစက်ရောဂါများ ရှာဖွေခြင်းလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနား တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးလုပ်ငန်းကို ပြည်ပ အထောက်အပံ့ ရှာဖွေဆောင်ရွက်သွားမည်။

(၁၁) မွေးမြူရေးအစုအဖွဲ့များ လုပ်ငန်းတိုးချဲ့နိုင်ရန်အတွက် လိုအပ်သော အရင်းအနှီး၊ မျိုး၊ အစားအစာရရှိရေးတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အားပေး ကူညီ ဆောင်ရွက်သွားမည်။

(၁၂) မွေးမြူရေးပညာပေးသင်တန်း၊ ပညာပေးဟောပြောပွဲများကို ပြည်သူလူထု အသိပညာ ပြန့်ပွားရေးအတွက် တိုးချဲ့ဆောင်ရွက်သွားမည်။

(၁၃) အရည်အသွေးကောင်း မျိုးအောင် ပျားဘုရင်မများ မွေးမြူထုတ်လုပ်ဖြန့်ဖြူးရေးဌာန၊ ပုဂ္ဂလိကပျားစခန်းများ တိုးပွားရေးနှင့် ပျားအုံများကို စစ်ဆေးကြပ်မတ်ရေး ဆောင်ရွက် သွားပါမည်။

(၁၄) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပျားရည် တင်ပို့မှု တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားပါမည်။

၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

**(က) မြန်မာ့သစ်တောမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) **ကာကွယ်ခြင်း (Protection)။** ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း (Sustainability)။** လက်ရှိ ပြည်သူလူထုနှင့် နောင်လာ နောက်သားများပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တော သယံဇာတရင်းမြစ်များကို ထာဝစဉ် တည်တံ့ စေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း (Basic Needs)။** ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း (Efficiency)။** သစ်တော သယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း (participation)။** သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းများနှင့် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့်အသိ ရှင်သန်စေခြင်း (Public Awareness)။** နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်း ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

**(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊

(၂) သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ရေး၊

(၃) တစ်နိုင်ငံလုံး ကြိုးဝိုင်းတောဧရိယာ ၃၀ ရာခိုင်နှုန်း၊ ထိန်းသိမ်းနယ်မြေ ၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားရေး၊

(၄) ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုး၍ ကြိုးဝိုင်းတောအတွင်း ကျူးကျော်မှုများ တားဆီးရေး၊

(၅) သားငှက်တိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေး၊

(၆) ကြိုးဝိုင်းတောနှင့် ထိန်းသိမ်းနယ်မြေများ တိုးမြှင့်သွားနိုင်ရန်အတွက် သစ်တောနယ်မြေ အမျိုးအစားအလိုက် ဖွဲ့စည်းသွားရေး၊

(၇) ကျွန်းနှင့်သစ်မာထုတ်လုပ်မှုအတွက် မူဝါဒချမှတ်ရေး၊

(၈) သစ်လုံးရောင်းချခြင်းကို လျှော့ချ၍ တန်ဖိုးမြင့်ပစ္စည်း တိုးမြှင့်ထုတ်လုပ်ရေး၊

(၉) သစ်အမျိုးအစားအားလုံး အသုံးချရေးနှင့် သစ်တစ်ပင်လုံး အသုံးချရေး၊

(၁၀) သစ်တောမြေအား အခြားအသုံးချမှုများအတွက် ပြောင်းလဲအသုံးပြုရန် ကိစ္စရပ်များကို နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းမှ ဆုံးဖြတ်ပေးရေး၊

(၁၁) သစ်တောရန်ပုံငွေ စဉ်ဆက်မပြတ် အချိန်မီရရှိစေရေး၊

(၁၂) သစ်တောများ ပြုစုထိန်းသိမ်းရာတွင် ပြည်သူလူထုကပါ ပါဝင်လှုပ်ရှားလာစေရေး။

**(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန် ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်သွားရန် ဖြစ်သည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၄) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန်ဖြစ်သည်။

(၅) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန်ဖြစ်သည်။

(၆) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၇) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်သွားရန် ဖြစ်သည်။

(၈) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက် ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေရန်ဖြစ်သည်။

(၉) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက် ဆောင်ရွက် သွားရန်ဖြစ်သည်။

(၁၀) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၁) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု သက်သာစေသော သစ်ထုတ် နည်းလမ်း များကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၂) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက် ထုတ်လုပ်သွားရန် ဖြစ်သည်။

(၁၃) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်သည်။

(၁၄) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်လာစေရန်ဖြစ်သည်။

၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍-

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့်အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှု ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာ ဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝလယ်ယာမြေနှင့် စိုက်ပျိုးမြေများ ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ဝန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ် မြေအောက် သယံဇာတဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး ပြည်နယ်၏ ဝင်ငွေတိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၄) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာ စားသုံးနိုင်သည်အထိ ထုတ်လုပ်မှုကို အရည်အသွေး ပြည့်မီအောင် စစ်ဆေးကြပ်မတ် ဖော်ဆောင်ရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) သတ္တုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်မည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲ ဆောင်ရွက်မည်။

(၅) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး ဆောင်ရွက်မည်။

(၆) ပြည်နယ်အတွင်း သစ်တောပြုန်းတီးမှုမဖြစ်စေရေးအတွက် ကုန်းတွင်းပိုင်း နေလှန်းဆား ထုတ်လုပ်မည့် နည်းပညာများ ပံ့ပိုးပေးသွားမည်။

၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) စိုက်ပျိုးရေးကိုအခြေခံ၍ ခေတ်မီစက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာ အခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(၂) အသေးစားနှင့်အလတ်စားလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(၃) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊

(၄) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၅) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မြှင့်တင်ပေးရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရေး၊

(၆) စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးချရေး၊ ခြိုးခြံချွေတာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တို့ကို အသုံးချရေး၊

(၇) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) စိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြင့် ဆောင်ရွက်ကြိုးပမ်းရန်၊

(၂) နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) စက်မှုလုပ်ငန်းများအား အောက်ပါအတိုင်း ဦးစားပေး/တစ်ပြိုင်တည်း ဆောင်ရွက်ရမည်-

(ကက) အပေါ့စားစက်မှုလုပ်ငန်းများ (ဥပမာ-အသေးစားနှင့်အလတ်စားလုပ်ငန်းများ)၊

(ခခ) ပြည်ပပို့ကုန်မြှင့်တင်ရေး/ပြည်ပသွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ၊

(ဂဂ) အလုပ်သမား အများအပြားသုံးရသည့် စက်မှုလုပ်ငန်းများ၊

(ဃဃ) ဗဟုသုတအခြေခံနှင့် နည်းပညာအခြေခံသည့် စက်မှုလုပ်ငန်းများ၊

(ငင) ရင်းနှီးမြှုပ်နှံမှု အများအပြားသုံးရသည့် စက်မှုလုပ်ငန်းများ (ဥပမာ-အကြီးစား စက်မှုလုပ်ငန်းများ)။

(၂) အသေးစားနှင့်အလတ်စား လုပ်ငန်းဌာနများ ဖွင့်လှစ်၍ အသေးစားနှင့်အလတ်စား လုပ်ငန်းများ တိုးတက်မှုဖြစ်လာစေရေး နည်းပညာအကူအညီ ပံ့ပိုးပေးရမည်။

(၃) အသေးစားနှင့်အလတ်စား ငွေကြေးဌာန၊ အသေးစားနှင့်အလတ်စား ဘဏ်များဖွင့်လှစ်၍ အောက်ဖော်ပြပါ ရန်ပုံငွေများ နှစ်စဉ်လျာထားသတ်မှတ်ပြီး ငွေကြေးထောက်ပံ့ကူညီပေး ရမည် -

(ကက) အထူးရန်ပုံငွေ၊

(ခခ) လုပ်ငန်းအဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုရေး ရန်ပုံငွေ၊

(ဂဂ) အရေးပေါ်ထောက်ပံ့ရေးရန်ပုံငွေ၊

(ဃဃ) အခြားရန်ပုံငွေ။

(၄) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းအထောက်အကူပြု အဖွဲ့အစည်းများ၊ တစ်နေရာတည်းမှ ခွင့်ပြုဆောင်ရွက်ပေးသည့်စနစ် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးရမည်။

(၅) အသေးစားနှင့်အလတ်စားလုပ်ငန်းများ အောင်မြင်တိုးတက်စေရန် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ထပ်ဆင့်အခွန်စည်းကြပ်ခြင်းများကို လျှော့ချ၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို စီစဉ်ပေးရမည်။

(၆) စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိက၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို ပိုမိုပါဝင်စေပြီး ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး လိုအပ်သော အခွန်ကိစ္စနှင့် ဥပဒေရေးရာကိစ္စရပ်များကို ပံ့ပိုးပေးရမည်။

(၇) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး (စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာနှင့် ရင်းနှီးငွေ) စသည့် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းကူညီပံ့ပိုးပေးရမည်။

(၈) လွတ်လပ်မှုနှင့် စည်းမျဉ်းလျှော့ပေါ့ခြင်းဖြင့် စွမ်းရည်ထိရောက်မှုရှိလာအောင်နှင့် တီထွင်ဆန်းသစ်မှုများ ရှိလာအောင် စီမံခန့်ခွဲပေးရမည်။

(၉) စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်လာစေရေးအတွက် စံချိန်စံညွှန်းဆိုင်ရာဥပဒေ၊ မူပိုင်ခွင့်ဥပဒေ၊ ယှဉ်ပြိုင်မှုဆိုင်ရာမူဝါဒနှင့် ယှဉ်ပြိုင်မှုဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။

(၁၀) စက်မှုနည်းပညာအခြေပြုထားခြင်းမှ သတင်းနည်းပညာအခြေပြုဆီသို့ ကူးပြောင်းရာတွင် ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ပေးရမည်။

(၁၁) စက်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ချိတ်ဆက်မှုရရှိစေအောင် ကူညီပံ့ပိုးပေးရမည်။

(၁၂) ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများအဖြစ် နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ရေး နည်းဗျူဟာကို ကျင့်သုံးရမည်။

(၁၃) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်။

(၁၄) တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသများတွင် စက်မှုဇုန်အသစ်များကို လိုအပ်သလို တည်ဆောက်အကောင်အထည်ဖော်ပေးရမည်။

(၁၅) ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ဒေသများ၌ အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် အခြားစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရေးအတွက် ဒေသန္တရစက်မှုလုပ်ငန်းများကို အားပေးတည်ထောင်ပေးရမည်။

(၁၆) စီးပွားရေးအထူးဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရမည်။

၁၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ပထမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပို့မည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) သုံး ဓာတ်အားပေးစက်များ သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ် လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ် ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲ နေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော (Voltage Level) နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် ထုတ်လုပ်သွားရေး။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

ပထမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့အကောင်အထည်ဖော် တည်ဆောက် သွားရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) လက်ရှိမြန်မာနိုင်ငံဓာတ်အားစနစ်တွင် ဓာတ်အားပို့လွှတ်ရာ၌ အသုံးပြုလျက်ရှိသော အမြင့်ဆုံးဗို့အားမှာ (၂၃၀) ကေဗွီဖြစ်ပါသည်။ ဓာတ်အားထုတ်လုပ်မှု ပိုမိုများပြားလာမည့် အနာဂတ်ကာလတွင် အလှမ်းကွာသောဒေသများသို့ ဓာတ်အားပမာဏများများကို (Transmission Line losses) နည်းနည်းနှင့် ပို့လွှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဓာတ်အားစနစ်တွင် (၅၀၀) ကေဗွီဗို့အားစနစ်သို့ တိုးမြှင့်အသုံးပြုရေး ဆောင်ရွက်သွားမည်။

(၂) ဓာတ်အားစနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုများတွင် (Transformer Losses) လျော့နည်း စေရေးအတွက် အရည်အသွေးကောင်းမွန်သော (Transformer) များ ဝယ်ယူသုံးစွဲခြင်း၊ (Transmission Line) နှင့် (Distribution Line) များတွင် (Losses) လျော့နည်းစေရေး အတွက် အရည်အသွေးကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူ သုံးစွဲခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ဓာတ်အားပေးစက်ရုံများမှ ပို့လွှတ်လိုက်သော ဓာတ်အားကို (Voltage Level) အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ပို့လွှတ်နိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများတွင် Capacitor Bank များ၊ Shunt Reactor (သို့မဟုတ်) Static Voltage Compensator (SVC) များ ထပ်မံတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်။

(၄) ပထမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမည့် လိုင်းများနှင့်ခွဲရုံများ တိုးချဲ့အကောင်အထည်ဖော် တည်ဆောက်သွားမည်။

(၅) Distribution Transformer များတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် Capacitor Bank တိုးချဲ့တပ်ဆင်ခြင်းများ ဆောင်ရွက်ရန်နှင့်

(၅၀၀) ကေဗွီအနေနှင့်အထက် ထရန်စဖော်မာများတွင် Circuit Breaker တပ်ဆင်ခြင်းများ တိုးချဲ့ဆောင်ရွက်သွားမည်။

(၆) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလို ဆောင်ရွက်သွားရမည် -

(ကက) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

( ခ ခ ) အသေးစား ရေအားလျှပ်စစ်များ အသုံးပြုခြင်း၊

( ဂ ဂ ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုခြင်း၊

(ဃဃ) လေစွမ်းအင်သုံးလေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

( င င ) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေး စက်များ အသုံးပြုခြင်း၊

( စ စ ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ (၁၈၀) ထက် တံတား (၁၁၇) စင်း ဆက်လက်ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ (Urban Development Policy) နှင့် မြို့ပြမဟာဗျူဟာများ (Urban Development Strategies) များ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေး အတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေး အတွက် အဓိကထား ဆောင်ရွက်ရေး။

( ခ ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်း အကျယ် (၂၄) ပေ၊ (၂) လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်း ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် (၁၂) ပေ ကတ္တရာလမ်း နှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ အမြဲတမ်း တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၃) ဒေသနေပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှု စီးပွားရေးဖွံ့ဖြိုးမှု (Socio Economic Development) ရရှိရေးအတွက် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးပြီး စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ စေရန် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ စီမံကိန်းရေးဆွဲရန်၊

(၄) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး (၉) လမ်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများ (၂၁၈) လမ်း၊ ဆောင်ရွက်ဆဲလမ်းသစ်များ (၂၀) လမ်း ဆောင်ရွက်ရမည်။

(၂) အမြဲတမ်း တံတားကြီးငယ် စုစုပေါင်း (၁၅၇၄) စင်း ဆောင်ရွက်ရမည်။

(၃) မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနသိပ္ပံ (URDI) ကို ကုလသမဂ္ဂ UN-Habitat ၏ အထောက်အပံ့ဖြင့် စတင်ထူထောင်ပြီး ပြည်တွင်းပြည်ပမှ ပညာရှင်များ၏ အကူအညီဖြင့် ရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြား ဆောင်ရွက်သွားရမည်။

(၄) ပြည်နယ်အစိုးရအဖွဲ့သို့ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများ ရရှိစေရန် ဆောင်ရွက်သွားမည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရန် အတွက် ပုဂ္ဂလိကကုန်းလမ်းသယ်ယူပို့ဆောင်ရေး လိုအပ်ချက်အား ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား စနစ်တကျ ဖွံ့ဖြိုး တိုးတက်စေရန် စီမံကိန်းများချမှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွင်း ပုဂ္ဂလိက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍများ စနစ်တကျရှိစေရေး အတွက် ဒေသအစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(၄) နိုင်ငံတကာနှင့်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ရာတွင် ဥပဒေ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီးပွားရေးအလို့ငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ကြသော သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ၊ ယာဉ်များအား စနစ်တကျ မှတ်ပုံတင်၍ ဆောင်ရွက်စေရန်၊

(၆) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အမြဲတိုးတက်နေစေရန်အတွက် လေ့ကျင့်ပျိုးထောင် ပေးရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန၊ အဖွဲ့အစည်းတို့၏ စီမံကိန်း၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများကို စိစစ်ခြင်း၊ ညှိနှိုင်းခြင်း၊ စုစည်းတင်ပြခြင်း၊

(၂) ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ စီးပွားရေး အလို့ငှာ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသော မော်တော်ယာဉ်များအား လုပ်ငန်း လိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခွန်ကောက်ခံခြင်း၊ လုပ်ငန်းလိုင်စင် စည်းမျဉ်းစည်းကမ်းများ လိုက်နာစေရေးကို ကြီးကြပ်ခြင်း၊

(၃) ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီအဆင့်ဆင့်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ သယ်ယူပို့ဆောင်ရန်ရှိသော နိုင်ငံပိုင်ကုန်ပစ္စည်းများကို ပြည်တွင်းရှိ သယ်ယူပို့ဆောင်ရေးစွမ်းအားစုနှင့် ညှိနှိုင်းပေါင်းစပ်၍ လိုအပ်သောအချိန်တွင် လိုအပ်သောဒေသသို့ လိုအပ်သော ကုန်ပစ္စည်းအရေအတွက်ရောက်ရှိစေရန် ညှိနှိုင်းစီစဉ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(၄) အာဆီယံဆိုင်ရာလုပ်ငန်းများ၊ မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဘင်းစတက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ကုန်းလမ်းပို့ဆောင်ရေးအပိုင်း (ရထားနှင့် မော်တော်ယာဉ်) အတွက် ဝန်ကြီးဌာနကိုယ်စား Focal Point အဖြစ် ဆောင်ရွက်ခြင်း၊

(၅) တိုင်းဒေသကြီးနှင့်ပြည်နယ်များ တန်းတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် နေရာဒေသများတွင် ရုံးခွဲများ၊ ရှေ့တန်းအခြေစိုက်စခန်းများ ဖွင့်လှစ်၍ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ လုပ်ငန်းအဆင့်ဆင့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၃) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -**

နိုင်ငံတော်၏တယ်လီဖုန်း Density ၂၇ ရာခိုင်နှုန်းအထိ တိုးတက်ရရှိအောင် ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားအထောက်အပံ့/ချေးငွေများရယူလျက် GSM/ UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်။

(၂) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်ငွေကို မှီခိုအသုံးမပြုသည့် ကော်ပိုရေးရှင်းအဖွဲ့အစည်းအဖြစ် ၂၀၁၃ ခုနှစ်မှ ပြောင်းလဲဆောင်ရွက်ပြီး Myanmar Telecomm Co, အဖြစ် ဆက်သွယ်ရေးကော်ပိုရေးရှင်းမှ ရန်ပုံငွေနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေနှင့်အထောက်အပံ့များ၊ နည်းပညာများ ရယူလျက် လုပ်ငန်းဆောင်ရွက်မည်။

(၃) ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်ကိုလည်း အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်း၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်။

(၄) Myanmar Telecomm Co, Yatanapon Teleport Co, တို့နှင့်အပြိုင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရွေးချယ်ပေးသော Spearate Operator Co, (၁) ခု သို့မဟုတ် (၂) ခုအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဝန်ဆောင်မှုကို ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက်စေမည်။

၁၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -**

ပြည်နယ်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်။

(ခ) **ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်၊

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေ လဲလှယ်နှုန်း ပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(၇) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၉) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကဘဏ်များတွင် ဝန်ဆောင်မှုအသစ်ဖြစ်သော အလိုအလျောက် ငွေထုတ်ကတ်နှင့် အကြွေးဝယ်ကတ်ဖြင့် ခေတ်မီဘဏ်လုပ်ငန်းအဆင့် တိုးမြှင့်ဆောင်ရွက်သွားမည်။

၁၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများ (ပညာရေး) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၄) ကျန်းမာရေးစနစ်အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၅) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၆) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေရေး။

(ခ) **ရည်မှန်းချက်များ (ပညာရေး) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) အခြေခံပညာကဏ္ဍတွင် မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းနေမြဲရေးလုပ်ငန်း ကြပ်မတ်ဆောင်ရွက်ရန်၊

(၃) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရန်၊

(၄) အခြေခံပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ပေးရန်၊

(၅) အဆင့်မြင့်ပညာကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ (ပညာရေး) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) အခြေခံပညာအဆင့်တွင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး၊

(၂) အခြေခံပညာ ဆရာ/ဆရာမများ၏ သင်ကြားမှုအရည်အသွေး မြင့်မားရေးနှင့် မြှင့်တင်ရေး၊

(၃) ပညာစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်များစနစ် ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) အခြေခံပညာကျောင်းများတွင် အရည်အသွေးမီ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ဖြစ်ထွန်းရေး၊

(၅) ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ရေး၊

(၆) မိမိဘဝနှင့်လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သည့် ကမ္ဘာ့လူရည်မွန်များ ပေါ်ထွန်းလာစေရန်၊

(၇) အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရန်၊

(၈) တက္ကသိုလ်များသည် နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများက အသိအမှတ်ပြုသည့် တက္ကသိုလ်ဖြစ်ရေး၊

(၉) တက္ကသိုလ်များမှချီးမြှင့်သော ဘွဲ့၊ ဒီပလိုမာလက်မှတ်များသည် နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် ဘွဲ့၊ ဒီပလိုမာလက်မှတ်များဖြစ်ရေး၊

(၁၀) တက္ကသိုလ်များက မွေးထုတ်သော ဘွဲ့ရများသည် လက်တွေ့နယ်ပယ် ကဏ္ဍစုံတွင် အသုံးချနိုင်သော နိုင်ငံအကျိုးပြုပညာရပ်များ တတ်မြောက်သည့် ဘွဲ့ရများဖြစ်ရေး။

(ဃ) **မူဝါဒများ (ကျန်းမာရေး) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) အမျိုးသားကျန်းမာရေး မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(၂) ပြည်သူတစ်ရပ်လုံး ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊

(၃) ကချင်ပြည်နယ်အတွင်း ပဏာမကျန်းမာရေးစောင့်ရှောက်မှု (PHC) ကို လူတိုင်း လက်လှမ်းမီနိုင်ရန်၊

(၄) ပြည်ထောင်စုက ချမှတ်ထားသော တိုင်းရင်းဆေးမူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရန်။

(င) **ရည်မှန်းချက်များ (ကျန်းမာရေး) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ဒေသတွင်း ရင်ဆိုင်နေရသော အဓိကကျန်းမာရေးပြဿနာများအား ဖော်ထုတ်၍ လျော့နည်းကျဆင်းရေး၊ လုံးဝပပျောက်ရေးဆောင်ရွက်ရန်၊

(၂) အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုအား လူတိုင်း လက်လှမ်းမီစေရန်နှင့် လွှမ်းခြုံမှုပိုမိုကောင်းမွန် တိုးတက်အောင် ဆောင်ရွက်ရန်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးကဏ္ဍအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊

(၄) မြို့ပြနှင့်ဆင်ခြေဖုံးတွင် ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု ထူထောင်ရန်၊

(၅) မိခင်သေနှုန်း၊ ၅-နှစ်အောက် ကလေးသေနှုန်း၊ ၁-နှစ်အောက် ကလေးသေနှုန်းများ အမှန်တကယ် လျော့နည်းကျဆင်း၍ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (MDGs) ရရှိရန်၊

(၆) ကုသရေးလုပ်ငန်းများအား နိုင်ငံတကာအဆင့်နှင့်အညီ တိုးတက်ဖြစ်ထွန်းရန် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးရန်၊

(၇) မြန်မာတိုင်းရင်းဆေးပညာ တိုးတက်မြင့်မားရေး ဆောင်ရွက်ရန်၊

(၈) ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ရန်၊

(၉) ပြောင်းလဲလာနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်အညီ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစနစ် ဖြစ်ထွန်းလာစေရန်။

(စ) **လုပ်ငန်းစဉ်များ (ကျန်းမာရေး) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ကူးစက်ရောဂါများကို ပြည်သူ့ကျန်းမာရေး ပြဿနာများအဖြစ် ဖယ်ရှားပြီး လုံးဝပပျောက်ရေးနှင့် အခြားကျန်းမာရေးပြဿနာများ လျော့နည်းကျဆင်းရန် စီမံချက်များ ချမှတ်ရေးဆွဲဆောင်ရွက်ရန်၊

(၂) မြို့ပြနှင့်ကျေးလက် ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကွာဟမှု အနည်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) မြို့ပြနှင့်ဆင်ခြေဖုံးနေ ပြည်သူလူထု၏ လက်ရှိဖြစ်ပေါ်နေသော ကျန်းမာရေးပြဿနာများ ဖော်ထုတ်ရန်၊ ပိုမိုတိုးတက်ကောင်းမွန်သော ကျန်းမာရေးစနစ်ဖြင့် စောင့်ရှောက်မှုပေးရန်၊

(၄) ကုသရေးလုပ်ငန်းများ နိုင်ငံတကာစံချိန်မီဆောင်ရွက်နိုင်ရန်၊ အဆောက်အဦများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော အရည်အသွေးပြည့်ဝသည့် အဓိကဆေးဝါးများ လုံလောက်စွာရရှိရေး ဖြည့်တင်းပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ စဉ်ဆက်မပြတ်ပေးခြင်း၊ ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်စွက်ပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) မြန်မာတိုင်းရင်းဆေးပညာရပ် မြင့်မားရေးအတွက် ဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တိုင်းရင်းဆေးပညာအား ကျေးလက်ဒေသ အောက်ခြေအထိ သုံးစွဲနိုင်ရေး စီစဉ်ပံ့ပိုး၍ တစ်ချိန်တည်းတွင် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၆) ပြောင်းလဲနေသော နိုင်ငံတကာ၏ အခြေအနေ၊ မိမိနိုင်ငံ၏ အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ကျန်းမာရေးစနစ်အား ပြင်ဆင်ထူထောင်ရန်။

(ဆ) **မူဝါဒ (အားကစား) မှာ အောက်ပါအတိုင်းဖြစ်သည် -**

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အနေဖြင့် ကချင်ပြည်နယ်အတွင်း ခရိုင်/မြို့နယ်များတွင် အဆင့်မီ မျိုးဆက်သစ်အားကစားသမား ရှာဖွေဖော်ထုတ်၍ နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဖြစ်ပေါ်လာစေရန်။

(ဇ) **ရည်မှန်းချက် (အားကစား) မှာ အောက်ပါအတိုင်းဖြစ်သည် -**

တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများတွင် ကချင်ပြည်နယ်အနေဖြင့် အောင်မြင်မှု (ရွှေတံဆိပ်) ရရှိစေရန်နှင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများ ဖြစ်ပေါ်လာစေရန်။

(ဈ) **လုပ်ငန်းစဉ်များ (အားကစား) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ကချင်ပြည်နယ်အတွင်း ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်လာစေရန်၊

(၂) ခရိုင်/မြို့နယ်များတွင် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးနိုင်ရန်၊

(၃) နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရန်။

(ည) **မူဝါဒ (ယဉ်ကျေးမှု) မှာ အောက်ပါအတိုင်းဖြစ်သည် -**

နိုင်ငံသားများသည် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်ကို သယ်ဆောင်ပြီး နိုင်ငံတော်နှင့်နိုင်ငံသား များအပေါ် ချစ်မြတ်နိုးလာစေရေး။

(ဋ) **ရည်မှန်းချက် (ယဉ်ကျေးမှု) မှာ အောက်ပါအတိုင်းဖြစ်သည် -**

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်။

(ဌ) **လုပ်ငန်းစဉ်များ (ယဉ်ကျေးမှု) မှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(၂) နိုင်ငံသားအားလုံးတွင် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာလာစေရန်၊

(၃) တိုင်းတစ်ပါး သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာခြင်းကို တားဆီးရန်၊

(၄) လူငယ်ထုအတွင်း ယဉ်ကျေးမှုကိုယ်ခံအား ကောင်းမွန်စေရေးအတွက် ပြုစုပျိုးထောင်ရန်၊

(၅) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဓနအင်အား တောင့်တင်းလာသည်နှင့်အမျှ ယဉ်ကျေးမှု စံနှုန်းများ မြန်မာမှုမပျက် မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရန်။

၁၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

(က) **မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -**

ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ တိုးတက်ဆောင်ရွက်နိုင်သည့်နည်းတူ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကိုလည်း လိုက်လျောညီထွေ တိုးတက်လာစေရန်။

(ခ) **ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -**

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၂-၂၀၁၃ နှစ်ထက် ၁၄.၀ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -**

ပြည်နယ်အတွင်းရှိ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် အခန်းကဏ္ဍမှ ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ၏ ပိုမိုတိုးတက်ပြီး ဝန်ဆောင်မှုပေးနိုင်မှုအပေါ် အခြေခံ၍ စီမံကိန်းရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်မည်။

၁၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) **မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -**

(၁) ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ပို့ကုန်အမည်သစ်များ ရှာဖွေတင်ပို့ရေး၊

(၃) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ် တင်ပို့ရောင်းချရေး။

(ခ) **ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -**

ကုန်သွယ်မှုကဏ္ဍ၏ အသားတင်ကုန်သွယ်မှုတန်ဖိုးကို ၂၀၁၂-၂၀၁၃ ခုနှစ်ထက် ၈.၀ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -**

စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ပစ္စည်းထုတ်လုပ်မှုအပေါ် အခြေခံ၍ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်။

## အခန်း (၅)

## အထွေထွေ

၁၈။ ကချင်ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေ စိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည့်အပြင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၄၇၇၃၇၅. ၃ | ၄၁. ၈ | ၄၈၉၅၇၁. ၁ | ၃၉. ၆ | ၂. ၆ |
| ၂ | စက်မှု | ၂၇၄၂၂၄. ၂ | ၂၄. ၀ | ၃၀၇၀၁၁. ၇ | ၂၄. ၈ | ၁၂. ၀ |
| ၃ | ဝန်ဆောင်မှု | ၃၉၀၁၂၃. ၇ | ၃၄. ၂ | ၄၄၀၆၃၈. ၉ | ၃၅. ၆ | ၁၂. ၉ |
| ၄ | အသားတင်ထုတ်လုပ်မှု တန်ဖိုး | ၁၁၄၁၇၂၃. ၂ | ၁၀၀. ၀ | ၁၂၃၇၂၂၁. ၇ | ၁၀၀. ၀ | ၈. ၄ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၄၇၇၃၇၅. ၃** | **၄၁. ၈** | **၄၈၉၅၇၁. ၁** | **၃၉. ၆** | **၂. ၆** |
| | ၁ | လယ်ယာ | ၃၆၇၂၄၈. ၉ | ၃၂. ၂ | ၃၇၃၉၆၇. ၁ | ၃၀. ၂ | ၁. ၈ |
| | ၂ | သားငါး | ၈၉၄၀၃. ၁ | ၇. ၈ | ၉၆၆၀၂. ၉ | ၇. ၈ | ၈. ၁ |
| | ၃ | သစ်တော | ၂၀၇၂၃. ၃ | ၁. ၈ | ၁၈၉၉၁. ၁ | ၁. ၅ | -၈. ၄ |
| **၂** | | **စက်မှုလက်မှုကဏ္ဍကြီး** | **၂၇၄၂၂၄. ၂** | **၂၄. ၀** | **၃၀၇၀၁၁. ၇** | **၂၄. ၅** | **၁၂. ၀** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၂၃၅၆. ၆ | ၆. ၃ | ၇၈၀၆၄. ၉ | ၆. ၀ | ၇. ၉ |
| | ၃ | စက်မှုလက်မှု | ၁၂၀၂၈၂. ၆ | ၁၀. ၅ | ၁၃၅၁၀၉. ၈ | ၁၀. ၉ | ၁၂. ၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၂၀၃၂. ၅ | ၁. ၁ | ၁၂၂၆၅. ၈ | ၁. ၀ | ၁. ၉ |
| | ၅ | ဆောက်လုပ်မှု | ၆၉၅၅၂. ၅ | ၆. ၁ | ၈၁၅၇၁. ၂ | ၆. ၆ | ၁၇. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၉၀၁၂၃. ၇** | **၃၄. ၂** | **၄၄၀၆၃၈. ၉** | **၃၅. ၆** | **၁၂. ၉** |
| | ၁ | ပို့ဆောင်ရေး | ၇၀၁၄၂. ၇ | ၆. ၁ | ၇၉၂၆၀. ၃ | ၆. ၄ | ၁၃. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂၇၆၇၈. ၆ | ၂. ၄ | ၄၁၉၈၃. ၇ | ၃. ၅ | ၅၁. ၇ |
| | ၃ | ငွေရေးကြေးရေး | ၅၇၁. ၀ | ၀. ၁ | ၇၈၈. ၁ | ၀. ၁ | ၃၈. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၇၁၂. ၁ | ၁. ၂ | ၁၆၈၂၃. ၇ | ၁. ၄ | ၂၂. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၂၄၅၆၃. ၀ | ၂. ၂ | ၂၈၀၀၁. ၈ | ၂. ၃ | ၁၄. ၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၂၅၃၄၅၆. ၃ | ၂၂. ၂ | ၂၇၃၇၈၀. ၃ | ၂၂. ၁ | ၈. ၀ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၁၄၁၇၂၃. ၂** | **၁၀၀. ၀** | **၁၂၃၇၂၂၀. ၇** | **၁၀၀. ၀** | **၈. ၄** |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၇၅၁၅၉၉. ၅** | **၆၅. ၈** | **၇၉၆၅၈၂. ၈** | **၆၄. ၄** | **၆. ၀** |
| | ၁ | လယ်ယာ | ၃၆၇၂၄၈. ၉ | ၃၂. ၂ | ၃၇၃၉၆၇. ၁ | ၃၀. ၂ | ၁. ၈ |
| | ၂ | သားငါး | ၈၉၄၀၃. ၁ | ၇. ၈ | ၉၆၆၀၂. ၉ | ၇. ၈ | ၈. ၁ |
| | ၃ | သစ်တော | ၂၀၇၂၃. ၃ | ၁. ၈ | ၁၈၉၉၁. ၁ | ၁. ၆ | -၈. ၄ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၂၃၅၆. ၆ | ၆. ၃ | ၇၈၀၆၄. ၉ | ၆. ၃ | ၇. ၉ |
| | ၆ | စက်မှုလက်မှု | ၁၂၀၂၈၂. ၆ | ၁၀. ၅ | ၁၃၅၁၀၉. ၈ | ၁၀. ၉ | ၁၂. ၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၀၃၂. ၅ | ၁. ၁ | ၁၂၂၆၅. ၈ | ၁. ၀ | ၁. ၉ |
| | ၈ | ဆောက်လုပ်မှု | ၆၉၅၅၂. ၅ | ၆. ၁ | ၈၁၅၇၁. ၂ | ၆. ၆ | ၁၇. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃၆၆၆၇. ၄** | **၁၂. ၀** | **၁၆၆၈၅၈. ၆** | **၁၃. ၅** | **၂၂. ၁** |
| | ၁ | ပို့ဆောင်ရေး | ၇၀၁၄၂. ၇ | ၆. ၁ | ၇၉၂၆၀. ၃ | ၆. ၄ | ၁၃. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂၇၆၇၈. ၆ | ၂. ၄ | ၄၁၉၈၃. ၇ | ၃. ၄ | ၅၁. ၇ |
| | ၃ | ငွေရေးကြေးရေး | ၅၇၁. ၀ | ၀. ၁ | ၇၈၈. ၁ | ၀. ၁ | ၃၈. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၇၁၂. ၁ | ၁. ၂ | ၁၆၈၂၃. ၇ | ၁. ၃ | ၂၂. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၂၄၅၆၃. ၀ | ၂. ၂ | ၂၈၀၀၁. ၈ | ၂. ၃ | ၁၄. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၅၃၄၅၆. ၃** | **၂၂. ၂** | **၂၇၃၇၈၀. ၃** | **၂၂. ၁** | **၈. ၀** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၁၄၁၇၂၃. ၂** | **၁၀၀. ၀** | **၁၂၃၇၂၂၁. ၇** | **၁၀၀. ၀** | **၈. ၄** |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# Per Capita GDP
# (နှစ်အလိုက်ဈေးနှုန်းအရ)

(ကျပ်)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ခုနှစ် မတ်လကုန် (ခန့်မှန်း) | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက် | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကချင်ပြည်နယ် | ၇၉၃၈၃၈ | ၉၄၈၈၁၃ | ၁၉. ၅ |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်
# ဒေသန္တရစီမံကိန်းဥပဒေ၏ နောက်ဆက်တွဲများ

## ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း

### နိဒါန်း

၁။ ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း (မူကြမ်း) ကို ရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ဒေသအတွင်း နေထိုင်လျက်ရှိကြသည့် ပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေး တိုးတက်ဖြစ်ပေါ်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန်၊ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျေးလက်ဒေသမီးလင်းရေး၊ မြို့ရွာခရိုင်များအတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလွယ်ကူလာစေရန်၊ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပါသည်။ အဆိုပါ လုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်သူတို့၏ ဆန္ဒတင်ပြချက်များ၊ ရပ်မိရပ်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍စုစည်းကာ လုပ်ငန်းဌာန အဖွဲ့အစည်းအသီးသီး၏ တည်ဆဲ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်း၍ ရေးဆွဲတင်ပြထားပါသည်။

### နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄) ရပ်

၂။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄) ရပ်နှင့်အညီ ကချင်ပြည်နယ်အတွင်း၌လည်း ဒေသနှင့်လိုက်လျောညီထွေရှိပြီး ဖွံ့ဖြိုးတိုးတက်မှုကိုရှိစေမည့် မူဝါဒများကို ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှု-စီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့်၊

(ဃ) အရည်အသွေးရှိသော စာရင်းအင်းကိန်းဂဏန်းများ ဖြစ်ပေါ်စေရေးနှင့် စာရင်းအင်းစနစ် ပြုပြင်ရေး။

### နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်

၃။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးများ လုပ်ငန်းများတွင်လည်းကောင်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်အနေဖြင့် အဆင့် (၃) ဆင့် သတ်မှတ်၍ စဉ်းစားသုံးသပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊

(ခ) ပထမအဆင့်မှာ မိမိပြည်သူများ အလုပ်အကိုင်များများရနိုင်သည့် လုပ်ငန်းများ (ဥပမာ-အထည်ချုပ်စက်ရုံ) စတင်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊

(ဂ) ဒုတိယအဆင့်အနေဖြင့် ကုန်ကြမ်းသက်သက်အဆင့် တင်ပို့ရာမှ ကုန်ချောအဆင့်ထုတ်လုပ်ပြီး တင်ပို့နိုင်ရေးအတွက် စီးပွားရေးအရ ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်သည့် စက်ရုံများ တည်ထောင်သွားကြရမည် ဖြစ်ပါကြောင်း၊

(ဃ) တတိယအဆင့်မှာ နည်းပညာမြင့်မားသည့် လုပ်ငန်းအဆင့်သို့ ကူးပြောင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊

(င) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ပါကြောင်း၊

(စ) ပညာရေးမူဝါဒနှင့်အညီ အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပညာရေးကဏ္ဍအသီးသီးအတွက် အရည်အသွေးမြင့်မားသည့် သင်ထောက်ကူပစ္စည်းများ

ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ အရည်အသွေး မြင့်မားလာစေရေးနှင့် နိုင်ငံတကာ အဆင့်မီ ပညာရေးအဆင့်အတန်း ဖြစ်လာရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

(ဆ) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ပါကြောင်း၊

(ဇ) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကားလမ်းများ အစဉ်ကောင်းမွန်နေအောင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့သည် သူ့ကဏ္ဍနှင့်သူ အပိုင်းလိုက် စနစ်တကျခွဲပြီး တာဝန်ယူကြရမည် ဖြစ်ပါကြောင်း၊

(စျ) ပုဂ္ဂလိကနှင့် အစုအဖွဲ့လုပ်ငန်းများကို ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် များများ အားပေးရန်လိုပါကြောင်း၊ တချို့သော ရေအားလျှပ်စစ် အသေးစားလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေရောင်းချသည့် လုပ်ငန်းများ၊ သတ္တုနှင့်ကျောက်မျက် တူးဖော်သည့် လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများမှာ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း ကိုယ့်တိုင်းရင်းသားများ ကိုယ့်ဒေသမှာ လုပ်ကိုင်နိုင်စွမ်းရှိလာအောင် ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊

(ည) ကိုယ့်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးလုပ်ငန်းရှင်များ များများပေါ်ထွက်လာအောင် မိမိတို့ အစိုးရအဖွဲ့အသီးသီးက ဝိုင်းဝန်းမြေတောင်မြှောက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊

(ဋ) ပထမအဆင့်အဖြစ် လယ်ယာထွက်ကုန်ပစ္စည်းများကို လက်ရှိ ပြည်တွင်းစားသုံးရန်၊ ပြည့်စုံ ဖူလုံအောင် ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး ဒုတိယအဆင့်အဖြစ် ပြည်ပသို့ တိုးချဲ့ တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## ဒေသဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်မဟာဗျူဟာနှင့် မေခရိုမူဘောင်

- မြောက်လတ္တီတွဒ် - ၂၃ ဒီဂရီ ၃၈ မိနစ်မှ ၂၈ ဒီဂရီ ၁၅ မိနစ်အတွင်း။
- အရှေ့လောင်ဂျီတွဒ် - ၉၅ ဒီဂရီ ၁၂ မိနစ် မှ ၉၈ ဒီဂရီ ၄၅ မိနစ်အတွင်း။

**အကျယ်အဝန်း**

- ❑ (၃၄၃၇၉. ၂၂) စတုရန်းမိုင်
- ❑ (၂၂၀၀၂၇၀၃) ဧက

**ဖွဲ့စည်းမှု**

- ➢ ခရိုင် - (၄) ခရိုင်
- ➢ မြို့နယ် - (၁၈) မြို့နယ်
- ➢ မြို့နယ်ခွဲ - (၁၁) ခု
- ➢ မြို့ - (၂၉) မြို့
- ➢ ရပ်ကွက်ပေါင်း - (၁၅၂) ရပ်ကွက်
- ➢ ကျေးရွာအုပ်စုပေါင်း - (၅၆၉) အုပ်စု
- ➢ ကျေးရွာပေါင်း - (၂၂၆၇) ရွာ
- ➢ အိမ်ခြေပေါင်း - (၂၀၅၂၀၇) ခု

- အိမ်ထောင်စုပေါင်း - (၂၂၁၁၄၄) ခု
- လူဦးရေ - (၁၃၂၂၈၅၄) ဦး

၄။ **ပထဝီအနေအထား၊ လူဦးရေနှင့် သဘာဝအရင်းအမြစ်။** ကချင်ပြည်နယ်သည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၈ မိနစ်မှ ၂၈ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ်မှ ၉၈ ဒီဂရီ ၄၅ မိနစ်ကြားတွင် တည်ရှိပါသည်။ ကချင်ပြည်နယ်တွင်ပါဝင်သော မြို့များသည် ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ (၅၂၀၀) ပေကျော်အမြင့်များတွင် တည်ရှိပါသည်။ ကချင်ပြည်နယ်တစ်ခုလုံး၏ မြေမျက်နှာ သွင်ပြင်အနေအထားမှာ အကြမ်းအားဖြင့် မြစ်ရိုးမြေပြန့်ဒေသ၊ ကုန်းပြင်မြင့်ဒေသ (ခန္တီးလုံဒေသ) နှင့် တောင်တန်းဒေသတို့ဖြစ်ပါသည်။ မြေမျက်နှာပြင်မှာ မြေပြန့်ဒေသတွင် ပင်လယ်ရေမျက်နှာအထက် (၃၅၀) ပေမှ (၄၈၀) ပေအထိ၊ တောင်တန်းဒေသတွင် ပင်လယ်ရေမျက်နှာပြင်အထက် (၂၈၀၀) ပေအထိမြင့်ပြီး အမြင့်ဆုံးခါကာဘိုရာဇီတောင် (၁၉၃၁၅) ပေ အပါအဝင် (၁၉၁၄၂) ပေရှိ ဂန်လန်ရာဇီတောင်တို့ ရှိပါသည်။ ရေခဲဖုံးလွှမ်းသော တောင်ကုန်းတောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပါသည်။ မေခ၊ မလိခ မြစ်နှစ်သွယ်သည် မြစ်ကြီးနားမြို့နှင့် ၂၈ မိုင်အကွာတွင် ပေါင်းစုံပြီး ဧရာဝတီမြစ်အဖြစ် မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိပါသည်။ တာပိန်၊ ရွှေလီမြစ်များသည် ဧရာဝတီမြစ်ထဲသို့ စီးဝင်ပါသည်။

၅။ **ရာသီဥတု။** မိုးရွာသွန်းမှု တစ်နှစ်လျှင် ရက်ပေါင်း (၁၅၀) ကျော်ရှိ၍ မိုးရေချိန် (၈၀. ၅) လက်မမှ (၁၉၀) လက်မထိရှိပါသည်။ ပူတာအိုခရိုင်သည် မိုးရွာသွန်းမှု အများဆုံးဖြစ်ပါသည်။ နွေရာသီတွင် အမြင့်ဆုံး အပူချိန် (၁၀၃) ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန် (၄၁) ဒီဂရီဖာရင်ဟိုက်ရှိပါသည်။ ဆောင်းရာသီတွင် အမြင့်ဆုံးအပူချိန် (၉၁. ၄) ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန် (၃၄. ၇) ဒီဂရီဖာရင်ဟိုက်ရှိပါသည်။

၆။ **လူဦးရေ။** ကချင်ပြည်နယ်၏ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခရိုင် | ၂၀၁၂-၂၀၁၃ ခုနှစ် | | | ၂၀၁၃-၂၀၁၄ ခုနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြစ်ကြီးနား | ၁၈၈၀၆၃ | ၁၉၅၇၃၃ | ၃၄၉၆၉၅ | ၁၇၂၄၁၅ | ၁၈၀၇၇၅ | ၃၅၃၁၉၀ |
| ၂ | မိုးညှင်း | ၂၈၅၄၇၁ | ၂၅၂၇၄၆ | ၅၃၈၂၁၇ | ၂၆၃၆၆၁ | ၂၂၈၀၀၉ | ၄၉၁၆၇၀ |
| ၃ | ဗန်းမော် | ၁၆၅၉၁၀ | ၁၇၅၆၂၉ | ၃၄၁၅၃၉ | ၁၆၇၁၈၀ | ၁၇၇၇၇၄ | ၃၄၄၉၅၄ |
| ၄ | ပူတာအို | ၄၆၀၅၉ | ၄၇၃၄၄ | ၉၃၄၀၃ | ၄၆၄၆၉ | ၄၇၈၆၉ | ၉၄၃၃၈ |
| | **ပြည်နယ်ချုပ်** | **၆၈၅၅၀၃** | **၆၇၁၄၅၂** | **၁၃၂၂၈၅၄** | **၆၄၉၇၂၅** | **၆၃၄၄၂၇** | **၁၃၈၄၁၅၂** |

၇။ **သဘာဝအရင်းအမြစ်များ။** ကချင်ပြည်နယ် ဧရိယာအကျယ်အဝန်း (၂၂၀၀၂၇၀၃) ဧကရှိသည့် အနက် (၉၁၄၅၁၆၁) ဧကမှာ သစ်တောများဖြစ်ပြီး သစ်တောဖုံးလွှမ်းမှု (၆၆. ၂၁ ရာခိုင်နှုန်း) ရှိပါသည်။ ယင်းသစ်တောများအား သဘာဝထိန်းသိမ်းရေးနယ်မြေ (၇) ခု (၄၉၄၅၁၅၁) ဧက၊ ကြိုးဝိုင်းသစ်တော (၆၄) ခု (၁၁၀၈၈၉၄) ဧက ကြိုးပြင်ကာကွယ်တော (၃၄) ခု (၁၀၉၁၁၁၆) ဧက သတ်မှတ်၍ ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသစ်တောများတွင် အဖိုးတန်သစ်များ၊ ရှားပါးမျိုးစိတ် တိရစ္ဆာန်များ၊ ဆေးဖက်ဝင် အပင်များရှိသဖြင့် သစ်တောအရင်းအမြစ် ပေါကြွယ်ဝပါသည်။ မြစ်ချောင်းများ ပေါများသဖြင့် ရေအားလျှပ်စစ်ထုတ်ယူရန် အရင်းအမြစ်နှင့် ရေသယံဇာတများ ရှိပါသည်။ မိုးညှင်းခရိုင်တွင် ကျောက်စိမ်းနှင့် အခြားတွင်းထွက်များ၊ မြစ်ကြီးနားခရိုင်တွင် သံရိုင်းနှင့် အခြားသတ္တုများ ထွက်ရှိပါသည်။ ရွှေသတ္တုမှာ ကချင် ပြည်နယ်တစ်ခုလုံး အနည်းနှင့်အများ ထွက်ရှိပါသည်။

၈။ **မြေယာအသုံးချမှုအခြေအနေ။** ကချင်ပြည်နယ် မြေယာအသုံးချမှုအနေဖြင့် အသားတင် စိုက်ပျိုးမြေ (၈၆၁၇၄၀) ဧက၊ ပလပ်ထားသည့်မြေ (၆၇၆၀၇) ဧက၊ စိုက်ပျိုးနိုင်သော မြေရိုင်း (၃၃၁၆၄၂၅) ဧက၊ သစ်တောကြိုးဝိုင်း (၇၆၅၀၄၈၀) ဧက၊ အခြားသစ်တောမြေ (၅၉၀၁၉၉၁) ဧက၊ အခြားမြေ (၄၂၀၄၄၆၀) ဧက၊ စုစုပေါင်း (၂၂၀၀၂၇၀၃) ဧက ရှိပါသည်။ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာပါက အသားတင်စိုက်ပျိုးသည့် မြေဧကများ မလျော့နည်းစေရေးအတွက် လိုအပ်သည့် နေရာများတွင် ဆည်များ၊ ရေနုတ်မြောင်းများ၊ ရေသွင်းမြောင်းများ တိုးချဲ့ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးခြင်းမရှိသော မြေရိုင်းများပေါ်တွင် ကျွဲ၊ နွား စားကျက်မြေများ သတ်မှတ်ပြီး မွေးမြူရေးဇုန်များ ထူထောင်၍ သားငါးမွေးမြူရေးလုပ်ငန်း စီမံကိန်းများ၊ မွေးမြူရေး အစုအဖွဲ့များဖြင့် မွေးမြူခြင်းများကို တွန်းအားပေး ဆောင်ရွက်သင့်ပါသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြေလွတ်မြေရိုင်းများပေါ်တွင် စက်မှုဇုန်များ သတ်မှတ်ပေးပြီး စက်ရုံအလုပ်ရုံများ ထူထောင်ပြီး လုပ်ကိုင်ရန် ဆောင်ရွက်သင့်ပါသည်။ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နယ်မြေဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ကချင်ပြည်နယ်၏ ခရိုင်အလိုက် မြေယာအသုံးချမှုအခြေအနေ**

| စဉ် | | အကြောင်းအရာ | မြစ်ကြီးနား | မိုးညှင်း | ဗန်းမော် | ပူတာအို | ပြည်နယ် |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | အသားတင် စိုက်ပျိုးနိုင်သည့်မြေ | ၂၇၈၂၁၂ | ၃၀၇၆၆၉ | ၂၁၀၅၄၀ | ၆၅၃၁၉ | ၈၆၁၇၄၀ |
| ၂ | | ပလပ်ထားသောမြေ | ၂၁၈၁၁ | ၁၈၃၄၂ | ၂၇၁၅၆ | ၂၉၈ | ၆၇၆၀၇ |
| ၃ | | စိုက်ပျိုးနိုင်သောမြေရိုင်း | ၁၃၁၆၂၀၉ | ၆၂၇၈၃၄ | ၆၄၆၂၁၂ | ၇၂၆၁၇၀ | ၃၃၁၆၄၂၅ |
| ၄ | | သစ်တောကြိုးဝိုင်း | ၃၁၁၆၃၆၂ | ၁၈၁၀၉၆၁ | ၁၄၃၅၄၂၂ | ၁၂၈၇၇၃၅ | ၇၆၅၀၄၈၀ |
| ၅ | | အခြားသစ်တောမြေ | ၁၄၀၈၁၂၃ | ၆၈၇၁၄၆ | ၁၀၂၃၃၂ | ၃၇၀၄၃၉၀ | ၅၉၀၁၉၉၁ |
| ၆ | | အခြားမြေ | ၂၆၂၀၄၄၂ | ၃၄၄၁၁၁ | ၂၃၂၉၆၃ | ၁၀၀၆၉၄၄ | ၄၂၀၄၄၆၀ |
| | က | သာသနာ/ဘာသာ/ လူမှုအဖွဲ့မြေ | ၁၃၆၀ | ၁၀၈၂ | ၁၆၄၀ | ၂၄၆၉ | ၆၅၅၁ |
| | ခ | လူနေအိမ်ရာများ | ၂၃၁၀၆ | ၁၀၃၄၈ | ၁၇၉၄၇ | ၅၀၇၁ | ၅၆၄၇၂ |
| | ဂ | စက်မှုဇုန်များ | ၃၉ | ၉၇ | ၁၀၇ | | ၂၄၃ |
| | ဃ | စီးပွားရေးအဆောက်အဦ/ ကုန်ရုံများ | ၁၀ | ၁ | ၂၄ | ၅၇ | ၉၂ |
| | င | ဈေးဆိုင်ခန်း/ကုန်သွယ်မှုမြေ | ၆၃ | ၂၁ | ၁၆ | ၅ | ၁၀၅ |
| | စ | ရုံးများ | ၅၂၇ | ၄၁၀၄ | ၁၇၂ | ၁၂၈ | ၄၉၃၁ |
| | ဆ | ကွန်ပျူတာအဆောက်အဦ | ၁၅၇ | ၅၀ | ၁၅၉ | | ၃၆၆ |
| | ဇ | စာသင်ကျောင်းမြေနေရာ | ၉၁၅ | ၃၅၈ | ၇၀၅ | ၈၆၀ | ၂၈၃၈ |
| | ဈ | ဆေးရုံဆေးခန်းမြေနေရာ | ၁၀၂ | ၈၂ | ၇၀ | ၃၇ | ၂၉၁ |
| | ည | ပန်းခြံ/ကစားကွင်း/ဂေါက်ကွင်း စသည်ဖြင့် | ၂၇၄ | ၄၁ | ၈၄ | ၁၈ | ၄၁၇ |
| | ဋ | လမ်း/တံတားယာဉ်ဝင်း | | | | ၆၃၉၁ | ၆၃၉၁ |
| | ဌ | အခြား | ၂၅၉၃၈၈၉ | ၃၂၇၉၂၇ | ၂၁၂၀၃၉ | ၉၉၁၉၀၈ | ၄၁၃၂၅၇၆၃ |
| ၇ | | ဧက (၁+၂+၃+၄+၅+၆) | ၈၇၆၁၁၅၉ | ၃၇၉၆၀၆၃ | ၂၆၅၄၆၂၅ | ၆၇၉၀၈၅၆ | ၂၂၀၀၂၇၀၃ |
| ၈ | | စတုရန်းမိုင် | ၁၃၆၈၉ | ၅၉၃၁ | ၄၁၄၈ | ၁၀၆၁၁ | ၃၄၃၇၉ |

# ကချင်ပြည်နယ်၏
# ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ (ဧပြီလမှ ဇန်နဝါရီလထိ)
# အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးအခြေအနေ
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ | ၂၀၁၂-၂၀၁၃ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | တစ်နှစ်လုံးစီမံကိန်းရည်မှန်းချက် | ဇန်နဝါရီလကုန်ထိ | | |
| | | | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၈၇၉၇၇. ၉** | **၇၅၁၅၉၉. ၅** | **၃၆၉၀၄၈. ၃** | **၄၉. ၁** | **-၂၄. ၄** |
| | ၁ | လယ်ယာ | ၂၄၉၁၄၂. ၇ | ၃၆၇၂၄၈. ၉ | ၁၅၀၃၈၈. ၆ | ၄၁. ၀ | -၃၉. ၆ |
| | ၂ | သားငါး | ၇၁၀၆၂. ၄ | ၈၉၄၀၃. ၁ | ၆၅၂၅၃. ၃ | ၇၃. ၀ | -၈. ၂ |
| | ၃ | သစ်တော | ၆၀၃၀. ၁ | ၂၀၇၂၃. ၃ | ၆၁၄၄. ၁ | ၂၉. ၆ | ၁. ၉ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၃၉. ၉ | ၇၂၃၅၆. ၆ | ၃၅၉၆၃. ၁ | ၄၉. ၇ | -၃၃. ၉ |
| | ၆ | စက်မှုလက်မှု | ၇၅၄၆၈. ၄ | ၁၂၀၂၈၂. ၆ | ၈၀၄၉၀. ၈ | ၆၆. ၉ | ၆. ၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၈၂၀. ၆ | ၁၂၀၃၂. ၅ | ၂၃၈၇. ၄ | ၁၉. ၈ | -၃၇. ၅ |
| | ၈ | ဆောက်လုပ်မှု | ၂၈၀၁၃. ၈ | ၆၉၅၅၂. ၅ | ၂၈၄၂၁. ၀ | ၄၀. ၉ | ၁. ၅ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၇၅၅၈. ၆** | **၁၃၆၆၆၇. ၄** | **၁၁၅၁၆၅. ၁** | **၈၄. ၃** | **၃၁. ၅** |
| | ၁ | ပို့ဆောင်ရေး | ၅၀၆၈၅. ၉ | ၇၀၁၄၂. ၇ | ၅၄၄၀၅. ၂ | ၇၇. ၆ | ၇. ၃ |
| | ၂ | ဆက်သွယ်ရေး | ၉၀၈၁. ၄ | ၂၇၆၇၈. ၆ | ၂၆၂၄၇. ၆ | ၉၄. ၈ | ၁၈၉. ၀ |
| | ၃ | ငွေရေးကြေးရေး | ၄၇၇. ၀ | ၅၇၁. ၀ | ၆၃၈. ၀ | ၁၁၁. ၇ | ၃၃. ၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၉၀၃၆. ၂ | ၁၃၇၁၂. ၁ | ၁၃၅၃၉. ၉ | ၉၈. ၇ | ၄၉. ၈ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၈၂၇၈. ၁ | ၂၄၅၆၃. ၀ | ၂၀၃၃၄. ၄ | ၈၂. ၈ | ၁၁. ၃ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၅၂၆၁၉. ၇** | **၂၅၃၄၅၆. ၃** | **၁၃၅၆၅၇. ၁** | **၅၃. ၅** | **-၁၁. ၁** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၇၂၈၁၅၆. ၂** | **၁၁၄၁၇၂၃. ၂** | **၆၁၉၈၇၀. ၅** | **၅၄. ၃** | **-၁၄. ၉** |

နောက်ဆက်တွဲ (၁)

# ဒေသန္တရဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း ရည်မှန်းချက်များ

## ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရဘာက်စုံဖွံ့ဖြိုးမှုစီမံကိန်းရည်မှန်းချက်များ

၉။ ပထမကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သည့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဒေသန္တရဘာက်စုံဖွံ့ဖြိုးမှု စီမံကိန်းလုပ်ငန်းများကို အောက်တွင်ဖော်ပြအပ်ပါသည် -

(၁) ကချင်ပြည်နယ်တွင် မြေလွတ်မြေရိုင်းဧက (၃၃၁၆၄၂၅) နှင့် တောရိုင်းမြေ (၅၉၀၁၉၉၁) ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင် (၄၈၃) ဦးနှင့် ကုမ္ပဏီ (၂၆) ခုတို့မှ ဧရိယာဧက (၁၃၈၃၀၆၄) အပေါ်တွင် စပါး၊ ရော်ဘာ၊ သစ်မွှေး၊ ကျွန်း၊ ပျဉ်ကတိုးများကို စိုက်ပျိုးသွားရန်၊

(၂) တည်ဆောက်ပြီးရေလွှဲဆည်၊ ရေလှောင်တမံများ ပြုပြင်ထိန်းသိမ်းရန်၊

(၃) ဆည်ရေစီမံခန့်ခွဲမှု အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၄) လယ်ယာမြေ ရေကြီးနစ်မြုပ်မှုများ ကာကွယ်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(၅) ဆောင်ရွက်ဆဲ ဆည်မြောင်းလုပ်ငန်းများ၊ ဆည်ရေသောက်စနစ်လုပ်ငန်းများ အပြီးအပြတ် တည်ဆောက်ရန်၊

(၆) စက်မှုလယ်ယာမှ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်း၊ ဝါရှောင်ဆည် ရေသောက်ဧရိယာဧက (၁၀၀)၊ မိုးကောင်းမြို့ ကုလားကုန်းဆည်ရေသောက်ဧရိယာ (၁၀၀) နှင့် ဟိုပင်မြို့နယ်ခွဲ မြို့သစ်ကလေး ဆည်ရေသောက်ဧရိယာ (၁၀၀) တို့ကို အဆင့်မြင့်လယ်ယာအဖြစ် ပြောင်းလဲဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများ အသုံးတည့်သည့်စက်များ လက်လှမ်းမီသည့် ဈေးနှုန်းဖြင့် အရစ်ကျ/ အကြွေးစနစ်ဖြင့် ဝယ်ယူရရှိရန်၊

(၈) လယ်ယာသုံး စက်ကိရိယာများ စက်ကိုင်တွယ် ကျွမ်းကျင်မှုသင်တန်း တိုးချဲ့ဖွင့်လှစ်ရန်၊

(၉) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက် အောင်မြင်ရေး ဆောင်ရွက်သွားရန်၊

(၁၀) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနည်းကျစိုက်စနစ် (၁၄) ချက်ဖြင့် စိုက်ပျိုးခြင်း၊ သီးနှံအလိုက် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ပြုလုပ်ခြင်း၊ နည်းပညာတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန် ခေတ်မီမျိုးစေ့သန့်စင်စက်များ တည်ထောင်သွားရန်၊

(၁၁) ကုန်းမြင့်လယ်ယာမြေစနစ် ဖော်ထုတ်နိုင်ရန် ရွှေ့ပြောင်းအနေဖြင့် ဧက (၂၀၀၀) စိုက်ပျိုးသွားရန်၊

(၁၂) ငွေကြေးရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်ဘတ်ဂျက်၊ ပြည်ပချေးငွေအထောက်အပံ့၊ ပြည်တွင်း ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အများပိုင်ဘဏ်များမှ စိုက်ထုတ်မှု၊ ကုမ္ပဏီများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့မှ ဆောင်ရွက်သွားရန်၊

(၁၃) လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမရှိသော ဒေသများတွင် ဘဏ်ခွဲများ ဖွင့်လှစ်ရန်၊

(၁၄) ခိုင်းကျွဲ/ခိုင်းနွား အထူးချေးငွေများ ထုတ်ပေးရန်၊

(၁၅) ယခင်ချေးငွေ မရယူခဲ့သော တောင်သူများအား စာရင်းထည့်သွင်းထုတ်ချေးရန်၊

(၁၆) စိုက်ပျိုးစရိတ်ချေးငွေများ လုံလောက်မှန်ကန်စွာ ရရှိရန်၊

(၁၇) စပါးအပြင် စီးပွားရေးတွက်ခြေကိုက် သီးနှံများအတွက် စိုက်ပျိုးစရိတ် တိုးတက်ထုတ်ချေးပေးရန်၊

(၁၈) လယ်ယာမြေ မှတ်ပုံတင်ခြင်းလုပ်ငန်းအား ပြည်သူလူထုများကြား ရှင်းလင်းအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၉) ကုန်းမြင့်လယ်ယာမြေဖော်ထုတ်၍ နှစ်ရှည်ရော်ဘာစိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်ရန်၊

(၂၀) အဆိုပါလုပ်ငန်းများ အောင်မြင်စေရန် အပြည်ပြည်ဆိုင်ရာနှင့် ၎င်းဒေသတွင်း ပူးပေါင်း ဆောင်ရွက်ခြင်း (လုပ်ငန်းရှင်၊ ကုမ္ပဏီများ၊ တောင်သူများ) သီးနှံအထူးပြုကုမ္ပဏီများ၊ အစုအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်သွားရန်၊

(၂၁) အသားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်များ သုံးလျက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဆောင်ရွက်သွားရန်နှင့် ဒေသ၏ နို့ထုတ်လုပ်မှုကို ပြည်နယ်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သွားရန်၊

(၂၂) တိရစ္ဆာန်ရောဂါကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သား သင်တန်းများကို ပြည်နယ်အတွင်း (၁၁) မြို့နယ်၌ ဆောင်ရွက်သွားရန်နှင့် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင်ဒေသများ၌ စပ်မျိုးကောင်းမျိုးသန့်ခြံများ တည်ထောင်၍ ဆောင်ရွက်သွားရန်၊

(၂၃) တစ်ပိုင်တစ်နိုင် ဟင်းစားမွေးမြူရေးမှ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် စီးပွားဖြစ်မွေးမြူရေးသို့လည်းကောင်း စည်းရုံးဆောင်ရွက်သွားရန်၊ အသားကဏ္ဍအစုအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်သွားရန်နှင့် ပုဂ္ဂလိက နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ ဆောင်ရွက် သွားရန်၊

(၂၄) ကချင်ပြည်နယ်အတွင်း မြို့နယ် (၁၈) မြို့နယ်တွင် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုနှင့် ရောဂါ ကာကွယ်ရေးလုပ်ငန်းများ မြှင့်တင်ပြီး အသားကဏ္ဍ ထုတ်ကုန်စီးဆင်းမှုဆန်းစစ်စီမံခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများကို ဆောင်ရွက်သွားရန်၊

(၂၅) မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအိုမြို့နယ်တွင် တစ်မြို့နယ် ကျေးရွာ (၂၀)၊ ကျေးရွာတစ်ရွာတွင် ဆင်းရဲသော အိမ်ထောင်စု (၂၀) တို့ကို အခြေခံ၍ အိမ်ထောင်စု (၄၀၀) အားအခြေခံ၍ မွေးမြူရေး ဘဏ်စနစ်ဖြင့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း တစ်ပိုင်တစ်နိုင် မွေးမြူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်၊

(၂၆) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်ရေးအတွက် လက်ရှိလုပ်ငန်းများအပြင် လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်သွားရန်၊

(၂၇) သစ်တောကဏ္ဍတွင် ကချင်ပြည်နယ်၌ သစ်တောသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝ ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားရန် -

(က) ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၃၀၁၆၅) ဧက၊ (မြစ်ကြီးနား)၊

(ခ) ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၁၅၇၄၄၀၀) ဧက (တနိုင်းမြို့နယ်)၊

(ဂ) ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (တိုးချဲ့) ဧက (၁၀၇၀၇၂၀) (တနိုင်း/ ဖားကန့်မြို့နယ်)၊

(ဃ) အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧက (၂၀၁၃၈၆) (မိုးညှင်းမြို့နယ်)၊

(င) ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧက (၉၄၂၀၈၀) (နောင်မွန်းမြို့နယ်)၊

(စ) ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧက (၆၆၈၁၆၀) (ပူတာအိုမြို့နယ်)၊

(ဆ) ဆွမ်ဖာဘွမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧက (၄၅၈၂၄၀) (ဆွမ်ပရာဘွမ်မြို့နယ်)။

(၂၈) သစ်တောများကို မပြုန်းတီးစေရန် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်း၊ ရေဝေရေလဲထိန်းသိမ်းခြင်းလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊

(၂၉) သစ်တောကဏ္ဍတွင် လူမှုအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ (NGOs, INGOs) များကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ဒေသခံလူထု ဝင်ငွေတိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊

(၃၀) နိုင်ငံခြားအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ -

(က) ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်းတည်ထောင်ခြင်း၊

(ခ) အင်းတော်ကြီးကန် ရေဝေရေလဲထိန်းသိမ်းကာကွယ်ခြင်း၊

(ဂ) ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဇီဝမျိုးကွဲထိန်းသိမ်း ကာကွယ်ခြင်း၊

(ဃ) ဟူးကောင်းဘေးမဲ့တော ကျားထိန်းသိမ်းကာကွယ်ခြင်း၊

(င) ဆေးဖက်ဝင်အပင် ထိန်းသိမ်းကာကွယ်ခြင်း၊

(စ) မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ဒေသမျိုးရင်းများ ကာကွယ်ခြင်း၊

(ဆ) နှာခေါင်းလန်မျောက်ထိန်းသိမ်းကာကွယ်ခြင်း၊

(ဇ) ရွှေ့ပြောင်းတောင်ယာစနစ် လျှော့နည်းပပျောက်ရေး စီမံကိန်း၊

(၃၁) သတ္တုကဏ္ဍတွင် သတ္တုတွင်းသစ်များ တိုးချဲ့ရှာဖွေခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျှော့နည်းစေရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီးများ ရှာဖွေကာ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်သွားရန်၊

(၃၂) ရွှေကုမ္ပဏီများမှ ရွှေဖက်စပ်လုပ်ကွက်များကို တိုးချဲ့လုပ်ကိုင်သွားရန်၊ ကျောက်စိမ်းထုတ်လုပ်မှုအနေဖြင့် ဒေသတည်ငြိမ်မှုမရှိသဖြင့် ရပ်ဆိုင်းထားရသော်လည်း တည်ငြိမ်အေးချမ်းလာပါကတိုးချဲ့ဆောင်ရွက်သွားရန်နှင့် ကျောက်စိမ်းများအား အချောထည်ပြုလုပ်ရာတွင် လက်မှုစနစ်မှ ကွန်ပျူတာပုံဖော်စနစ်ဖြင့် တိုးချဲ့ဆောင်ရွက်သွားရန်၊

(၃၃) ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသော ကျောက်စိမ်းတွင်းဝခွန်နှင့် အထူးသတ္တုရွှေနှင့် အခြားသတ္တုပစ္စည်းများ၏ ပြည်ထောင်စုရန်ပုံငွေပေးသွင်းမှုမှ သင့်လျော်သော ရာခိုင်နှုန်းအား ပြည်နယ်ရန်ပုံငွေသို့ ရရှိရေး ဆောင်ရွက်ရန်၊

(၃၄) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားစက်မှုဇုန်နှင့် ကုန်သွယ်မှုဇုန်၊ ဗန်းမော်စက်မှုဇုန်နှင့် ကုန်သွယ်မှုဇုန်များကို တည်ထောင်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများ စတင်ဆောင်ရွက်ထားရှိရန်နှင့် ကျေးလက်ဒေသ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများတိုးတက်ရေးဆောင်ရွက်သွားရန်၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန်နှင့် တန်ဖိုးမြင့်ကုန်ချောထုတ်စက်ရုံများ ဖြစ်ပေါ်လာရေး စတင်ဆောင်ရွက်ရန်၊

(၃၅) လျှပ်စစ်ကဏ္ဍတွင် ကချင်ပြည်နယ်သည် ရေအားလျှပ်စစ်ကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ရရှိလာပါက ရေအားလျှပ်စစ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရန်နှင့် အခြားဒေသများတွင် ရေနွေးငွေ့စက်များဖြင့် ဓာတ်အားဖြန့်ဖြူးသွားနိုင်ရန်၊

(၃၆) ဆောက်လုပ်ရေးကဏ္ဍတွင် စီးပွားရေးဖွံ့ဖြိုးမှု၏ သော့ချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လမ်း၊ တံတား၊ အိုးအိမ်များ တိုးချဲ့ဆောင်ရွက်ရန်၊ ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စစ်ဘေးရှောင်ပြည်သူများ နေထိုင်ရေးအဆောက်အဦများ ဆောက်လုပ်သွားရန်၊

(၃၇) ပို့ဆောင်ရေးကဏ္ဍတွင် လူဦးရေထူထပ်ပြီး အချက်အချာကျသည့် မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်းစသည့်မြို့များ ဒေသထွက်ကုန်ရှိသည့် မြို့များ၊ သယံဇာတထွက်ရှိသည့် ဒေသများကို အခြေခံ၍ပို့ဆောင်ရေးကွန်ရက် ထူထောင်ကာ လိုအပ်သည့် ယာဉ်များကို ပြည်ပမှ မှာယူတင်သွင်းနိုင်ရေးဆောင်ရွက်ထားရှိရန်၊

(၃၈) ဆက်သွယ်ရေးကဏ္ဍတွင် သက်တမ်းကြာမြင့်နေသည့် မြေအောက် ကေဘယ်ကြိုးများ၊ ကောင်းကင် ကေဘယ်ကြိုးများအား စနစ်တကျ လဲလှယ်ခြင်း၊ လမ်းများ ရပ်ကွက်များ တိုးချဲ့လာသည်နှင့်အမျှ တယ်လီဖုန်းလိုင်းကွန်ရက်များ တိုးချဲ့ပေးခြင်း၊ တိုင်များလဲလှယ်ခြင်းများကို ဆောင်ရွက်သွားရန်နှင့် မိုဘိုင်းလိုင်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်သွားရန်၊

(၃၉) ငွေရေးကြေးရေးကဏ္ဍတွင်လည်း ပြည်ထောင်စုမှချမှတ်ထားသော မူဝါဒများနှင့်အညီ ဒေသတွင်း တိုးတက်မှုရရှိအောင် ဆောင်ရွက်သွားရန်၊ အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အများပိုင်ဘဏ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄၀) ပညာရေးကဏ္ဍတွင် ရှေးဦးကလေးသူငယ်ပြုစုရေးနှင့် အခမဲ့မသင်မနေရ ပညာရေးစနစ် တိုးတက် လာစေရန် ဆောင်ရွက်သွားရန်၊ အလယ်တန်းနှင့်အထက်တန်းဆင့် ကျောင်းနေမြဲရေးလုပ်ငန်း၊ အခြေခံပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအဆင့်မီဖြစ်စေရန်၊ ပုဂ္ဂလိကကျောင်းများ စတင် ဆောင်ရွက်လာနိုင်စေရန်၊ ဆရာ/ဆရာမများ အရည်အသွေးမြင့်မားလာစေရန်၊ ကလေးဗဟိုပြု သင်ကြားမှုစနစ် အစပျိုးထားရန်၊ တက္ကသိုလ်ပညာရေးဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားရန်၊

(၄၁) ကျန်းမာရေးကဏ္ဍတွင် ငှက်ဖျားရောဂါ၊ နမိုးနီးယားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ သွေးတိုး၊ နှလုံးရောဂါများ လျော့နည်းလာစေရန် စီမံချက်များချမှတ်၍ ဆောင်ရွက်ရန်နှင့် ကျန်းမာရေးတွင် ဆေးရုံဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ ဖွံ့ဖြိုးလာစေရန်နှင့် ယာဉ်ပစ္စည်းကိရိယာများ လုံလောက်မှုရှိစေရေးဆောင်ရွက်ရန်၊

(၄၂) ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် အခြေခံကျ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် -

(က) မြစ်ကြီးနား (ဝိုင်းမော်) စက်မှုနှင့်ကုန်သွယ်မှုဇုန်စီမံကိန်း၊

(ခ) ဆဒုံးမြို့နယ်ခွဲ (ဝိုင်းမော်) လန်နချောင်း ရေတံခွန်အပန်းဖြေစခန်းစီမံကိန်း၊

(ဂ) ဗန်းမော်မြို့နယ်စက်မှုနှင့် ကုန်သွယ်မှုဇုန်စီမံကိန်း၊

(ဃ) မိုးညှင်းမြို့နယ် အင်းတော်ကြီးဟိုတယ်ဇုန်စီမံကိန်း၊

(င) ပူတာအိုမြို့နယ်တွင် ဟိုတယ်ဇုန်စီမံကိန်း။

(၄၃) စည်ပင်သာယာရေးကဏ္ဍတွင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန် လမ်းများ၊ တံတားများ တိုးချဲ့ပြုပြင် ဆောင်ရွက်ခြင်း၊ ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ခြင်းအပြင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ချေးငွေအစီအစဉ်ဖြင့် မြစ်ကြီးနားမြို့ ရေပေးရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရန်၊

(၄၄) ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် သမဝါယမအသင်းများ ကျေးလက်များ၌ ဖွဲ့စည်း ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကျေးရွာအဆင့်ဆွေးနွေးပွဲများကို ဆောင်ရွက်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများ၊ သဘာဝဘေးဒဏ်ခံ အဆောက်အဦ များဆောက်လုပ်နိုင်ရေးအတွက် ကြိုတင်စီမံထားရှိရန်၊

(၄၅) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေး အကျိုးအမြတ် အလျှင်အမြန်ရရှိနိုင်မည့် ကျေးလက်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်။

**နောက်ဆက်တွဲ (၂)**

# ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ

**ဝန်ကြီးဌာနအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ**

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ၏**
**ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

(ကျပ်သန်းပေါင်း)

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်းအရေအတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု | | မှတ်ချက် |
| | | | | | ဘတ်ဂျက် | အကူအညီ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍ** | ၂ | | **၈၉၀. ၀** | | |
| | ၁ | တကွင်းရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်း မြေသားအလျား ၂၅၀ ပေ၊ အမြင့် ၆ပေအကျိုးပြုဧက ၄၀၀၀ | | (ဟိုပင်) | ၄၉၅. ၀ | | |
| | ၂ | ပေါင်းနက်ရေလှောင်တမံ | | ရွှေကူ | ၃၉၅. ၀ | | |
| ၂ | | **သားငါးကဏ္ဍ** | ၁၄ | | | | |
| | ၁ | BSL အဆင့် (၂) ဓာတ်ခွဲခန်းနှင့် ဒေသဆိုင်ရာရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများထူထောင်ခြင်း | | ကချင် | | ၁၂. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ နယူးဇီလန်အစိုးရ USD |
| | ၂ | အအေးပိုင်း ငါးမွေးမြူရေးနှင့် သားဖောက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု | | ပူတာအို | | ၃. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ FAO (USD) |
| | ၃ | မွေးမြူရေးကို အခြေခံသော ငါးဖမ်းဆီးထုတ်လုပ်မှုလုပ်ငန်းစီမံကိန်း | | ကချင် | | ၁. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ ဩစတေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ သုတေသန ဗဟိုဌာန (Australian D) |
| | ၄ | တိရစ္ဆာန်မျိုးပွားဌာနနှင့်မေထုန်မဲ့ သားစပ်ဌာနများနှင့် လယ်သမားသင်တန်းကျောင်းတည်ထောင်ခြင်း | | | | ၃. ၅ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ နယူးဇီလန်အစိုးရ USD |
| | ၅ | မွေးမြူရေးဇုန်များတွင် ဇီဝလုံခြုံမှုမြှင့်တင်ခြင်း (၂၇) ဇုန် | | | | ၂. ၇ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ ဩစတေးလျအစိုးရ(USD) |
| | ၆ | ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစီမံကိန်း (၈၄) မြို့နယ် | | | | ၂၅. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (DFIF) USD |
| | ၇ | နို့စားနွားမွေးမြူမှုဖွံ့ဖြိုးရေးစီမံကိန်း | | ကချင် | | ၂၅. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (DFIF) USD |

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်းအရေအတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် | ရင်းနှီးမြှုပ်နှံမှု အကူအညီ | မှတ်ချက် |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၈ | ကွဲပြွားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း | | ကချင် | ၈. ၃၄ | | |
| | ၉ | သဘာဝပတ်ဝန်းကျင်နှင့်အရင်းအမြစ်များ ရေရှည်တည်တံ့ရန် စီမံခန့်ခွဲရေးစီမံကိန်း | | | | ၂. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (ADB) USD |
| | ၁၀ | Strengthening the disease control systems which support, coordinate and tar get farm and village level | | | | ၅. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (FAO) USD |
| | ၁၁ | နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများတွင် လိုအပ်သော စံချိန်စံညွှန်းဥပဒေ (Standards/Regulations for Fishery Products) များ ရေးဆွဲရေးစီမံကိန်း | | | | ၀. ၂ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (ADB) USD |
| | ၁၂ | Fisheries Indicators များအတွက် စာရင်းကောက်ယူပြုစုခြင်း | | | | ၅. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (FAO/ Australian AID) USD |
| | ၁၃ | သယံဇာတလေ့လာရေးအတွက် ဂြိုဟ်တုမှ အသုံးပြုနည်းပညာသင်တန်း Remote Sensing for Resources Conservation | | | | ၁. ၀ mil | ၂၀၁၃-၂၀၁၄ မှ ၂၀၁၅-၂၀၁၆ ထိ (FAO/ Australian Australian AID USD |
| | ၁၄ | လျှပ်စစ်အသံလိုင်းလွှင့်နည်းပညာ (Hydroacoustic) ဖြင့် ငါးသားပေါက်နှင့် ပေါက်ပွားရာရေပြင်များကို လေ့လာခြင်း | | | | ၁၀. ၀ mil | ,, |
| ၃ | | **သစ်တောကဏ္ဍ** | ၈ | | **၀. ၄၃၈** | | |
| | ၁ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း တည်ထောင်ခြင်း | | ဝိုင်းမော် ချီဖွေ၊ ပူတာအို | ၀. ၀၁၆ | | |
| | ၂ | အင်းတော်ကြီးကန်ရေဝေရေလဲထိန်းသိမ်း ကာကွယ်ခြင်း | | မိုးညှင်း | ၀. ၁၂၀ | | |
| | ၃ | ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ခြင်း | | ပူတာအို၊ နောင်မွန်း၊ ပန်နန်းဒင် | ၀. ၀၇၁ | | |
| | ၄ | ဟူးကောင်းဘေးမဲ့တော ကျားထိန်းသိမ်း ကာကွယ်ခြင်း | | တနိုင်း၊ ရှင်ဗွေယံ | ၀. ၀၇၁ | | |
| | ၅ | မြန်မာ-တရုတ်နယ်စပ်တစ်လျှောက် တောမီး ကာကွယ်ထိန်းသိမ်းခြင်း | | ချီဖွေ၊ ဆော့လော် | ၀. ၀၄၃ | | |

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်း အရေ အတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု | | မှတ်ချက် |
| | | | | | ဘတ်ဂျက် | အကူ အညီ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၆ | ဆေးဖက်ဝင်အပင်များကာကွယ်ထိန်းသိမ်းခြင်း | | ပူတာအို၊ မိုးမောက် မြစ်ကြီးနား | ၀. ၀၅၅ | | |
| | ၇ | မျိုးသုဉ်းပျောက်ကွယ်နိုင်သည့်ဒေသမျိုးရင်းများထိန်းသိမ်းစောင့်ရှောက်ခြင်း | | မြစ်ကြီးနား ပူတာအို ချီဖွေ | ၀. ၀၃၀ | | |
| | ၈ | နှာခေါင်းလန်မျောက်ကာကွယ်ထိန်းသိမ်းခြင်း | | ချီဖွေ ဆော့လော် ခေါင်လန်ဖူး | ၀. ၀၃၂ | | |
| **၄** | | **စက်မှုလက်မှုကဏ္ဍ** | **၁** | | **၂. ၀** | | |
| | ၁ | အခြေခံရက်ကန်းကျောင်း (အလုပ်ရုံ) | | မြစ်ကြီးနား | ၂. ၀ | | |
| **၅** | | **လျှပ်စစ်ကဏ္ဍ** | **၃** | | **၃၆၂. ၅** | | |
| | ၁ | ဝိုင်းမော်-မြစ်ကြီးနား (၁)၊ (၂)၊ (၃) ၆၆ ကေဗွီ ဓာတ်အားလိုင်း | | | ၄၁. ၃ | | |
| | ၂ | 66/11kV, 10 MVA မြစ်ကြီးနား (၁) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း | | | ၁၅၀. ၆ | | |
| | ၃ | 66/11kV, 10 MVA မြစ်ကြီးနား (၂) ဓာတ်အားခွဲရုံ | | | ၁၇၀. ၆ | | |
| **၆** | | **ဆောက်လုပ်ရေးကဏ္ဍ** | **၅၉** | | **၁၈၆၉၀၆. ၄** | | |
| | ၁ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် (ရုံး/အိမ်ရာ) | | | ၈၁၉. ၀ | | |
| | ၂ | မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း | | | ၂၀၀၀. ၀ | | |
| | ၃ | ကသာ-ဗန်းမော်လမ်း (ကသာ-စင်ခန်း) လမ်းတိုးတက်ပြုပြင်ခြင်း | | | ၆၀၀. ၀ | | |
| | ၄ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း | | | ၃၀၀. ၀ | | |
| | ၅ | မြစ်ကြီးနား-တနိုင်း-ပန်ဆောက်-လီဒိုလမ်း | | | ၃၅၀. ၀ | | |
| | ၆ | မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း | | | ၃၅၀. ၀ | | |
| | ၇ | မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း | | | ၃၁၅၀. ၀ | | |
| | ၈ | မချမ်းဘော-ဖရုခ-နောင်မွန်းလမ်း | | မချမ်းဘော၊ နောင်မွန်း | ၁၁၉၆၈ | | |
| | ၉ | ပူတာအို-နောင်ခိုင်-မချမ်းဘောလမ်း | | ပူတာအို | ၁၂၈၈. ၀ | | |
| | ၁၀ | မြစ်ကြီးနား-တနိုင်း-ပန်ဆောင်-လီဒိုလမ်း | | မြစ်ကြီးနား ပန်ဆောင် | ၆၂၈၂. ၀ | | |
| | ၁၁ | မန်ဝိုင်း-ချီဖွေ-လော့ခေါင်-ထော်ဂေါ့-ဖီဖော်လမ်း | | ဝိုင်းမော် | ၄၀၈၆၁ | | |
| | ၁၂ | ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်း | | ချီဖွေ | ၃၉၃၃၀ | | |
| | ၁၃ | ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီလမ်း | | ဝိုင်းမော် ဆဒုံး ကန်ပိုက်တီ | ၁၃၅၇၆ | | |
| | ၁၄ | ရပ်ဘော့-ငေါ့လုံဒမ်-ခေါင်လန်ဖူးလမ်း | | နောင်မွန်း၊ ခေါင်လန်ဖူး | ၃၁၈၉၉ | | |

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်းအရေအတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု | | မှတ်ချက် |
| | | | | | ဘတ်ဂျက် | အကူအညီ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၁၅ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖုန်အင်ခတံတား (၁/၃၆) လုပ်ငန်းသစ်တံတား | | မြစ်ကြီးနားခရိုင် | ၉၀၀. ၀ | | ၂၀၁၃-၂၀၁၄ မှ ၂၀၁၄-၂၀၁၅ ထိ |
| | ၁၆ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဆီနင်ခတံတား (၆/၁၁၁)လုပ်ငန်းသစ်တံတား | | ဆွမ်ပရာဘွမ် | ၇၂၀. ၀ | | ။ |
| | ၁၇ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တန်ဂျာ(၁)တံတား(၂/၁၉၃)လုပ်ငန်းသစ်တံတား | | ပူတာအိုခရိုင် | ၄၈၀. ၀ | | ။ |
| | ၁၈ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တန်ဂျာ(၂)တံတား(၂/၁၉၃)လုပ်ငန်းသစ်တံတား | | ။ | ၉၆၀. ၀ | | ။ |
| | ၁၉ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ လုံ့ရှာယန် (၂/၁၉၈) လုပ်ငန်းသစ်တံတား | | ။ | ၈၀၀. ၀ | | ။ |
| | ၂၀ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖတ်မာတံတား (၁/၂၀၄) လုပ်ငန်းသစ်တံတား | | ။ | ၇၂၀. ၀ | | ။ |
| | ၂၁ | မန္တလေး-တကောင်း-ဗန်းမော်-မဟာမျှဟာလမ်းပေါ်ရှိ ပေါင်းနက်လယ်ပြင် (၁) လုပ်ငန်းသစ်တံတား | | ရွှေကူ | ၂၀၇. ၀ | | ။ |
| | ၂၂ | မန္တလေး-တကောင်း-ဗန်းမော်-မဟာမျှဟာလမ်းပေါ်ရှိ ငါးဘတ်ကြီးတံတားလုပ်ငန်းသစ်တံတား | | ရွှေကူ | ၄၀၈. ၀ | | ။ |
| | ၂၃ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၁/၁၆၉) နန့်စီးအောင်လုပ်ငန်းသစ်တံတား | | မိုးညှင်း | ၂၆၃. ၀ | | ။ |
| | ၂၄ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၅/၁၇၉) ဆယ်မိုင်လုပ်ငန်းသစ်တံတား | | မိုးညှင်း | ၃၂၄. ၀ | | ။ |
| | ၂၅ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၆/၁၉၂) ညောင်လေးပင်လုပ်ငန်းသစ်တံတား | | မိုးညှင်း | ၂၇၀. ၀ | | ။ |
| | ၂၆ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၆/၁၉၆) အင်းကုန်းလုပ်ငန်းသစ်တံတား | | မိုးညှင်း | ၁၆၂. ၀ | | ။ |
| | ၂၇ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၈/၂၀၂) လယ်မှီးလုပ်ငန်းသစ်တံတား | | မိုးညှင်း | ၄၈၅. ၀ | | ။ |
| | ၂၈ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၄/၂၁၂) တဝက်ချောင်းလုပ်ငန်းသစ်တံတား | | ဟိုပင် | ၇. ၀ | | ။ |
| | ၂၉ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၁/၂၁၈) ပွင့်ဖြူလုပ်ငန်းသစ်တံတား | | မိုးကောင်း | ၂၇၀. ၀ | | ။ |
| | ၃၀ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၆/၂၁၈) လုပ်ငန်းသစ်တံတား | | ။ | ၇. ၀ | | ၂၀၁၂-၂၀၁၃ မှ ၂၀၁၄-၂၀၁၅ ထိ |
| | ၃၁ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၆/၂၂၀) သဲဖြူချောင်းလုပ်ငန်းသစ်တံတား | | ။ | ၇. ၀ | | ။ |
| | ၃၂ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၃/၂၂၃) အင်ကြင်းကုန်းလုပ်ငန်းသစ်တံတား | | ။ | ၄၈၅. ၀ | | ၂၀၁၃-၂၀၁၄ မှ ၂၀၁၄-၂၀၁၅ ထိ |

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်းအရေအတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု | | မှတ်ချက် |
| | | | | | ဘတ်ဂျက် | အကူအညီ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၃၃ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၂/၂၃၁) တောင်နီလုပ်ငန်းသစ်တံတား | | မိုးကောင်း | ၇. ၀ | | ၂၀၁၃-၂၀၁၄ မှ ၂၀၁၄-၂၀၁၅ ထိ |
| | ၃၄ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၃/၂၃၃) သိုက်ဝါးကုန်းလုပ်ငန်းသစ်တံတား | | ။ | ၂၆၂. ၀ | | ။ |
| | ၃၅ | ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၃/၂၃၆) ဆားမှော်လုပ်ငန်းသစ်တံတား | | ။ | ၁၅၄. ၀ | | ။ |
| | ၃၆ | မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင် လမ်းပေါ်ရှိ တရုံတံတားလုပ်ငန်းသစ်တံတား | | တနိုင်း | ၅၄၀၀. ၀ | | ၂၀၁၃-၂၀၁၄ မှ ၂၀၁၄-၂၀၁၅ ထိ |
| | ၃၇ | မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင် လမ်းပေါ်ရှိ တဝမ်တံတားလုပ်ငန်းသစ်တံတား | | ။ | ၃၀၀၀. ၀ | | ။ |
| | ၃၈ | မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင် လမ်းပေါ်ရှိ ခလုံးတံတားလုပ်ငန်းသစ်တံတား | | ။ | ၅၄၀. ၀ | | ။ |
| | ၃၉ | တိုင်းဒေသကြီးဦးစီးမှူးရုံးတည်ဆောက်ခြင်း လုပ်ငန်း | | မြစ်ကြီးနား | ၉၃၈. ၆ | | |
| | ၄၀ | ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ခြင်း | | | ၅၇၆၇. ၀ | | |
| | ၄၁ | မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း | | | | ၃၅. ၆ | USD |
| | ၄၂ | မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းအချက်ပြ ဆက်သွယ်ရေးအဆင့်မြှင့်ခြင်းလုပ်ငန်း | | | | ၂၅. ၀ | USD |
| | ၄၃ | အမှတ် (၁) ရဲစခန်း၊ အမှတ် (၂) ရဲစခန်း၊ ခရိုင်ရုံး၊ မူခင်းတပ်ဆွယ်ရုံးနှင့် အခြား ရဲစခန်းများ တည်ဆောက်ခြင်းလုပ်ငန်း | | မြစ်ကြီးနား ချီဖွေ၊ ဝိုင်းမော် မန်စီ၊ ရွှေကူ မိုးညှင်း မိုးကောင်း ဖားကန့် | ၈၆၉. ၇၄၇ | | |
| | ၄၄ | အမှတ် (၃၀) ရဲတပ်ရင်းရုံးစားချက်ဆောင် နှင့်အခြားတည်ဆောက်ရေးလုပ်ငန်းများ | | မြစ်ကြီးနား | ၁၆၁. ၇၂၈ | | |
| | ၄၅ | ကချင်ပြည်နယ်နောင်မွန်းမြို့နယ် သာသနာရေးမှူးရုံးဆောက်ခြင်း | | | ၁၂. ၀ | | |
| | ၄၆ | မြစ်ကြီးနားတက္ကသိုလ်ရှိ ဆောက်လုပ်ရေး လုပ်ငန်းများ | | | ၅,၀၇၅. ၈၉ | | |
| | ၄၇ | မိုးညှင်းဒီဂရီကောလိပ်ရှိဆောက်လုပ်ရေး လုပ်ငန်းများ | | | ၂,၁၄၈. ၅၀ | | |
| | ၄၈ | ခရိုင်တိုင်းရင်းဆေးကုဌာန (၃) ခုဆောက်ခြင်း (မိုးညှင်း၊ ကော့ကရိတ်၊ ညောင်ဦး) | | | ၁၃၅. ၀၀၀ | | |
| | ၄၉ | မိုးမောက်မြို့နယ် တိုင်းရင်းဆေးကုဌာန ဆောက်ခြင်း | | | ၂၄၀. ၀၀၀ | | |

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်းအရေအတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် | ရင်းနှီးမြှုပ်နှံမှု အကူအညီ | မှတ်ချက် |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၅၀ | မြစ်ကြီးနားခုတင် (၅၀၀)ဆံ့ တိုင်းရင်းဆေးရုံ ဆောက်ခြင်း | | | ၃၅၂. ၀၀၀ | | |
| | ၅၁ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဗန်းမော်ခရိုင်ရုံး RC (၁) ထပ်ဆောက်လုပ်ခြင်း | | | ၂၅. ၀၀၀ | | |
| | ၅၂ | နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ဆရာ/ဆရာမဆောင် (၆) ခန်းတွဲ (၂)လုံး (Brick Pillar) ဆောက်လုပ်ခြင်း | | | ၁၅၀. ၀ | | |
| | ၅၃ | ကျေးလက်ရေရရှိရေး (ဘတ်ဂျက်) | | | ၇၀၈. ၀ | | |
| | ၅၄ | ကျေးလက်အိမ်ရာတည်ဆောက်ခြင်း | | | ၁၉၂. ၀ | | |
| | ၅၅ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | | | ၉၀. ၀ | | |
| | ၅၆ | လူမှုဝန်ထမ်းဦးစီးဌာန ပရိဘောဂနှင့်ယာဉ်များ | | | ၃၀၀. ၀ | | |
| | ၅၇ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဆောက်လုပ်ရေး/စက်ကိရိယာ/ပရိဘောဂ | | | ၉၆. ၉ | | |
| | ၅၈ | သမဝါယမဦးစီးဌာန စက်ကိရိယာ/ပရိဘောဂ | | | ၂. ၅ | | |
| | ၅၉ | စိုက်ပျိုးရေးဦးစီးဌာန ဆောက်လုပ်ရေး/စက်ကိရိယာ/ပရိဘောဂ | | | ၃၀. ၅ | | |
| ၇ | | **ပို့ဆောင်ရေးကဏ္ဍ** | ၁၁ | | **၂၂၁၈၇. ၆** | | |
| | ၁ | မြစ်ကြီးနားလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း | | | ၂၄၃၂. ၀ | | |
| | ၂ | ပို့ဆောင်ရေးဝန်ကြီးဌာနအလျား ၆၀ ပေ၊ အကျယ် ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ် အဆောက်အဦ (၄) လုံး တည်ဆောက်ခြင်း မြစ်ကြီးနား (၂) လုံး၊ဗန်းမော် (၂) လုံး၊ | | | ၈၀. ၀ | | |
| | ၃ | ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း | | | ၄၂၆၇. ၀ | | |
| | ၄ | မန္တလေး-မြစ်ကြီးနား ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း | | | ၄၀၀. ၀ | | |
| | ၅ | မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်း | | | | | |
| | | - ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | | မြစ်ကြီးနား ဗန်းမော် ရွှေကူ | ၁၅၆၃. ၃ | | |
| | | - ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | | ကသာ- ဗန်းမော် | ၅၃၆၇. ၀ | | |
| | ၆ | မန္တလေး-မြစ်ကြီးနားလမ်းပိုင်း OFC ဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်း | | မန္တလေး မြစ်ကြီးနား | ၄၇၃၅. ၀ | | |

| စဉ် | | ကဏ္ဍ/စီမံကိန်း (project/Investment) | လုပ်ငန်း အရေ အတွက် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | ဒေသ | ရင်းနှီးမြှုပ်နှံမှု ဘတ်ဂျက် | ရင်းနှီးမြှုပ်နှံမှု အကူ အညီ | မှတ်ချက် |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၇ | ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) ဆိုင်ရာ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | | | ၀. ၅ | | |
| | ၈ | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးရေး၊ ကျွမ်းကျင်ယာဉ်မောင်းများအားစနစ်တကျ မွေးထုတ်ပေးခြင်းနှင့် ယာဉ်မောင်းစစ်ဆေးခြင်း လုပ်ငန်းများတွင် ခေတ်မီစက်ကိရိယာများ နှင့်အသုံးပြု၍ ပြောင်းလဲစစ်ဆေးခြင်း | | | ၁. ၀ | | |
| | ၉ | မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ တိုးတက် ပြောင်းလဲလာသည့်အခြေအနေများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းခြင်း | | | ၀. ၁ | | |
| | | - အခွန်ရငွေ | | | ၅၅. ၅ | | |
| | | - သာမန်ရငွေ | | | ၆၂. ၇ | | |
| | ၈ | ပြည်သူလူထုသို့ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာသော စနစ်သို့ ကူးပြောင်း ဆောင်ရွက်ခြင်း | | | ၁၆၈. ၆ | | |
| | ၉ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း | | | ၀. ၁ | | |
| | ၁၀ | Good Governence & Clean e-Government စနစ်ဆောင်ရွက်ရန်အတွက် Government System ပြောင်းလဲခြင်း | | | ၁၀၇၆. ၀ | | |
| | ၁၁ | စီးပွားရေးအရ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သော အဖွဲ့အစည်းများနှင့် ယာဉ် များအား လုပ်ငန်းလိုင်စင်ရယူစေခြင်း | | | ၁၉၇၈. ၈ | | |
| ၈ | | **ဆက်သွယ်ရေးကဏ္ဍ** | ၃ | | | | |
| | ၁ | ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း | | | | | |
| | ၂ | GSM/UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း | | | | | |
| | ၃ | ပြည်တွင်းအီလက်ထရောနစ် အမြန် ငွေပို့လွှာလုပ်ငန်းစနစ် | | | | | |

နောက်ဆက်တွဲ (၃)

# ပြည်နယ်မှဆောင်ရွက်မည့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ

## ပြည်နယ်မှဆောင်ရွက်မည့် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ

၁၈။ ပို့ဆောင်ရေးကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်အရ ကျပ် (၇၀. ၂) ဘီလီယံ ရည်မှန်းခဲ့ပြီး ဇန်နဝါရီလကုန်အထိ ကျပ် (၅၄. ၄) ဘီလီယံဖြစ်သဖြင့် (၇. ၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက်တန်ဖိုးမှာ ကျပ် (၇၉. ၃) ဘီလီယံနှင့် တိုးတက်မှုနှုန်းမှာ (၁၃. ၀) ရာခိုင်နှုန်း ဖြစ်သဖြင့် ယခင်နှစ်ရည်မှန်းချက်အပေါ် ကျပ် (၉. ၁) ဘီလီယံ ပိုမို၍ ရည်မှန်းထားပါသည်။

### ဆက်သွယ်ရေးကဏ္ဍ

၁၉။ ဆက်သွယ်ရေးကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်အရ ကျပ် (၂၇. ၇) ဘီလီယံ ရည်မှန်းခဲ့ပြီး ဇန်နဝါရီလကုန်အထိ ကျပ် (၂၆. ၂) ဘီလီယံဖြစ်သဖြင့် (၁၈၉. ၀) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက်တန်ဖိုးမှာ ကျပ် (၄၂. ၀) ဘီလီယံနှင့် တိုးတက်မှုနှုန်း (၅၁. ၇) ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်ရည်မှန်းချက်အပေါ် ကျပ် (၁၄. ၃) ဘီလီယံ ပိုမို၍ ရည်မှန်းထားပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းလိုင်းများနှင့်ပတ်သက်၍ မူလဆောင်ရွက်နေသော လုပ်ငန်းများအပြင် စီမံကိန်းလုပ်ငန်းပါ (၂) ရပ်ပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိနယ်မြေဒေသ နောက်ကျမကျန်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ငွေရေးကြေးရေးကဏ္ဍ

၂၀။ ငွေရေးကြေးရေးကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်အရ ကျပ် (၀. ၅၇) ဘီလီယံ ရည်မှန်းခဲ့ပြီး ဇန်နဝါရီလကုန်အထိ ကျပ် (၀. ၆) ဘီလီယံဖြစ်သဖြင့် (၃၃. ၈) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက်တန်ဖိုးမှာ ကျပ် (၀. ၇၉) ဘီလီယံနှင့် တိုးတက်မှုနှုန်း (၃၈. ၀) ရာခိုင်နှုန်း ဖြစ်သဖြင့် ယခင်နှစ်ရည်မှန်းချက်အပေါ် ကျပ် (၀. ၂၂) ဘီလီယံ ပိုမိုရည်မှန်းထားပါသည်။ ဘဏ်လုပ်ငန်းများ စနစ်များ ပြုပြင်ပြောင်းလဲလာစေပြီး ပုဂ္ဂလိကဘဏ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အသေးစားချေးငွေလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

### လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ

၂၁။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်အရ ကျပ် (၁၃. ၇) ဘီလီယံ ရည်မှန်းခဲ့ပြီး ဇန်နဝါရီလကုန်အထိ ကျပ် (၁၃. ၅) ဘီလီယံဖြစ်သဖြင့် (၄၉. ၈) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက်တန်ဖိုးမှာ ကျပ် (၁၆. ၈) ဘီလီယံနှင့် တိုးတက်မှုနှုန်း (၂၂. ၇) ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ် ရည်မှန်းချက်အပေါ် ကျပ် (၃. ၁) ဘီလီယံ ပိုမို၍ ရည်မှန်းထားပါသည်။ လူမှုရေးကဏ္ဍတွင် ပါဝင်သည့် ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည့် ကဏ္ဍများ၌ လူ့စွမ်းအား အရင်းအမြစ်များ ရှင်သန်လာစေရန် ပိုမိုတိုးချဲ့ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ

၂၂။ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်အရ ကျပ် (၂၄. ၆) ဘီလီယံ ရည်မှန်းခဲ့ပြီး ဇန်နဝါရီလကုန်အထိ ကျပ် (၂၀. ၃) ဘီလီယံ ဖြစ်သဖြင့် (၁၁. ၃) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက်တန်ဖိုးမှာ ကျပ် (၂၈. ၀) ဘီလီယံနှင့် တိုးတက်မှုနှုန်း (၁၄. ၀) ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်ရည်မှန်းချက်အပေါ် ကျပ် (၃. ၄) ဘီလီယံ ပိုမိုရည်မှန်းထားပါသည်။

အခြားကဏ္ဍများ တိုးတက်လာသည်နှင့်အညီ တည်းခိုခန်း၊ အိမ်ငှားလုပ်ငန်းများ၊ အခြားငှားရမ်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ လိုက်လျောညီထွေ တိုးတက်လာမည်ဖြစ်ပါသည်။

## ကုန်သွယ်ရေးကဏ္ဍ

၂၃။ ကုန်သွယ်ရေးကဏ္ဍ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်အရ ကျပ် (၂၅၃. ၅) ဘီလီယံ ရည်မှန်းခဲ့ပြီး ဇန်နဝါရီလကုန်အထိ ကျပ် (၁၃၅. ၇) ဘီလီယံဖြစ်သဖြင့် (-၁၁. ၁) ရာခိုင်နှုန်း လျော့နည်းခဲ့ ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက်တန်ဖိုးမှာ ကျပ် (၂၇၃. ၈) ဘီလီယံနှင့် တိုးတက်မှုနှုန်း (၈. ၀) ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်ရည်မှန်းချက်အပေါ် ကျပ် (၂၀. ၃) ဘီလီယံ ပိုမိုရည်မှန်းထားပါသည်။ လယ်ယာ၊ သားငါး၊ သစ်တော စသည့် လုပ်ငန်းများ တိုးတက်လာသည်နှင့်အညီ ကုန်သွယ်မှုကဏ္ဍသည်လည်း လိုက်လျောညီထွေ တိုးတက်လာမည်ဖြစ်ပါသည်။

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး- ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၁-၂၀၁၂ ခုနှစ် ရှေ့ပြေးအမှန် | ၂၀၁၂ -၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာ | ၄၃၄၃၆၆.၀ | ၄၇၇၃၇၅.၃ | ၄၁.၈ | ၄၈၉၅၇၁.၁ | ၃၉.၆ | ၂.၆ |
| ၂ | စက်မှု | ၂၁၅၅၀၆.၂ | ၂၇၄၂၂၄.၂ | ၂၄.၀ | ၃၀၇၀၁၁.၇ | ၂၄.၈ | ၁၂.၀ |
| ၃ | ဝန်ဆောင်မှု | ၃၃၇၅၉၇.၄ | ၃၉၀၁၂၃.၇ | ၃၄.၂ | ၄၄၀၆၃၈.၉ | ၃၅.၆ | ၁၂.၉ |
| ၄ | အသားတင်ထုတ်လုပ်မှုတန်ဖိုး | ၉၈၇၄၆၉.၆ | ၁၁၄၁၇၂၃.၂ | ၁၀၀.၀ | ၁၂၃၇၂၂၁.၇ | ၁၀၀.၀ | ၈.၄ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး- ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၁-၂၀၁၂ ခုနှစ် ရှေ့ပြေးအမှန် | ၂၀၁၂ -၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|---|
| | | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၄၉၈၇၂. ၂** | **၇၅၁၅၉၉. ၅** | **၆၅. ၈** | **၇၉၆၅၈၂. ၈** | **၆၄. ၄** | **၆. ၀** |
| | ၁ | လယ်ယာ | ၃၃၄၂၉၆. ၈ | ၃၆၇၂၄၈. ၉ | ၃၂. ၂ | ၃၇၃၉၆၇. ၁ | ၃၀. ၂ | ၁. ၈ |
| | ၂ | သားငါး | ၈၃၀၀၇. ၄ | ၈၉၄၀၃. ၁ | ၇. ၈ | ၉၆၆၁၂. ၉ | ၇. ၈ | ၈. ၁ |
| | ၃ | သစ်တော | ၁၇၀၆၁. ၈ | ၂၀၇၂၃. ၃ | ၁. ၈ | ၁၈၉၉၁. ၁ | ၁. ၆ | -၈. ၄ |
| | ၄ | စွမ်းအင် | | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၆၂၉၉. ၅ | ၇၂၃၅၆. ၆ | ၆. ၃ | ၇၈၀၆၄. ၉ | ၆. ၃ | ၇. ၉ |
| | ၆ | စက်မှုလက်မှု | ၁၀၁၁၂၂. ၂ | ၁၂၀၂၈၂. ၆ | ၁၀. ၅ | ၁၃၅၁၀၉. ၈ | ၁၀. ၉ | ၁၂. ၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၁၉၀. ၃ | ၁၂၀၃၂. ၅ | ၁. ၁ | ၁၂၂၆၅. ၈ | ၁. ၀ | ၁. ၉ |
| | ၈ | ဆောက်လုပ်မှု | ၄၃၈၉၄. ၂ | ၆၉၅၅၂. ၅ | ၆. ၁ | ၈၁၅၇၁. ၂ | ၆. ၆ | ၁၇. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၁၃၁၄. ၈** | **၁၃၆၆၆၇. ၄** | **၁၂. ၀** | **၁၆၆၈၅၈. ၆** | **၁၃. ၅** | **၂၂. ၁** |
| | ၁ | ပို့ဆောင်ရေး | ၆၆၃၁၄. ၇ | ၇၀၁၄၂. ၇ | ၆. ၁ | ၇၉၂၆၁. ၃ | ၆. ၄ | ၁၃. ၀ |
| | ၂ | ဆက်သွယ်ရေး | ၉၁၉၉. ၆ | ၂၇၆၇၈. ၆ | ၂. ၄ | ၄၁၉၈၃. ၇ | ၃. ၄ | ၅၁. ၇ |
| | ၃ | ငွေရေးကြေးရေး | ၅၆၈. ၉ | ၅၇၁. ၀ | ၀. ၁ | ၇၈၈. ၁ | ၀. ၁ | ၃၈. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၂၃၀. ၂ | ၁၃၇၁၂. ၁ | ၁. ၂ | ၁၆၈၂၃. ၇ | ၁. ၃ | ၂၂. ၇ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၂၀၀၁. ၄ | ၂၄၅၆၃. ၀ | ၂. ၂ | ၂၈၀၀၁. ၈ | ၂. ၃ | ၁၄. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၂၆၂၈၂. ၆** | **၂၅၃၄၅၆. ၃** | **၂၂. ၂** | **၂၇၃၇၈၀. ၃** | **၂၂. ၁** | **၈. ၀** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၉၈၇၄၆၉. ၆** | **၁၁၄၁၇၂၃. ၂** | **၁၀၀. ၀** | **၁၂၃၇၂၂၁. ၇** | **၁၀၀. ၀** | **၈. ၄** |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## သီးနှံစိုက်ဧက ရည်မှန်းချက်

| စဉ် | | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **နှံစားသီးနှံပေါင်း** | | **၆၁၃၅၁၇** | **၆၁၈၆၁၁** | **၆၂၅၅၈၄** | **၁. ၁** |
| | ၁ | စပါးပေါင်း | **ဧက** | **၅၄၄၉၇၃** | **၅၅၅၉၃၂** | **၅၆၁၇၄၇** | **၁. ၀** |
| | | မိုးစပါး | ။ | ၅၃၇၃၇၄ | ၅၄၀၆၁၂ | ၅၅၄၉၄၇ | ၂. ၇ |
| | | နွေစပါး | ။ | ၇၅၉၉ | ၁၅၃၂၀ | ၆၈၀၀ | -၅၅. ၆ |
| | ၂ | ဂျုံ | ။ | ၁၅၂ | ၇၅ | ၇၅ | |
| | | **ပြောင်းဖူးပေါင်း** | **။** | **၆၆၄၄၇** | **၆၀၀၈၇** | **၆၁၂၄၀** | **၁. ၉** |
| | ၃ | အစေ့ထုတ်ပြောင်း | ။ | ၅၂၀၂၃ | ၄၁၃၁၆ | ၄၂၃၉၇ | ၂. ၆ |
| | ၄ | ဖူးစားပြောင်း | ။ | ၁၄၄၂၄ | ၁၈၇၇၁ | ၁၈၈၄၃ | ၀. ၄ |
| | ၅ | နှံစားပြောင်း | ။ | ၆၇၂ | ၇၂၀ | ၇၂၅ | ၀. ၇ |
| | ၆ | အခြားနှံစားသီးနှံများ | ။ | ၁၂၇၃ | ၁၇၉၇ | ၁၇၉၇ | |
| **၂** | | **ပဲအမျိုးမျိုး** | **။** | **၇၄၃၃၁** | **၇၆၁၄၅** | **၇၆၂၆၁** | **၀. ၂** |
| | ၁ | မတ်ပဲ | ။ | ၁၀၅ | ၂၇၃ | ၂၇၃ | |
| | ၂ | ပဲတီစိမ်း | ။ | ၂၄၆၃ | ၂၅၁၃ | ၂၅၁၆ | ၀. ၁ |
| | ၃ | ထောပတ်ပဲ | ။ | | | | |
| | ၄ | ဗိုလ်ကိတ် | ။ | | | | |
| | ၅ | စွန်တာနီ | ။ | | | | |
| | ၆ | စွန်တာပြာ | ။ | | | | |
| | ၇ | ပဲပုပ် | ။ | ၁၇၉၁၈ | ၁၅၉၀၄ | ၁၅၉၇၅ | ၀. ၄ |
| | ၈ | ကုလားပဲ | ။ | | ၁၀ | ၁၀ | |
| | ၉ | ပဲလွမ်း | ။ | ၁၄၇ | ၁၀၅ | ၁၀၂ | -၂. ၉ |
| | ၁၀ | ပဲစင်းငုံ | ။ | ၈၂၄ | ၈၇၂ | ၈၃၇ | -၄. ၀ |
| | ၁၁ | ပဲယဉ်း | ။ | | | | |
| | ၁၂ | ပဲဖြူကလေး | ။ | | | | |
| | ၁၃ | ပဲကြီး | ။ | | | | |
| | ၁၄ | ပဲကျား | ။ | | | | |
| | ၁၅ | စားတော်ပဲ | ။ | ၇၀၈၆ | ၇၅၅၉ | ၇၅၃၉ | -၀. ၃ |
| | ၁၆ | ပဲရာဇာ | ။ | | | | |
| | ၁၇ | ပဲနောက် | ။ | ၂၄၈ | ၂၅၈ | ၂၅၈ | |
| | ၁၈ | အခြားပဲများ | ။ | ၄၅၅၄၀ | ၄၈၆၅၁ | ၄၈၇၅၁ | ၀. ၂ |
| **၃** | | **ဆီထွက်သီးနှံများ** | **။** | **၁၅၄၈၄၀** | **၂၀၈၈၉၇** | **၂၁၂၂၀၈** | **၁. ၆** |
| | **၁** | မြေပဲ | ။ | **၄၈၈၂၇** | **၅၇၄၉၃** | **၆၀၅၁၈** | **၅. ၃** |
| | | မိုးမြေပဲ | ။ | ၅၁၅၇ | ၅၄၈၆ | ၅၅၁၆ | ၀. ၅ |
| | | ဆောင်းမြေပဲ | ။ | ၄၃၆၇၀ | ၅၂၀၀၇ | ၅၅၀၀၂ | ၅. ၈ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# သီးနှံစိုက်ဧက ရည်မှန်းချက်

| စဉ် | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂ | နှမ်းပေါင်း | ဧက | **၂၂၀၈၁** | **၂၃၈၃၀** | **၂၃၉၃၆** | **၀. ၄** |
| | မိုးနှမ်း | ။ | ၅၀၉၃ | ၅၃၄၄ | ၅၃၆၆ | ၀. ၄ |
| | ဆောင်းနှမ်း | ။ | ၁၆၉၈၈ | ၁၈၄၈၆ | ၁၈၅၇၀ | ၀. ၅ |
| | နွေနှမ်း | ။ | | | | |
| ၃ | မုန်ညင်းစေ့ | ။ | ၅၈၈၈၉ | ၉၃၁၃၄ | ၉၃၁၉၅ | ၀. ၁ |
| ၄ | နေကြာ | ။ | ၁၁၉၀ | ၇၆၈၃ | ၇၇၄၉ | ၀. ၉ |
| ၅ | ပန်းနှမ်း | ။ | ၁၁၉၉၃ | ၁၄၈၉၁ | ၁၄၉၄၁ | ၀. ၃ |
| ၆ | ဆီအုန်း | ။ | ၁၄၄ | ၁၄၄ | ၁၄၄ | ၀. ၀ |
| ၇ | သစ်ဆိမ့် | ။ | ၁၈၈၇ | ၁၈၈၇ | ၁၈၈၇ | |
| **၈** | **အခြားဆီထွက်စေ့** | **။** | **၉၈၂၉** | **၉၈၃၅** | **၉၈၃၈** | |
| | တိနံ့ကော | ။ | ၄၅၉၆ | ၄၆၀၂ | ၄၆၀၄ | |
| | ရေနံ့ပင် | ။ | ၅၂၃၃ | ၅၂၃၃ | ၅၂၃၄ | |
| **၄** | **လျှော်ပင်များ** | **။** | **၁၄၀** | **၁၂၂** | **၁၆၈** | **၃၇. ၇** |
| ၁ | ချည်မျှင်ရှည်ဝါ | ။ | | | | |
| ၂ | အခြားလျှော်ပင်များ | ။ | ၁၄၀ | ၁၂၂ | ၁၆၈ | ၃၇. ၇ |
| **၅** | **အခြားစက်မှုသီးနှံများ** | **။** | **၂၅၉၇၀၄** | **၁၄၉၀၉၆** | **၈၄၈၇၅** | **-၄၃. ၁** |
| ၁ | ကြက်ပေါင်စေး | ။ | ၆၁၄၇၈ | ၇၀၀၄၇ | ၆၁၈၄၈ | -၁၁. ၇ |
| ၂ | **ကြက်ဆူစေ့** | **။** | **၁၈၁၉၂၈** | **၆၀၆၄၇** | **၂၈၈၀** | **-၉၅. ၃** |
| | အစေ့ကြားကြက်ဆူ | ။ | | | | |
| | ခြံစည်းရိုးကြက်ဆူ | ။ | ၁၈၁၉၂၈ | ၆၀၆၄၇ | ၂၈၈၀ | -၉၅. ၃ |
| ၃ | **ကြံစုစုပေါင်း** | **။** | **၁၅၁၁၉** | **၁၇၁၀၂** | **၂၀၁၀၀** | **၁၇. ၅** |
| | ချက်ကြံရင့် | ။ | ၁၁၀၆၃ | ၁၂၀၀၀ | ၁၅၆၀၀ | ၃၀. ၀ |
| | ချက်ကြံနု | ။ | ၄၀၅၆ | ၅၁၀၂ | ၄၅၀၀ | -၁၁. ၈ |
| ၄ | ထန်းရည် | ။ | | | | |
| ၅ | ပိုးစာ | ။ | ၁၁၇၉ | ၁၃၀၀ | ၄၇ | -၉၆. ၄ |
| **၆** | **ဆေးရွက်/ကွမ်းသီးနှင့်ကွမ်း** | **။** | **၁၇၄၇** | **၁၈၈၈** | **၁၈၇၇** | **-၀. ၆** |
| ၁ | မြန်မာဆေး | ။ | ၇၃၉ | ၈၇၂ | ၈၇၁ | -၀. ၁ |
| ၂ | ကွမ်းသီး | ။ | ၉၇၃ | ၉၇၅ | ၉၆၅ | -၁. ၀ |
| ၃ | ကွမ်းရွက် | ။ | ၃၅ | ၄၁ | ၄၁ | |
| **၇** | **ဟင်းခတ်အမွှေးအကြိုင်ပင်** | **။** | **၁၅၀၆၄** | **၁၆၆၁၉** | **၁၆၄၀၉** | **-၁. ၃** |
| ၁ | **ငရုတ်စိုပေါင်း** | | **၃၄၄၂** | **၃၉၁၀** | **၃၉၂၅** | **၀. ၄** |
| | ငရုတ်စို (မိုး) | ။ | ၂၅၈၅ | ၂၆၃၀ | ၂၆၃၀ | |
| | ငရုတ်စို (ဆောင်း) | ။ | ၈၅၇ | ၁၂၈၀ | ၁၂၉၅ | ၁. ၂ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# သီးနှံစိုက်ဧက ရည်မှန်းချက်

| စဉ် | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂ | ကြက်သွန်နီ | ဧက | ၁၄၂၁ | ၁၇၄၀ | ၁၇၅၀ | ၀. ၆ |
| | ကြက်သွန်နီ (မိုး) | ။ | | | | |
| | ကြက်သွန်နီ (ဆောင်း) | ။ | ၁၄၂၁ | ၁၇၄၀ | ၁၇၅၀ | ၀. ၆ |
| ၃ | ကြက်သွန်ဖြူ | ။ | ၃၂၆၆ | ၃၅၈၅ | ၃၅၉၀ | ၀. ၁ |
| ၄ | အခြားဟင်းခတ် | ။ | ၆၉၃၅ | ၇၃၈၄ | ၇၁၄၄ | -၃. ၃ |
| | ငရုတ်ကောင်း | ။ | ၁၁၀၀ | ၁၁၀၃ | ၁၁၀၃ | ၀. ၀ |
| | အခြားဟင်းခတ် | ။ | ၅၈၃၅ | ၆၂၈၁ | ၆၀၄၁ | -၃. ၈ |
| **၈** | **အခြားစားသုံးသီးပင်များ** | **။** | **၂၆၃၅၉၀** | **၂၅၆၈၄၂** | **၂၄၁၄၂၇** | **-၆. ၀** |
| ၁ | **အာလူး** | **။** | **၅၅၅၂** | **၇၄၈၉** | **၇၄၉၅** | **၀. ၁** |
| | အာလူး (မိုး) | ။ | ၂၂၈ | ၂၅၉ | ၂၅၉ | |
| | အာလူး (ဆောင်း) | ။ | ၅၃၂၄ | ၇၂၃၀ | ၇၂၃၆ | ၀. ၁ |
| ၂ | ကော်ဖီ | ။ | ၂၁၀၆ | ၂၁၀၂ | ၂၁၀၂ | |
| ၃ | လက်ဖက် | ။ | ၃၆၇၂ | ၃၈၆၃ | ၄၀၇၀ | ၅. ၄ |
| ၄ | အုန်းသီး | ဧက | ၂၁၂၄ | ၂၁၂၉ | ၂၁၂၇ | -၀. ၁ |
| ၅ | ပီလောပီနံ | ။ | ၈၄၇၀၀ | ၇၆၇၃၆ | ၆၀၁၂၁ | -၂၁. ၇ |
| ၆ | ငှက်ပျော | ။ | ၂၇၂၁၈ | ၂၇၇၉၃ | ၂၈၄၁၈ | ၂. ၂ |
| ၇ | သစ်သီးပင်များ | ။ | ၆၇၂၅၅ | ၆၇၃၆၉ | ၆၇၄၂၉ | ၀. ၁ |
| | အဓိကသီးပင်များ | ။ | ၃၂၀၉၈ | ၃၂၀၉၈ | ၃၂၀၉၈ | ၀. ၀ |
| | အခြားသီးပင်များ | ။ | ၃၅၁၅၇ | ၃၅၂၇၁ | ၃၅၃၃၁ | ၀. ၂ |
| ၈ | ဟင်းသီးဟင်းရွက် | ။ | ၆၃၀၄၅ | ၆၁၅၅၉ | ၆၁၈၄၀ | ၀. ၅ |
| ၉ | အထွေထွေစားသုံးသီးပင်များ | ။ | ၇၉၁၈ | ၇၈၀၂ | ၇၈၂၅ | ၀. ၃ |
| **၉** | **ပရဆေးပင်များ** | **။** | **၇၉၀** | **၇၉၀** | **၇၉၀** | |
| ၁ | ပရဆေးပင်များ | ။ | ၇၉၀ | ၇၉၀ | ၇၉၀ | |
| **၁၀** | **အခြားမစားသုံးသည့် အပင်များ** | **။** | **၄၉၉၇၉** | **၅၀၀၃၀** | **၅၁၃၈၇** | **၂. ၇** |
| ၁ | သနပ်ဖက် | ။ | | | | |
| ၂ | ခနိ/သက်ငယ် | ။ | | | | |
| ၃ | ကွဲနွားစာ | ။ | | | | |
| ၄ | အခြားမစားသုံးသည့် အပင်များ | ။ | ၄၉၉၇၉ | ၅၀၀၃၀ | ၅၁၃၈၇ | ၂. ၇ |
| | ကောက်ရိုး | ။ | | | | |
| | ဆေးရိုး | ။ | | | | |
| | **စိုက်ဧကစုစုပေါင်း** | **။** | **၁၄၃၃၇၀၂** | **၁၃၇၉၀၄၀** | **၁၃၁၀၉၈၆** | **-၄. ၉** |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## သီးနှံအထွက် ရည်မှန်းချက်

(ထောင်ပေါင်း)

| စဉ် | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **နှံစားသီးနှံပေါင်း** | | | | | |
| **၁** | **စပါးပေါင်း** | **တင်း** | **၃၅၄၁၈** | **၃၉၇၅၅** | **၃၉၈၃၆** | **၀. ၂** |
| | မိုးစပါး | " | ၃၄၉၇၅ | ၃၈၈၄၉ | ၃၉၄၃၅ | ၁. ၅ |
| | နွေစပါး | " | ၄၄၃ | ၉၀၆ | ၄၀၁ | -၅၅. ၇ |
| ၂ | ဂျုံ | " | ၂ | ၁ | ၁ | |
| | **ပြောင်းဖူးပေါင်း** | | | | | |
| ၃ | အစေ့ထုတ်ပြောင်း | " | ၂၈၀၁ | ၂၂၀၅ | ၂၂၆၃ | ၂. ၆ |
| ၄ | ဖူးစားပြောင်း | ဖူးရေ | ၂၅၅၈၀၈ | ၃၆၉၅၃၃ | ၃၇၀၄၅၂ | ၀. ၂ |
| ၅ | နှံစားပြောင်း | " | ၁၀ | ၁၀ | ၁၁ | ၁၀. ၀ |
| ၆ | အခြားနှံစားသီးနှံများ | " | ၂၂ | ၃၂ | ၃၂ | ၀. ၀ |
| **၂** | **ပဲအမျိုးမျိုး** | | | | | |
| ၁ | မတ်ပဲ | တင်း | ၁ | ၃ | ၃ | ၀. ၀ |
| ၂ | ပဲတီစိမ်း | " | ၂၆ | ၂၇ | ၂၇ | ၀. ၀ |
| ၃ | ထောပတ်ပဲ | " | | | | |
| ၄ | ဗိုလ်ကိတ် | " | | | | |
| ၅ | စွန်တာနီ | " | | | | |
| ၆ | စွန်တာပြာ | " | | | | |
| ၇ | ပဲပုပ် | " | ၃၃၈ | ၃၀၁ | ၃၀၄ | ၁. ၀ |
| ၈ | ကုလားပဲ | " | | ၀. ၀၄ | ၀. ၀၄ | ၀. ၀ |
| ၉ | ပဲလွမ်း | " | ၁ | ၁ | ၁ | ၀. ၀ |
| ၁၀ | ပဲစင်းငုံ | " | ၁၁ | ၁၂ | ၁၃ | ၈. ၃ |
| ၁၁ | ပဲယဉ်း | " | | | | |
| ၁၂ | ပဲဖြူကလေး | " | | | | |
| ၁၃ | ပဲကြီး | " | | | | |
| ၁၄ | ပဲကျား | " | | | | |
| ၁၅ | စားတော်ပဲ | " | ၇၈ | ၈၂ | ၈၂ | ၀. ၀ |
| ၁၆ | ပဲရာဇာ | " | | | | |
| ၁၇ | ပဲနောက် | " | ၃ | ၃ | ၃ | ၀. ၀ |
| ၁၈ | အခြားပဲများ | " | ၇၈၉ | ၈၄၈ | ၈၅၁ | ၀. ၄ |
| **၃** | **ဆီထွက်သီးနှံများ** | **"** | | | | |
| ၁ | မြေပဲ | " | ၂၅၃၀ | ၃၁၀၀ | ၃၂၇၂ | ၅. ၅ |
| | မိုးမြေပဲ | " | ၁၉၀ | ၂၁၂ | ၂၁၄ | ၀. ၉ |
| | ဆောင်းမြေပဲ | " | ၂၃၄၀ | ၂၈၈၈ | ၃၀၅၈ | ၅. ၉ |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## သီးနှံအထွက် ရည်မှန်းချက်

(ထောင်ပေါင်း)

| စဉ် | | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၂ | နှမ်းပေါင်း | တင်း | ၂၅၄ | ၂၄၀ | ၂၈၃ | ၁၇.၄ |
| | | မိုးနှမ်း | ״ | ၄၈ | ၂၄ | ၅၁ | ၁၁၂.၅ |
| | | ဆောင်းနှမ်း | ״ | ၂၀၆ | ၂၁၇ | ၂၃၂ | ၆.၉ |
| | | နွေနှမ်း | ״ | | | | |
| | ၃ | မုန်ညင်းစေ့ | ״ | ၉၆၃ | ၁၅၅၄ | ၁၅၆၂ | ၀.၅ |
| | ၄ | နေကြာ | ״ | ၂၅ | ၁၇၂ | ၁၇၃ | ၀.၆ |
| | ၅ | ပန်းနှမ်း | ״ | ၁၁၄ | ၁၄၅ | ၁၄၅ | ၀.၀ |
| | ၆ | ဆီအုန်း | | | | | |
| | ၇ | သစ်ဆိမ့် | | | | | |
| | ၈ | **အခြားဆီထွက်စေ့** | | | | | |
| | | တိန်းကော | ״ | | ၂၅ | | |
| | | **ရေနံပင်** | ״ | | | | |
| ၄ | | **လျှော်ပင်များ** | | | | | |
| | ၁ | ချည်မျှင်ရှည်ဝါ | | | | | |
| | ၂ | အခြားလျှော်ပင်များ | ပိဿာ | ၃၅ | ၃၀ | ၄၁ | ၃၆.၇ |
| ၅ | | **အခြားစက်မှုသီးနှံများ** | | | | | |
| | ၁ | ကြက်ပေါင်စေး | | ၇၆၈ | ၂၁၆၀ | ၇၇၆ | -၆၄.၁ |
| | ၂ | **ကြက်ဆူစေ့** | | | | | |
| | | အစေ့ကြားကြက်ဆူ | | | | | |
| | | ခြံစည်းရိုးကြက်ဆူ | တင်း | | ၄ | ၁ | -၇၅.၀ |
| | ၃ | **ကြံစုစုပေါင်း** | | | | | |
| | | ချက်ကြံရင့် | တန် | ၂၈၉ | ၂၈၈ | ၂၉၈ | ၃.၅ |
| | | ချက်ကြံနု | ״ | | | | |
| | ၄ | ထန်းရည် | | | | | |
| | ၅ | ပိုးစာ | ပိဿာ | ၀.၂၅ | ၁၈၃ | ၁၅၅ | -၁၅.၃ |
| ၆ | | **ဆေးရွက်/ကွမ်းသီးနှင့်ကွမ်း** | | | | | |
| | ၁ | မြန်မာဆေး | ပိဿာ | ၃၄၈ | ၄၂၀ | ၄၁၉ | -၀.၂ |
| | ၂ | ကွမ်းသီး | ״ | ၄၁၆ | ၄၁၂ | ၄၁၃ | ၀.၂ |
| | ၃ | ကွမ်းရွက် | ״ | ၁၇ | ၁၆ | ၁၆ | ၀.၀ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# သီးနှံအထွက် ရည်မှန်းချက်

(ထောင်ပေါင်း)

| စဉ် | | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၇ | | **ဟင်းခတ်အမွှေးအကြိုင်ပင်များ** | | | | | |
| | ၁ | **ငရုတ်စိုပေါင်း** | | | | | |
| | | ငရုတ်စို (မိုး) | ပိဿာ | ၁၃၀၆ | ၁၃၁၄ | ၁၃၁၅ | ၀.၁ |
| | | ငရုတ်စို (ဆောင်း) | ။ | ၄၀၈ | ၉၁၁ | ၆၁၈ | -၃၂.၂ |
| | ၂ | ကြက်သွန်နီ | ။ | ၃၃၅၀ | ၄၄၂၆ | ၄၄၅၂ | ၀.၆ |
| | | ကြက်သွန်နီ (မိုး) | ။ | | | | |
| | | ကြက်သွန်နီ (ဆောင်း) | ။ | ၃၃၅၀ | ၄၄၂၆ | ၄၄၅၂ | ၀.၆ |
| | ၃ | ကြက်သွန်ဖြူ | ။ | ၅၀၁၈ | ၅၅၄၁ | ၅၅၆၁ | ၀.၄ |
| | ၄ | အခြားဟင်းခတ် | | | | | |
| | | ငရုတ်ကောင်း | ။ | ၅၁ | ၄၉ | ၄၉ | ၀.၀ |
| | | အခြားဟင်းခတ် | ။ | | | | |
| ၈ | | **အခြားစားသုံးသီးပင်များ** | | | | | |
| | ၁ | အာလူး | ။ | ၁၅၃၅၀ | ၂၀၉၆၁ | ၂၀၉၈၀ | ၀.၁ |
| | | အာလူး (မိုး) | ။ | ၃၈၅ | ၄၃၅ | ၄၃၆ | ၀.၂ |
| | | အာလူး (ဆောင်း) | ။ | ၁၄၉၆၅ | ၂၀၅၂၆ | ၂၀၅၄၄ | ၀.၁ |
| | ၂ | ကော်ဖီ | ။ | ၂၃၇ | ၂၃၂ | ၂၆၀ | ၁၂.၁ |
| | ၃ | လက်ဖက် | ။ | ၁၂၀၄ | ၁၂၈၀ | ၁၃၆၆ | ၆.၇ |
| | ၄ | အုန်းသီး | လုံးရေ | ၄၉၆၃ | ၄၅၀၃ | ၄၁၈၈ | -၇.၀ |
| | ၅ | ပီလောပီနံ | | ၂၅၉၈၄၀ | ၂၅၆၁၂၉ | ၂၅၅၄၃၆ | -၀.၃ |
| | ၆ | ငှက်ပျော | | ၂၀၁၇၃ | ၂၅၉၇၆ | ၂၆၃၅၁ | ၁.၄ |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ရန် ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **စုစုပေါင်း** | | | | | |
| ၁ | ခိုင်းကျွဲနွား | ကောင်ရေ | ၂၈၆ | ၂၈၉ | ၂၂၅ | -၂၂. ၁ |
| ၂ | ကျွဲနွားနို့ | ပိဿာ | ၂၃၄၁၀ | ၂၅၃၀၇ | ၂၂၄၅၁ | -၁၁. ၃ |
| ၃ | ကျွဲနွားသားရေ | ချပ်ရေ | ၆၅ | ၇၁ | ၆၁ | -၁၄. ၇ |
| ၄ | သိုးဆိတ်သားရေ | ။ | ၃၈ | ၄၁ | ၂၈ | -၃၂. ၃ |
| ၅ | အသားထုတ်လုပ်မှု | ပိဿာ | | | | |
| ၁ | အမဲသား | ။ | ၃၆၂၆ | ၃၉၁၇ | ၄၅၁၄ | ၁၅. ၂ |
| ၂ | ဆိတ်သား | ။ | ၃၀၁ | ၃၂၆ | ၃၅၁ | ၇. ၅ |
| ၃ | ဝက်သား | ။ | ၂၆၃၄၇ | ၂၈၄၃၃ | ၃၀၁၀၂ | ၅. ၉ |
| ၄ | ကြက်သား | ။ | ၂၀၄၈၉ | ၂၂၁၈၇ | ၂၄၀၂၀ | ၈. ၃ |
| ၅ | ဘဲသား | ။ | ၇၉၄ | ၈၅၈ | ၈၄၀ | -၂. ၁ |
| ၆ | ကြက်ဆင်၊ ဘဲငန်းသား | ။ | ၁၅၁ | ၁၆၃ | ၁၃၄ | -၁၈. ၃ |
| ၆ | ဥထုတ်လုပ်မှုစုစုပေါင်း | | | | | |
| ၁ | ကြက်ဥ | လုံးရေ | ၁၉၉၄၂၈ | ၂၁၅၅၈၀ | ၁၆၂၁၇၉ | -၂၄. ၈ |
| ၂ | ဘဲဥ | ။ | ၁၀၄၈၄ | ၁၁၃၂၂ | ၈၀၃၂ | -၂၉. ၁ |
| ၇ | အသားတင်တိုးပွားကောင်ရေ | | | | | |
| ၁ | နွား | ကောင်ရေ | ၁၇ | ၁၇ | ၇ | -၅၈. ၈ |
| ၂ | ကျွဲ | ။ | ၁၆ | ၁၆ | ၃ | -၈၀. ၉ |
| ၃ | သိုး/ဆိတ် | ။ | ၆ | ၇ | ၂ | -၆၉. ၈ |
| ၄ | ဝက် | ။ | ၇၃ | ၇၆ | ၄၆ | -၃၉. ၆ |
| ၅ | ကြက် | ။ | ၇၂၆ | ၇၉၆ | ၄၂၆ | -၄၆. ၄ |
| ၆ | ဘဲ | ။ | ၁၈ | ၁၉ | ၁၀ | -၄၄. ၉ |
| ၇ | ကြက်ဆင်၊ ဘဲငန်း | ။ | ၂ | ၂ | ၂ | ၀. ၅ |
| ၈ | ငှက်မွေး | ပေါင် | ၇၅ | ၈၁ | ၂၅ | -၆၉. ၃ |
| ၉ | ပိုးအိမ် | ။ | ၃ | ၄ | ၁ | -၇၉. ၆ |
| ၁၀ | ပျားရည် | ။ | ၂၀၅ | ၁၇၆ | ၁၈၈ | ၆. ၆ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ နှစ်စဉ်စီမံကိန်းအတွက်
# ငါးပုစွန်ထုတ်လုပ်ရန်ရည်မှန်းချက်

**(ထောင်ပေါင်း)**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ငါးထုတ်လုပ်မှုပေါင်း | ပိဿာ | | | | |
| ၁ | ငါးမွေးမြူရေး | ။ | ၁၄၄၀ | ၁၄၆၉ | ၁၄၉၈ | ၂. ၀ |
| ၂ | အင်းငါးလုပ်ငန်း | ။ | ၆၄၄၉ | ၆၅၅၄ | ၆၆၈၆ | ၂. ၀ |
| ၃ | ဘုံငါးဖမ်းလုပ်ငန်း | ။ | ၉၂၆၈ | ၁၀၄၀၂ | ၁၀၆၁၀ | ၂. ၀ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# သစ်တောထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|---|
| | | | | | အရေအတွက် | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **စုစုပေါင်း** | | | | | |
| ၁ | ကျွန်း | ကုဗတန် | ၈၅၀၄ | ၁၇၄၇၄ | ၁၅၀၀၀ | -၁၄. ၂ |
| ၂ | သစ်မာ | ॥ | ၂၀၆၀၆၈ | ၂၆၀၄၈၈ | ၂၂၇၅၄၆ | -၁၂. ၆ |
| ၃ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ | ၄၉၁၇ | ၂၅၁၀ | ၂၅၃၀ | ၀. ၈ |
| ၄ | ကျွန်းနှင့်သစ်မာမျော | ॥ | ၁၂၄၁၀၄ | ၁၅၁၀ | ၁၅၃၀ | ၁. ၃ |
| ၅ | ထင်း | ကုဗတန် | ၇၆၁၁၁၆ | ၇၇၈၉၆၀ | ၇၈၉၃၂၆ | ၁. ၃ |
| ၆ | မီးသွေး | ॥ | ၁၁၄၅၃ | ၁၄၆၀၀ | ၁၄၇၂၀ | ၀. ၈ |
| ၇ | ဝါး | လုံးရေ (၀၀၀) | ၅၄၇၈၅ | ၅၇၂၃၅ | ၅၈၂၆၀ | ၁. ၈ |
| ၈ | ကြိမ် | ॥ | ၂၂၇၀ | ၃၈၄၇ | ၃၃၄၄ | -၁၃. ၁ |
| ၉ | သစ်ခေါက် | ပိဿာ | ၁၂၅၀၀၀ | ၁၃၀၇၀၀ | ၁၃၁၈၀၀ | ၀. ၈ |
| ၁၀ | လျှော် | ॥ | ၁၂၇၈၇ | ၁၂၉၅၇ | ၁၃၁၃၁ | ၁. ၃ |
| ၁၁ | ဓနိ-သက်ကယ် | ပျစ် (၀၀၀) | ၃၂၈၉၇. ၈ | ၃၃၈၆၂ | ၃၀၅၁၀ | -၉. ၉ |
| ၁၂ | အင်တွဲ၊ ပွဲ့လျက် | ပိဿာ | ၄၉၁၀၀ | ၅၆၃၀၀ | ၅၆၈၀၀ | ၀. ၉ |
| ၁၃ | ပျားရည် | ॥ | ၄၀၁၀ | ၄၀၂၀ | ၄၀၅၀ | ၀. ၇ |
| ၁၄ | ပျားဖယောင်း | ॥ | ၂၇၅ | ၂၅၀ | ၂၅၂ | ၀. ၈ |
| ၁၅ | ကိုင်းဖျားကိုင်းနား | ကုဗတန် | ၅၅၀ | ၁၇၄၇ | ၁၅၀၀ | -၁၄. ၁ |
| | **နိုင်ငံပိုင်** | | | | | |
| ၁ | ကျွန်း | ကုဗတန် | ၇၀၉၂ | ၁၇၄၇၄ | ၁၅၀၀၀ | -၁၄. ၂ |
| ၂ | သစ်မာ | ॥ | ၁၇၃၇၆၃ | ၂၃၃၃၁၂ | ၂၀၀၀၀၀ | -၁၄. ၃ |
| ၃ | ကိုင်းဖျားကိုင်းနား | ॥ | ၅၅၀ | ၁၇၄၇ | ၁၅၀၀ | -၁၄. ၁ |
| | **သမဝါယမပိုင်** | | | | | |
| ၁ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ | | | | |
| ၂ | ဝါး | လုံးရေ (၀၀၀) | ၁၇၄ | ၁၉၃ | ၅၀၀ | ၁၅၉. ၁ |
| | ကြိမ် | ॥ | ၃၄၈ | ၅၃၂ | | |
| ၃ | သစ်ခေါက် | ပိဿာ | | | | |
| ၄ | ဓနိ၊သက်ကယ် | ပျစ် (၀၀၀) | ၃၃၀၄ | ၃၇၆၀ | | -၁၀၀. ၀ |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## သစ်တောထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **ပုဂ္ဂလိကပိုင်** | | | | | |
| ၁ | ကျွန်း | ကုဗတန် | ၁၄၁၂ | | | |
| ၂ | သစ်မာ | ။ | ၅၄၉၄ | | | |
| ၃ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ | ၄၉၁၇ | ၂၅၁၀ | ၂၅၃၀ | ၀.၈ |
| ၄ | ကျွန်းနှင့်သစ်မာမျော | ။ | ၁၂၄၁၀၄ | ၁၅၁၀ | ၁၅၃၀ | ၁.၃ |
| ၅ | ထင်း | ကုဗတန် | ၃၂၃၀၈ | ၄၀၂၄၀ | ၄၀၅၆၀ | ၀.၈ |
| ၆ | မီးသွေး | ။ | ၁၁၄၅၃ | ၁၄၆၀၀ | ၁၄၇၂၀ | ၀.၈ |
| ၇ | ဝါး | လုံးရေ (၀၀၀) | ၈၂၉၉ | ၁၀၁၀၀ | ၁၀၁၈၀ | ၀.၈ |
| ၈ | ကြိမ် | ။ | ၉၄၅ | ၂၃၂၅ | ၂၃၄၀ | ၀.၆ |
| ၉ | သစ်ခေါက် | ပိဿာ | ၁၂၅၀၀၀ | ၁၃၀၇၀၀ | ၁၃၁၈၀၀ | ၀.၈ |
| ၁၀ | လျှော် | ။ | ၆၀၀ | ၆၀၅ | ၆၁၀ | ၀.၈ |
| ၁၁ | အင်တွဲ/ပွဲ့လျက် | ပျစ်(၀၀၀) | ၄၉၁၀၀ | ၅၆၃၀၀ | ၅၆၈၀၀ | ၀.၉ |
| ၁၂ | ဓနိ/သက်ငယ် | ပိဿာ | ၃၄၅ | ၄၅၅ | ၄၆၀ | ၁.၁ |
| ၁၃ | ပျားရည် | ။ | ၄၀၁၀ | ၄၀၂၀ | ၄၀၅၀ | ၀.၇ |
| ၁၄ | ပျားဖယောင်း | ။ | ၂၇၅ | ၂၅၀ | ၂၅၂ | ၀.၈ |
| ၁၅ | နံ့သာနီ | တန် | | | | |
| | **ကိုယ်ပိုင်သုံး** | | | | | |
| ၁ | သစ်မာ | ကုဗတန် | ၂၆၈၁၂ | ၂၇၁၇၆ | ၂၇၅၄၆.၀ | ၁.၄ |
| ၂ | ထင်း | ။ | ၇၂၈၈၀၈ | ၇၃၈၇၂၀ | ၇၄၈၇၆၆ | ၁.၄ |
| ၃ | ဝါး | လုံးရေ (၀၀၀) | ၄၆၁၁၂ | ၄၆၉၄၂ | ၄၇၅၈၀ | ၁.၄ |
| ၄ | ကြိမ် | ။ | ၉၇၇ | ၉၉၀ | ၁၀၀၄ | ၁.၄ |
| ၅ | ဓနိ၊သက်ကယ် | ပျစ်(၀၀၀) | ၂၉၂၄၉ | ၂၉၆၄၇ | ၃၀၀၅၀ | ၁.၄ |
| ၆ | လျှော် | ပိဿာ | ၁၂၁၈၇ | ၁၂၃၅၂ | ၁၂၅၂၁ | ၁.၄ |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## သတ္တုနှင့်တွင်းထွက်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **နိုင်ငံပိုင်** | | | | | |
| **၂** | **သမဝါယမပိုင်** | | | | | |
| ၁ | ကျောက်စိမ်း | ကီလို(၀၀၀) | ၅၇၂ | ၇၀၁ | ၅၈၀ | -၁၇.၃ |
| ၂ | ကျောက်ဂွမ်း | တန် | | | | |
| **၃** | **ပုဂ္ဂလိကပိုင်** | | | | | |
| ၁ | ကျောက်စိမ်း | ကီလို(၀၀၀) | ၄၂၄၂၅ | ၅၁၃၂၀ | ၅၅၄၉၆ | ၈.၁ |
| | ကျောက်စိမ်း(ကျောက်မျက်) | ။ | ၄၀၀၅၀ | ၄၈၈၂၀ | ၅၃၄၈၆ | ၉.၆ |
| | ကျောက်စိမ်း(ဦးပိုင်) | ။ | ၂၃၇၅ | ၂၅၀၀ | ၂၀၁၀ | -၁၉.၆ |
| ၂ | ရွှေ | ထရိုင်အောင်စ | ၄၁၄၆ | ၁၀၉၄ | ၂၅၂၀ | ၁၃၀.၄ |
| ၃ | ကျောက်မီးသွေး(အမှတ်-၃) | တန်ရှည် | ၄၅၀၀ | ၁၀၀၀၀ | ၁၀၈၆၇ | ၈.၇ |
| ၄ | ကျောက်မီးသွေး(သတ္တုတွင်း) | မက်/တန် | | | | |
| ၅ | ကျောက်ဂွမ်း | မက်/တန် | | | | |
| ၆ | ကျောက်မျက်ရတနာ | ကရက်(၀၀၀) | ၁၂ | ၁၅ | ၁၅ | ၀.၀ |
| ၇ | အလှဆင်ကျောက်(မာဘယ်) | မက်/တန် | ၅၀ | ၅၀၀ | ၁၀၀ | -၈၀.၀ |
| ၈ | အလှဆင်ကျောက် (ဆာဗင်တီနိုက်) | ။ | ၉၅ | ၃၀၀ | ၃၀၀ | ၀.၀ |
| ၉ | **ခဲနှင့်ရောရာသတ္တုအရိုင်း** | ။ | ၄၃၄၀ | | ၆၀၀၂ | |
| ၁၀ | ရွှေစပါးကုမ္ပဏီ | ။ | ၂၁၅၀ | ၂၄၀၀ | ၂၂၇၅ | -၅.၂ |
| ၁၁ | မြန်မာအထွပ်အထိပ် | ။ | ၂၁၉၀ | | ၃၇၂၇ | |
| ၁၂ | **သံသတ္တုအရိုင်း (ကန်တော်ယန်)** | ။ | ၆၆၈၂ | ၁၀၀၀၀၀ | ၉၅၄၉ | -၉၀.၅ |
| | ထူးအပြည်ပြည်ဆိုင်ရာ | ။ | | ၁၀၀၀၀၀ | | |
| | ဆန်းလင်း(သတ္တုတွင်း-၃) | ။ | ၃၅၀၀ | | ၄၇၇၄ | |
| | (Electron Minning) | ။ | ၃၁၈၂ | ၆၀၀ | ၄၇၇၅ | ၆၉၅.၈ |
| ၁၃ | ခဲမဖြူသတ္တုသန့်စင်(၆၅%) | ။ | | ၁၁ | ၁၂ | ၉.၁ |
| ၁၄ | အဖြိုက်နက်သတ္တုသန့်စင် | ။ | | ၁၁ | ၁၂ | ၉.၁ |
| ၁၅ | သွပ်နှင့်ရောရာသတ္တုအရိုင်း | ။ | ၁၁၉၅ | ၂၂၈၀ | ၉၀၈ | -၆၀.၂ |
| ၁၆ | ခဲသွပ်သတ္တုသန့်စင် | ။ | | ၂၄၀၀ | | |
| ၁၇ | **အခြားကျောက်နှင့် တွင်းထွက်ပစ္စည်း** | **ကျပ်သန်း** | ၃၃၂၈၆ | ၃၂၄၆၅ | ၃၁၇၇၀.၆ | -၂.၁ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# နိုင်ငံပိုင်စက်မှုလက်မှုလုပ်ငန်းများ၏ရွေးချယ်ထားသောကုန်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (နှစ်စဉ်စီမံကိန်း ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **သစ်တောရေးရာဝန်ကြီးဌာန** | | | | | |
| ၁ | သစ်လုပ်ငန်း | | | | | |
| ၁ | သစ်မာခွဲသား | ကုဗတန် | ၁၄၁၇၃ | ၁၀၂၀၀ | ၁၀၂၀၀ | ၀.၀ |

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
# လျှပ်စစ်ဓာတ်အားအသုံးပြုမှုရည်မှန်းချက်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | | **၂၁၁၁၆၁** | **၉၃၅၁၉၅** | **၁၇၅၇၅၈** | **-၈၁.၂** |
| | **နိုင်ငံပိုင် အသုံးပြုသော လျှပ်စစ်ဓာတ်အား** | | **၄၃၂၇၁** | **၄၅၁၀၁** | **၄၅၇၄၉** | **၁.၄** |
| ၁ | စက်ရုံသုံး | ကီလိုဝပ် | ၈၇၉ | ၇၈၄ | ၉၈၂ | ၂၅.၃ |
| ၂ | အိမ်သုံး | နာရီ(၀၀၀) | ၃၅၅၄၃ | ၃၇၂၁၈ | ၃၇၈၇၅ | ၁.၈ |
| ၃ | ဆေးရုံ၊ ရုံး၊ ကျောင်း | ။ | ၅၈၉၉ | ၆၀၉၁ | ၅၈၂၀ | -၄.၄ |
| ၄ | အထွေထွေသုံး | ။ | ၉၅၀ | ၁၀၀၈ | ၁၀၇၂ | ၆.၃ |
| | ဌာနတွင်းသုံး | ။ | ၁၆၂ | | ၁၀ | |
| | **စုစုပေါင်းဝင်ငွေ** | **ကျပ်(၀၀၀)** | **၁၈၆၆၄၉၁** | **၂၀၀၇၄၈၀** | **၂၂၄၅၅၈၅** | **၁၁.၉** |
| ၁ | ဓာတ်အားရောင်းရငွေ | ။ | ၁၈၃၅၉၈၃ | ၁၉၆၂၇၉၄ | ၂၁၉၁၇၆၉ | ၁၁.၇ |
| ၂ | အခြားဝင်ငွေ | ။ | ၃၀၅၀၈ | ၄၄၆၈၆ | ၅၃၈၁၆ | ၂၀.၄ |
| | **သမဝါယမပိုင်** | **ကီလိုဝပ်** | | | | |
| **၁** | **အသုံးပြုသော လျှပ်စစ်ဓာတ်အား** | **နာရီ(၀၀၀)** | | | | |
| | **ပုဂ္ဂလိကပိုင်အသုံးပြုသော လျှပ်စစ်ဓာတ်အား** | | **၁၆၇၈၉၀** | **၈၉၀၀၉၄** | **၁၃၀၀၀၉** | **-၈၅.၄** |
| ၁ | စက်ရုံသုံး | ကီလိုဝပ် | ၁၀၇၄၈ | ၁၀၉၄၂ | ၆၀၂၂၁ | ၄၅၀.၄ |
| ၂ | အိမ်သုံး | နာရီ(၀၀၀) | ၁၃၄၈၃ | ၁၃၁၁၂ | ၆၉၇၈၈ | ၄၃၂.၂ |
| ၃ | ပြည်ပသို့ ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အား | | ၁၄၃၆၅၉ | ၈၆၆၀၄၀ | | |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်ပေးရန်ရည်မှန်းချက်

(ထောင်ပေါင်း)

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် (ရှေ့ပြေးအမှန်) အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် (ရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **နိုင်ငံပိုင်** | | | | | |
| | **မြန်မာ့မီးရထား** | | | | | |
| ၁ | ခရီးသည်ပို့ဆောင်ခြင်း | | | | | |
| ၁ | ခရီးသည် | ဦးရေ | ၂၃၈၇ | ၂၇၇၄ | ၂၆၂၈ | -၅. ၃ |
| ၂ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၄၃၉၉၀ | ၄၃၁၃၂ | ၁၀၀၃၄၃ | ၁၃၂. ၆ |
| ၂ | ကုန်စည်ပို့ဆောင်ခြင်း | | | | | |
| ၁ | ကုန်တန်ချိန် | တန် | ၁၇၉ | ၁၈၁. ၀ | ၁၇၉. ၅ | -၀. ၈ |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၃၂၃၉၅ | ၃၆၀၁၄ | ၃၅၀၅၀. ၉ | -၂. ၇ |
| | **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** | | | | | |
| ၁ | ခရီးသည်ပို့ဆောင်ခြင်း | | | | | |
| ၁ | ခရီးသည် | ဦးရေ | ၃၆ | ၃၆ | | |
| ၂ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၁၁၁ | ၁၀၉ | | |
| ၂ | ကုန်စည်ပို့ဆောင်ခြင်း | | | | | |
| ၁ | ကုန်တန်ချိန် | တန် | ၂ | ၂ | | |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၁၂ | ၁၂ | | |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်ပေးရန်ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် ရှေ့ပြေးအမှန် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် ရည်မှန်းချက် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **မြန်မာ့လေကြောင်း** | | | | | |
| ၁ | ခရီးသည်ပို့ဆောင်ခြင်း | | | | | |
| | ၁ ခရီးသည် | ဦးရေ | ၄၄ | ၃၃ | ၃၆ | ၉.၁ |
| | ၂ ခရီးသည်မိုင် | ခရီးသည်မိုင် | ၁၂၁၁၉ | ၁၁၁၄၆ | ၁၀၃၃၂ | -၇.၃ |
| ၂ | ကုန်စည်ပို့ဆောင်ခြင်း | | | | | |
| | ၁ ကုန်တန်ချိန် | တန် | ၀.၀၄ | ၀.၀၂ | ၀.၀၃ | ၅၀.၀ |
| | ၂ ကုန်တန်မိုင် | တန်မိုင် | ၈.၄၆ | ၆.၅၂ | ၆.၁၉ | -၅.၁ |
| | **သမဝါယမပိုင်** | | | | | |
| | **မော်တော်ယာဉ်ဖြင့်ပို့ဆောင်ခြင်း** | | | | | |
| ၁ | ခရီးသည်ပို့ဆောင်ခြင်း | | | | | |
| | ၁ ခရီးသည် | ဦးရေ | ၃ | ၆ | ၇ | ၁၆.၇ |
| | ၂ ခရီးသည်မိုင် | ခရီးသည်မိုင် | ၂၀ | ၄၅ | ၃၀ | -၃၃.၃ |
| ၂ | ကုန်စည်ပို့ဆောင်ခြင်း | | | | | |
| | ၁ ကုန်တန်ချိန် | တန် | ၆ | ၆ | ၇ | ၁၆.၇ |
| | ၂ ကုန်တန်မိုင် | တန်မိုင် | ၈၄ | ၁၄၁ | ၉၂ | -၃၄.၈ |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းအတွက်
## ဆက်သွယ်ရေးကဏ္ဍ၏ ဝင်ငွေလျာထားချက်

(ကျပ်ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ခုနှစ် ရှေ့ပြေးအမှန် ဝင်ငွေ | ၂၀၁၂-၂၀၁၃ခုနှစ် ရည်မှန်းချက် ဝင်ငွေ | ၂၀၁၃-၂၀၁၄ခုနှစ် ရည်မှန်းချက် ဝင်ငွေ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | စာပို့တိုက်ဝင်ငွေ | ၆၅၉၉၇ | ၄၇၃၄၂ | ၁၁၁၀၇၉ |
| ၂ | တယ်လီဖုန်းဝင်ငွေ | ၉၉၁၁၇၀၂ | ၂၂၄၈၄၇၆၉ | ၁၇၂၀၀၃၉၂ |
| ၃ | ကြေးနန်းဝင်ငွေ | ၆၈၂၀ | ၇၈၈၇ | ၁၁၉၄၂ |
| | နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး **ပုံမှန်ဈေးနှုန်းအရ (ကျပ်သန်း)** | **၉၉၈၄၅၁၉** | **၂၂၅၃၉၉၉၈** | **၁၇၃၂၃၄၁၃** |
| | **စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)** | **၉၉၇၅. ၂** | **၂၈၆၀၅. ၆** | **၄၃၁၆၅. ၅<br>၅၀. ၉** |

*၂၀၁၀-၂၀၁၁ ပုံမှန်ဈေးနှုန်းများအရ ဖြစ်ပါသည်။

# ကချင်ပြည်နယ်၏
# ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# အသစ်တပ်ဆင်မည့် တယ်လီဖုန်းရည်မှန်းချက်

(လုံးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၁-၁၂ ခုနှစ် ရှေ့ပြေးအမှန် အရေအတွက် | ၂၀၁၂-၁၃ ခုနှစ် ရည်မှန်းချက် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် ရည်မှန်းချက် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် တိုးတက်မှုနှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | အော်တိုတယ်လီဖုန်း | ၄၇၉ | ၇၀၂ | ၂၀၀ | -၇၁.၅ |
| ၂ | GSM တယ်လီဖုန်း (၅ သိန်း) | ၃၀၂ | ၂၃၀၉၆ | | |
| ၃ | GSM တယ်လီဖုန်း (၅ သောင်း) | | | ၅၇၅၉၂ | |
| ၄ | CDMA - 450 Mobile တယ်လီဖုန်း (၁၅ သိန်း) | ၃၄ | | | |
| ၅ | WCDMA တယ်လီဖုန်း | | | | |
| ၆ | CDMA - 450 Mobile တယ်လီဖုန်း (၅ သိန်း) | ၅၇၃၉ | ၅၅၀၀ | | |
| ၇ | CDMA - 800 Mobile တယ်လီဖုန်း (၅ သိန်း) | | | | |

## ကချင်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဝင်ငွေရည်မှန်းချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ခုနှစ် ရှေ့ပြေးအမှန် အရေအတွက် | ၂၀၁၂-၂၀၁၃ ခုနှစ် ရည်မှန်းချက် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **နိုင်ငံပိုင်** | **ကျပ်သန်း** | **၁၃၉၆.၂** | **၁၃၂၇.၇** | **၁၃၉၆.၉** | **၂၁.၆** |
| | ၁ မြန်မာ့စီးပွားရေးဘဏ် | ။ | ၅၈၀.၂ | ၅၂၈.၀ | ၅၈၆.၀ | ၁၁.၀ |
| | ၂ မြန်မာ့အာမခံလုပ်ငန်း | ။ | ၉၈.၇ | ၆၆.၄ | ၈၇.၄ | ၃၁.၆ |
| | ၃ မြန်မာ့အသေးစားချေးငွေလုပ်ငန်း | ။ | ၅၃.၄ | ၆၈.၄ | ၅၃.၅ | -၂၁.၈ |
| | ၄ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ။ | ၆၆၃.၉ | ၆၆၄.၉ | ၆၇၀.၀ | ၀.၈ |
| **၂** | **သမဝါယမပိုင်** | **။** | **၄၄၁.၄** | **၄၆၃.၀** | **၇၅၆.၂** | **၆၃.၃** |
| | ၁ သမဝါယမဝင်ငွေ | ။ | ၄၄၁.၄ | ၄၆၃.၀ | ၇၅၆.၂ | ၆၃.၃ |
| | **စုစုပေါင်း** | **ကျပ်သန်း** | **၁၈၃၇.၆** | **၁၇၉၀.၇** | **၂၁၅၃.၁** | **၂၀.၂** |

**နိဂုံး**

၂၄။ ကချင်ပြည်နယ်သည် သဘာဝသယံဇာတကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းမှု ရရှိလာပြီး ပြည်တွင်း/ပြည်ပမှ အတတ်နည်းပညာ၊ ငွေကြေးအထောက်အပံ့အကူအညီများ ရရှိလာပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေးလုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူကို အခြေပြုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အတွင်းရှိ ဌာန/အဖွဲ့အစည်းများ NGOs နှင့် INGOs များ၏ အားကိုးရယူကာ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း
## ( ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့်စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေများကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေများကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲ ပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အသုံးစရိတ် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ချေးငွေ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးငွေ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၅. ၃၁၁ | | ၃၆၀. ၇၁၃ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | - | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၇. ၅၀၀ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၄၄ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | |
| | ပေါင်း | | ၃၅. ၃၁၁ | | ၃၇၈. ၄၅၇ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)

(ကျပ်သန်းပေါင်း)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ချေးငွေ | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၉. ၁၆၄ | | ၁၃၆၀. ၇၁၃ | ၂၆၇. ၆၀၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၈၅. ၅၂၃ | | | ၅၀. ၄၀၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၄၇၅. ၄၄၀ | | | ၃၁၆. ၂၅၄ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၀၄. ၆၆၅ | | | ၄၉. ၂၇၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၀၇. ၉၇၇ | | | | | | |
| | ပေါင်း | | ၁၅၅၂. ၇၆၇ | | ၁၃၆၀. ၇၁၃ | ၆၈၄. ၅၂၄ | | | |

ဇယား (၃)

(ကျပ်သန်းပေါင်း)

**ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အသုံးစရိတ် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ: အခြား သာမန် ရငွေ | ရငွေများ: အတိုးရငွေ | ရငွေများ: ငွေလုံးငွေရင်း ရငွေ | ရငွေများ: ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ရငွေများ: ချေးငွေ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ရငွေများ: ချေးငွေ: ချေးယူရငွေ | ရငွေများ: အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၉၀. ၉၃၂** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၉၀. ၉၃၂ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၇၀၂. ၆၄၁** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၄၅၈. ၆၃၀ | | | | | | | | |
| | ၂ | ရေနှင့်တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၂၅. ၃၀၄ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက် | | ၁. ၁၂၂ | | | | | | | | |
| | ၅ | အင်းလိုင်စင်ခွန် | | ၁၁၇. ၅၈၅ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၅၂၆. ၀၈၆** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၄၇. ၈၇၁ | | | | | | | | |
| | ၂ | ဘီးခွန် | | ၇၈. ၂၁၅ | | | | | | | | |
| ၄ | | **ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | ၁၃၁. ၆၅၃ | | | | | | | |
| ၅ | | **ပြည်ထဲရေး** | ၎င်း | | | **၆. ၉၉၇** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၆. ၉၆၅ | | | | | | |
| | ၂ | အကျဉ်းဦးစီးဌာန | | | | ၀. ၀၃၂ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၃. ၄၄၅** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂. ၈၆၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | | | ၀. ၅၈၀ | | | | | | |

ဇယား (၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများထံတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၂. ၃၉၅ | | | | | | |
| | ၁ | မြေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀. ၀၉၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၂. ၃၀၅ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | ၆. ၀၉၂ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄. ၃၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁. ၄၂၂ | | | | | | |
| | ၃ | မျိုးလုပ်ငန်းဦးစီးဌာန | | | | ၀. ၃၇၀ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | | | ၁၁. ၁၈၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁. ၁၈၀ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | ၄၀. ၃၀၈ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၄၀. ၃၀၈ | | | | | | |
| ၁၁ | | **သတ္တုရေးနှင့်အခွန်** | ၎င်း | | | ၀. ၀၂၆ | | | ၂၈၇၉၂. ၇၂၉ | | | |
| | ၁ | ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၂၆ | | | ၂၈၇၉၂. ၇၂၉ | | | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | ၀. ၀၁၆ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၁၆ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၀. ၁၃၉ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၁၃၉ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့** | ၎င်း | | | ၅၄၄၅. ၈၆၈ | | | | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့များ | | | | ၅၄၄၅. ၈၆၈ | | | | | | |
| | | ပေါင်း | | ၁၄၁၉. ၆၅၉ | ၁၃၁. ၆၅၃ | ၅၅၂၆. ၇၈၆ | | | ၂၈၇၉၂. ၇၂၉ | | | |

ဇယား (၄)

(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများအတွင်း ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၆၁၇. ၈၅၁ | | ၂၀, ၀၀၀ | ၃,၂၄၇. ၁၃၁ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃၅၇၀. ၉၀၂ | | ၂၀, ၀၀၀ | ၃,၂၄၇. ၁၃၁ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၈၆. ၉၄၉ | | | - | | | |
| ၂ | | သမဝါယမ | ၎င်း | ၂၇၀. ၁၁၀ | | | ၁၁. ၈၈၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၅၈. ၁၈၅ | | | ၀. ၇၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရက်ကန်းကျောင်း) | | ၁၁. ၉၂၅ | | | ၁၁. ၁၈၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၇၃၅. ၀၂၉ | | | ၁၉၉. ၉၇၅ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၅၇. ၆၅၉ | | | - | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၆၀၇. ၈၅၂ | | | ၇. ၉၇၅ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၉. ၅၁၆ | | | ၁၉၂. ၀၀၀ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၃၃၆. ၆၉၀ | | | ၅၉. ၁၄၄ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၅. ၃၀၂ | | | ၆. ၄၉၄ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၀၁. ၁၀၈ | | | ၄၆. ၆၅၀ | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၄၀. ၂၆၀ | | | ၆. ၀၀၀ | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၅၈၇. ၀၅၃ | | | ၁၇. ၇၁၈ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၅၈၇. ၀၅၃ | | | ၁၇. ၇၁၈ | | | |
| ၆ | | အားကစား | ၎င်း | ၁၈၈. ၃၃၃ | | | ၂၈၀. ၄၂၉ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၈၈. ၃၃၃ | | | ၂၈၀. ၄၂၉ | | | |
| ၇ | | အကျွာရေးနှင့်အခွန် | ၎င်း | ၄၈. ၉၇၃ | | | ၃၀၅. ၉၀၂ | | | |
| | ၁ | ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန | | ၄၈. ၉၇၃ | | | ၃၀၅. ၉၀၂ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၅၀. ၁၄၄ | | | ၂. ၆၈၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၅၀. ၁၄၄ | | | ၂. ၆၈၀ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၇၈၀၁. ၅၀၆ | | | ၁၀,၂၀၄. ၉၆၀ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၃၀. ၈၇၅ | | | ၉၂၆. ၆၀၀ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၇၆၇၉. ၆၃၁ | | | ၉,၂၇၈. ၃၆၀ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၉. ၅၆၂ | | | - | | | |
| | ၁ | ပေါ်ပြည်တွင်းကုန်တင်ကုန်ချအကျော်မတော် | | ၉. ၅၆၂ | | | - | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့ | ၎င်း | ၂၀၉၆. ၀၆၅ | | | ၃၆၅၀. ၅၂၅ | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့များ | | ၂၀၉၆. ၀၆၅ | | | ၃၆၅၀. ၅၂၅ | | | |
| | | ပေါင်း | | ၁၅၉၇၀. ၄၂၄ | | ၂၀, ၀၀၀ | ၁၅၉၈၀. ၃၄၄ | | | |

ဇယား (၅)

(ကျပ်သန်းပေါင်း)

**ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ရငွေများ: အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၉,၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၉,၀၀၀ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၎င်း | | | ၂,၉၄၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂,၉၄၀ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၁၇၁၄၈,၀၀၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၇၁၄၈,၀၀၀ | | | | | | |
| | | ပေါင်း | | | | ၁၇၁၅၉,၉၄၀ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၁,၁၉၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁,၁၉၀ | | | | | | |
| ၂ | | **သစ်တောရေးရာ** | ၎င်း | ၁၄,၉၇၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၁၄,၉၇၀ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | ၁၆၈၄၉,၂၂၄ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၆၈၄၉,၂၂၄ | | | | | | |
| | | ပေါင်း | | ၁၆၈၇၅,၃၈၄ | | | | | | |

# ကချင်ပြည်နယ် စည်ပင်သာယာရေးဥပဒေမူကြမ်း

## ( ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကချင်ပြည်နယ် စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းတို့ ပါဝင်သည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဆ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဇ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **မြို့နယ်ခွဲတာဝန်ခံ**ဆိုသည်မှာ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ည) **တာဝန်ခံအင်ဂျင်နီယာ**ဆိုသည်မှာ မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့၏ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းကိစ္စအဝဝကို တာဝန်ခံကြီးကြပ်ရသော အင်ဂျင်နီယာဝန်ထမ်းကို ဆိုသည်။

(ဋ) **စည်းကမ်းများ**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(ဌ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်။

(ဍ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရလည်းကောင်း၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအရလည်းကောင်း စည်းကြပ်သည့်အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဎ) **အငှားယာဉ်**ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူ ပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဏ) **အငှားယာဉ်မောင်းသူ**ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူ တို့ကို ဆိုသည်။

(တ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် တစ်နေရာမှတစ်နေရာသို့ အလျားလိုက်ဖြစ်စေ၊ ကန့်လန့်ဖြစ်စေ သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ထ) **အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေတွင် တိကျစွာ သတ်မှတ် ဖော်ပြထားသော ပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများမှအပ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ အစုစပ် သို့မဟုတ် ဖက်စပ်ဖြစ်စေ၊ အသင်း သို့မဟုတ် ကုမ္ပဏီတည်ထောင်၍ဖြစ်စေ အကျိုး အမြတ်ရရှိစေရန် လုပ်ကိုင်ဆောင်ရွက်သော အခြားပုဂ္ဂလိကစီးပွားဖြစ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းကို ဆိုသည်။

(ဒ) **ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ပညာရပ်တစ်ခုခုတွင် ကျွမ်းကျင်တတ်သိ နားလည်မှုကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းကို ဆိုသည်။

## အခန်း (၂)
## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် ကချင်ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) မြို့၊ မြို့နယ်၊ မြို့နယ်ခွဲတစ်ခုကိုဖြစ်စေ၊ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြို့၊ မြို့နယ်၊ မြို့နယ်ခွဲများကို စုစည်း၍ဖြစ်စေ၊ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင် သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်အတွင်းရှိ ဒေသများ၌ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်တို့ကို သတ်မှတ်နိုင်သည်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်းများက ထောက်ခံ တင်ပြထားသည့် အမည်စာရင်းမှ ရွေးချယ်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်ပညာအခြေပြု အဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖများမှ ထောက်ခံတင်ပြသည့်အမည်စာရင်းမှ ရွေးချယ်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

(င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အတွင်းရေးမှူး

၅။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသည့် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အများပြည်သူ ကြည်ညိုလေးစားပြီး ဩဇာတိက္ကမရှိသော မြို့မိမြို့ဖ ငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

၆။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ရပ်မိရပ်ဖများကို စုစည်း၍ ဥပဒေပုဒ်မ ၈ ပါ သတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသောပုဂ္ဂိုလ်တစ်ဦးစီအား လျှို့ဝှက်ဆန္ဒမဲဖြင့် ကိုယ်စားလှယ်အဖြစ် ရွေးချယ်စေရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ရွေးချယ်ရရှိသော ကိုယ်စားလှယ်များ အနက်မှ တစ်ဦးကို ၎င်းကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေပြီး ဆန္ဒမဲအများအနည်းအလိုက် ရရှိသောပုဂ္ဂိုလ်၏ အမည်စာရင်းကို ကိုယ်ရေးအချက်အလက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ရပ်ကွက်/ကျေးရွာကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲအရေအတွက် တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှုပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ ကြီးကြပ်ရေးအဖွဲ့သည် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းကို ပုဒ်မခွဲ (ခ) ပါအတိုင်း ထပ်မံပြုလုပ်ရမည်။

၇။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော ပုဂ္ဂိုလ်များကို စိစစ်ပြီး ဥပဒေပုဒ်မ ၈ ပါ အရည်အချင်းများနှင့်ပြည့်စုံသည့် လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသော ပုဂ္ဂိုလ်နှစ်ဦး၏အမည်စာရင်းကို အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူကာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အစိုးရဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အများပြည်သူကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသော နိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် (၃၅) နှစ်ပြည့်ပြီး အသက် (၇၀) နှစ်ထက်မကြီးသူဖြစ်ခြင်း၊

(ဂ) သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊

(ဃ) စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊

(င) သက်ဆိုင်ရာ မြို့၊ မြို့နယ်၊ မြို့နယ်ခွဲအတွင်း တစ်ဆက်တည်း အနည်းဆုံး (၁၀) နှစ် နေထိုင်လျက်ရှိသူဖြစ်ခြင်း၊

**ခြွင်းချက်။** ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(စ) တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်း၊

(ဆ) လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊ မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူ မဟုတ်ခြင်း။

၉။ ကော်မတီ၏သက်တမ်းမှာ ရွေးချယ်ဖွဲ့စည်း အတည်ပြုသည့်နေ့မှစ၍ ၂ နှစ်ဖြစ်သည်။

၁၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဝန်ထမ်းမဟုတ်သည့် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် လစဉ် ချီးမြှင့်ထောက်ပံ့ငွေကို သတ်မှတ်ပေးရမည်။

၁၁။ ဝန်ကြီးဌာနသည် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ပြင်ဆင်ရွေးချယ်ဖွဲ့စည်းနိုင်သည်။ ထိုသို့ ပြင်ဆင်ရွေးချယ်ဖွဲ့စည်းသည့် ကော်မတီ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်တစ်ဦးဦး၏ သက်တမ်းသည် ကျန်ရှိသည့် ကော်မတီသက်တမ်းအတွက်သာ ဖြစ်စေရမည်။

၁၂။ အစိုးရအဖွဲ့သည် ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့်ကော်မတီသည် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိနှင့် သင့်လျော်သော နိုင်ငံသား နှစ်ဦးပါဝင်သောအဖွဲ့ကို ကာလသတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

၁၃။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၄။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့၏ အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းပြုရမည် -

(က) မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းနှင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေယာစီမံခန့်ခွဲမှုများအပေါ် သဘောထားမှတ်ချက်ပေးခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတည်ဆောက်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များ၊ ဝင်ငွေရရှိသည့် စီးပွားရေးလုပ်ငန်းများအား ကြီးကြပ်ခြင်း၊

(ည) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်း တိရစ္ဆာန် သတ်ဖြတ်ခွင့်ပြုခြင်း၊ အသား၊ ငါးရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ပ) ကူးတို့လုပ်ငန်း စီမံခန့်ခွဲခြင်း၊

(ဏ) ပုဂ္ဂလိက အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(တ) အနေးယာဉ်များ စီမံခန့်ခွဲခြင်း၊

(ထ) စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဒ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံ အမှတ် သတ်မှတ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊

(န) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့် ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ပ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းမြေနယ်နိမိတ်၊ အဖွဲ့ပိုင်မြေပေါ်ရှိ ကျူးကျော် အဆောက်အအုံများအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖျက်သိမ်းခြင်း၊

(ဗ) တည်းခိုခန်းများ၊ အခန်းလိုက်ငှားရမ်းသော အဆောက်အအုံများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ အင်း (Inn) ဧည့်ဂေဟာ၊ ဘော်ဒါဆောင်များအား စစ်ဆေးကြီးကြပ်ခြင်း၊

(ဘ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(မ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(ယ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း စီမံခန့်ခွဲခြင်း၊

(ရ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ် အပန်းဖြေနေရာများနှင့် ယာဉ်ရပ်နား စခန်းများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊

(လ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် မီးသဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း၊

(ဝ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်း အသုံးပြုခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဟ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၅။ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အခွန် အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ထံမှဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံမှဖြစ်စေ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိ တာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့များ ရယူခြင်း၊

(ဂ) ပြည်တွင်းအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်ပပုဂ္ဂိုလ်တို့နှင့် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ကူညီ ဆောင်ရွက်ခြင်း၊

(င) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများ ငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

(ဆ) စည်ပင်သာယာရေးလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အကြံပြုခြင်းနှင့် ဆောင်ရွက်လိုသော လုပ်ငန်းများရှိပါက ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးနှင့်အစိုးရအဖွဲ့သို့ အဆင့်ဆင့် တင်ပြပြီး ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဇ) ကော်မတီပိုင် အဆောက်အအုံနှင့် မြေငှားရမ်းခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းဖောက်ဖျက်သော ငှားရမ်းသူများအား ဖယ်ရှားခြင်း၊ ဥပဒေနှင့်အညီ အရေးယူခြင်း။

၁၆။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့် စည်းကမ်းများရေးဆွဲ၍ အစိုးရအဖွဲ့ထံ အဆင့်ဆင့်တင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များအား ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးနှင့်အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဒေသန္တရအမိန့်ထုတ်ပြန်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း (၆)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၇။ ကော်မတီသည် အစိုးရအဖွဲ့ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်တွင်ဖြစ်စေ၊ မြို့ စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့် မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြည်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၈။ ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ် ငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များစည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရအဖွဲ့က စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၁၉။ ကော်မတီသည် အဆောက်အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၀။ ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြုနိုင်သည်။

၂၁။ ကော်မတီသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်း၊ ပေးသွင်းပြီးအခွန် ပြန်လည်ထုတ်ပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း၊ သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော်ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးသွင်းပြီးအခွန်များ ပြန်လည်ထုတ်ပေးခြင်း။

၂၂။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)
## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၃။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံနယ်မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို သို့မဟုတ် တိုးချဲ့ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသောအဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့်အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ ချိုင့်ဝှမ်းဖြစ်အောင် မြေတူးဖော်ခြင်း မပြုလုပ်ရေး တားမြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်စေခြင်း။

၂၄။ ပုဒ်မ ၂၃ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်သွားရမည်။ လက်ရှိနေထိုင်သူသည် တရားဝင် အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၅။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာ အညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံတို့မှ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျ သန့်စင်ပြီး စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ၊ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီကသတ်မှတ်သည့် သင့်လျော်သောလျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း၊

(ဈ) ဘေးဖြစ်စေတတ်သောဓာတုပစ္စည်း၊ ကူးစက်စေတတ်သောစွန့်ပစ်ပစ္စည်းများကို အများပြည်သူဆိုင်ရာနေရာများတွင် စွန့်ပစ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း။

၂၆။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့် နံစော်နေသောအရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သောအမှိုက်ပုံးများ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေး လုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း၊ အခန်းလိုက်ငှားသော အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ အင်း (Inn)၊ ဘော်ဒါဆောင်၊ ဧည့်ဂေဟာများအား ကျန်းမာသန့်ရှင်းရေးနှင့်ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေး တို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊

(စ) ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ကူးစက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူ ဆိုင်ရာနေရာများတွင် စွန့်ပစ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း။

၂၇။ ကော်မတီသည် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ အခြား နည်းဖြင့် အသုံးပြုစေခြင်း။

## အခန်း (၈)
## အနေးယာဉ်များ စီမံခန့်ခွဲခြင်း

၂၈။ ကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ် လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်း လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ် လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနေးယာဉ်မောင်း လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၉။ ကော်မတီကထုတ်ပေးသော လိုင်စင်ရရှိသူသာ အနေးယာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၀။ ကော်မတီကထုတ်ပေးသော လိုင်စင်ရရှိသူသာ အနေးယာဉ်မောင်းခွင့်ရှိသည်။

၃၁။ အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၃၂။ ကော်မတီသည် မိမိမြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်း လိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၃။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျ ခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၄။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်း လိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်း လိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၇။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၈။ အစိုးရအဖွဲ့သည် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့် အငြင်းပွားမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။ ညှိနှိုင်းဆောင်ရွက်ရာတွင် ပြေလည်မှုမရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူနိုင်သည်။

၃၉။ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၄၀။ (က) ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးမှချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

(ခ) ပုဒ်မ ၃၉ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးမှချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၄၁။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၄၂။ ကော်မတီသည် ကချင်ပြည်နယ်အတွင်း မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ နိုင်ငံတော်မှ တရားဝင် သတ်မှတ်ပေးထားသည့် ဘာသာရေးနေ့နှင့် အထူး သီးခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

၄၃။ ကော်မတီသည် အများပြည်သူစားသုံးရန်မှအပ တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ပြုလုပ်ရသည့်ကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

၄၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိရစ္ဆာန်သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၅။ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

၄၆။ ခွင့်ပြုချက်ရရှိသူမှ ရောင်းချသော သားရေဝယ်ယူမည့် ခွင့်ပြုချက်ရရှိသည့် ကိုယ်စားလှယ်သာလျှင် သားရေရောင်းဝယ်ခြင်း၊ မြို့နယ်ကျော်၍ သယ်ယူခြင်းကို ပြုလုပ်နိုင်သည်။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၇။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး သို့မဟုတ် ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်နှင့် အနေးယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်း၊ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်းများနှင့် စပ်လျဉ်း၍ စည်းကမ်းများကို သတ်မှတ်နိုင်သည်။

၄၉။ ဝန်ကြီးသည် ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ပြီး အစိုးရအဖွဲ့ထံ တင်ပြရမည်။

၅၀။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၁။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တိုနှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့်စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၅၂။ ပုဒ်မ ၁၉၊ ပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ (က) တို့အရ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၃။ ပုဒ်မ ၅၂ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဝန်ကြီးသည် ညွှန်ကြားရေးမှူး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၄။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၃)
## ဘဏ္ဍာရေး

၅၅။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဥပဒေနှင့်အညီ အတည်ပြုရမည်။ အစိုးရအဖွဲ့ အတည်ပြုထားသော အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီသာ ကောက်ခံသုံးစွဲနိုင်ခွင့်၊ ပြင်ဆင်သုံးစွဲခွင့်ရှိသည်။

၅၆။ ကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးနှင့်အစိုးရအဖွဲ့သို့ အဆင့်ဆင့် တင်ပြရမည်။

(ခ) နှစ်စဉ် ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၅၇။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလော အသုံးပြုရန် မလိုအပ်သည့်ရန်ပုံငွေကို တိုးပွားအောင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၈။ ကော်မတီသည် ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၉။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကိုအခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲရာတွင် လိုအပ်ပါက စည်ကမ်းထိန်းသိမ်းရေးဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၆၀။ ဝန်ကြီးဌာနသည် ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဝန်ထမ်းအင်အားအသစ် ခန့်ထားခြင်း၊ ဝန်ထမ်းအင်အားလျှော့ချခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ရာထူးလျှော့ချခြင်း၊ ရွှေ့ပြောင်းခြင်း၊ စည်းကမ်းဖောက်ဖျက် ကျူးလွန်သော ဝန်ထမ်းများကို စစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ သင့်လျော်သည့်ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ရန် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၆၁။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသောဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

၆၂။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ လွှဲပြောင်းခြင်း၊ ခန့်ထားခြင်း ပြုနိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၃။ အစိုးရအဖွဲ့သည် အမှုဆောင်အရာရှိက ငွေစာရင်းများကို စနစ်တကျ ထိန်းသိမ်းနိုင်ရန်နှင့် စစ်ဆေးခြင်း ပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်နယ်စာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၆၄။ အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းများကို ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၆)
## တားမြစ်ချက်များ

၆၅။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း မပြုရ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရ။

၆၆။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူ သွားလာသည့် လမ်းပေါ်တွင် မည်သည့် ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ။

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဇုပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်း မပြုရ။

(ဂ) အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်း မပြုရ။

(ဃ) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း မပြုရ။

(င) ဝင်ထွက်နိုင်သောလမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ။

(စ) ပြည်သူပိုင်အဆောက်အဦ၊ ပစ္စည်း၌ဖြစ်စေ၊ လက်ရှိနေထိုင်သူ၏သဘောတူညီမှုမရှိဘဲ ပုဂ္ဂလိကပိုင် အဆောက်အဦ၊ ပစ္စည်းပေါ်၌ဖြစ်စေ ဥပဒေအရ ကပ်ပိုင်ခွင့်မရှိဘဲ နံရံကပ်ကြော်ငြာစာ၊ အကြောင်းကြားစာ ဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ဆေးပန်းချီစာသားများ ရေးသားခြင်း မပြုရ။

၆၇။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ။

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်း မပြုရ။

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ဆောက်ဖွင့်လှစ်ခြင်း မပြုရ။

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၈။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ။

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်း မပြုရ။

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၆၉။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်တွင်ဖြစ်စေ၊ ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်းနှင့်အခန်းလိုက်ငှားသော အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ အင်း (Inn)၊ ဧည့်ဂေဟာ၊ ဘော်ဒါဆောင်များ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) မည်သည့်အစားအသောက်ရောင်းချသည့်ဆိုင်မျှ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

(ဂ) မည်သည့်အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်းမျှ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၇၀။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင် -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း၊ အခြား ပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း၊ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၇၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်း မပြုရ။

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် ရှင်းလင်းခြင်း မပြုရ။

၇၂။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးဖြစ်သောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်း မပြုရ။

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရ။

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်း မပြုရ။

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း မပြုရ။

(င) ရေခဲစက်၊ အချိုရည်စက်နှင့် ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

(စ) ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဆ) အခြားပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၇၃။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ် သို့မဟုတ် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် နေအိမ်နှင့် စီးပွားရေးလုပ်ငန်းမှထွက်ရှိလာသည့် စွန့်ပစ်မြေများအား စွန့်ပစ်ခြင်း မပြုရ။

၇၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန်ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း မပြုရ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၇)
## စီမံခန့်ခွဲခြင်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၇၅။ ကော်မတီသည် ပုဒ်မ ၈၀ တွင်ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၇၆။ ကော်မတီသည် ပုဒ်မ ၈၀ တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်နိုင်သည်။

၇၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့်ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၈။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ် ချမှတ်သည့်ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၇၉။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့်နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း (၁၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈၀။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၃ (င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၂၃ (စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၂၃ (ဆ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ |
| ၂၅ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၅ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊ |
| ၂၅ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူ လမ်းနှင့်ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၅ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၅ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့်မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၆ (က) | အမှိုက်များစွန့်ပစ်ရန် အမှိုက်ပုံးများ ထားရှိစေခြင်း၊ |
| ၂၆ (ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့်အဆောက်အအုံကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၉ | အနှေးယာဉ်လိုင်စင်မရှိဘဲ အနှေးယာဉ်ကို တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၃၀ | အနှေးယာဉ်မောင်းလိုင်စင်မရှိဘဲ အနှေးယာဉ်မောင်းနှင်ခြင်း၊ |
| ၃၁ | အနှေးယာဉ်ပိုင်ရှင်နှင့် အနှေးယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၆၅ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင်ပိတ်ဆို့၍ ပစ္စည်းများဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (က) | အများပြည်သူသွားလာသည့်လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ခ) | လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထု တစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၁ (က) | တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၈၁။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ၂၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၃ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်းကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည် ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၃ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၂၃ (ဂ) | လမ်းတံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသော အဆောက်အအုံကို ဖယ်ရှားစေခြင်း၊ |
| ၂၃ (ဃ) | အန္တရာယ်ရှိသောအဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၂၅ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာ ထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၂၅ (င) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၅ (ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေကို ပေးစေခြင်း၊ |
| ၂၅ (ဈ) | ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ကူးစက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူဆိုင်ရာနေရာများတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၂၆ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၆ (ဂ) | တည်းခိုခန်း သို့မဟုတ် အခန်းအလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်ချက်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၆ (စ) | ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ကူးစက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူဆိုင်ရာနေရာများတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၂၇ (က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၆၅ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံကျူးကျော်ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ဃ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၆ (င) | ဝင်ထွက်နိုင်သောလမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (စ) | နံရံကပ် ကြော်ငြာစာ၊ အကြောင်းကြားစာ ဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ဆေးပန်းချီ စာသားများ ရေးသားခြင်းမပြုရ၊ |
| ၆၇ (က) | အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဂ) | ကိုယ်ပိုင်စီးပွားအဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မထားရန် တားမြစ်ခြင်း၊ |
| ၆၈ (ခ) | ကူးစက်ရောဂါဖြင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၉ (က) | တည်းခိုခန်းနှင့် အခန်းအလိုက်ငှားသော အဆောက်အအုံဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ခ) | စားသောက်ဆိုင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်း၊ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (ဃ) | ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ဖွင့်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (င) | ရေခဲစက်၊ အချိုရည်စက်နှင့် ရေသန့်စက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (စ) | ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်း၊ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (ဆ) | အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

**ရှင်းလင်းချက်**။ အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်း ဖော်ပြချက်များသာဖြစ်သည်။

၈၂။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်

ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ၂၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၆ (င) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |
| ၂၇ (ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၇၀ (က) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၀ (ခ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်ပတ်သက်သောပစ္စည်းများ ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၁ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း၊ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၈၃။ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၈၄။ မည်သူမဆို ပုဒ်မ ၈၀ တွင်ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀၀၀ ချမှတ်ခြင်းခံရမည်။

၈၅။ မည်သူမဆို ပုဒ်မ ၈၁ တွင်ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၁၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၈၂ တွင်ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၇၃ ပါ ပြဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၈၈။ မည်သူမဆို ပုဒ်မ ၇၄ ပါ ပြဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံးကျပ် ၂၀၀၀၀၀ အထိ ချမှတ်ခြင်း ခံရမည်။

၈၉။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားများကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

(ခ) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် (၆) လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ဂ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့်သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၉၀။ မည်သူမဆို ပုဒ်မ ၄၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာပျက်ကွက် ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၉၁။ ဤဥပဒေအရ စွဲဆိုသောအမှုများကို သက်ဆိုင်ရာ ကော်မတီ၊ အမှုဆောင်အရာရှိ သို့မဟုတ် ၎င်းတို့က တာဝန်လွှဲအပ်သောပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၉၂။ (က) ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

(ခ) ဤဥပဒေပုဒ်မ ၈၉ ပုဒ်မခွဲ (က)၊ (ခ) နှင့် ပုဒ်မ ၉၀ တို့အရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၁၉)

## အထွေထွေ

၉၃။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသော အဖွဲ့များနှင့်ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ပြည်နယ်အတွင်းဖြစ်ပါက သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုလျှင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့်ဆက်စပ်နေပါက အစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၉၄။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လုပ်ငန်းများနှင့်ဆက်နွယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်၊ အခများမှ အခွန်၊ အခနှင့် တပ်ရိုက်သော ဒဏ်ငွေအချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၉၅။ ဤဥပဒေအရ ရွေးချယ်ထားသောကော်မတီဝင်များကို ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၉၆။ ကော်မတီသည် ယခင် စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၉၇။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို ကော်မတီသို့ အကြောင်းကြားရမည်။

၉၈။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များ ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကော်မတီသည် လိုအပ်သော ဒေသန္တရအမိန့်များကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# ကချင်ပြည်နယ် ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း
## ( ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကချင်ပြည်နယ် ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကချင်ပြည်နယ်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ကချင်ပြည်နယ်အတွင်း ပုဂ္ဂလိကပိုင်ရေယာဉ်များ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးရန်အတွက် အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ကြီးကြပ်ရေးကော်မရှင်ကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်အလိုက် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကပိုင် ရေယာဉ်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(င) **ရေယာဉ်**ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အားလုံးကိုသော် လည်းကောင်း၊ တချို့တစ်ဝက်မျှသော်လည်းကောင်း အသုံးပြု၍ ရေပြင်ပေါ်တွင် မောင်းနှင် သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့် ရေယာဉ်များကို ဆိုသည်။

(စ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှု အောက်တွင် ပြေးဆွဲနေသော ရေယာဉ်၏ပိုင်ရှင်ကို ဆိုသည်။

(ဆ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်၌ ပြေးဆွဲနေသော ပုဂ္ဂလိကပိုင် ရေယာဉ်တွင် ရေယာဉ်မောင်းနှင့် ရေယာဉ်လုပ်သားများကို ဆိုသည်။

(ဇ) **ကော်မတီရုံးဝန်ထမ်း**ဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့်အညီ ခန့်ထားသူကို ဆိုသည်။

(ဈ) **နည်းဥပဒေ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

(ည) **ရေယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကပိုင်ရေယာဉ်ကိုအသုံးပြု၍ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ကိုင်သော လုပ်ငန်းများကို ဆိုသည်။

(ဋ) **ပုဂ္ဂလိကပိုင်ရေယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်ရေယာဉ်မဟုတ်သော ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **ဝန်ကြီး**ဆိုသည်မှာ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေယာဉ်များ စနစ်တကျဖြင့် စည်းကမ်းရှိစွာ ပြေးဆွဲနိုင်ရန်၊

(ခ) ခရီးသွားလုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး သက်သာချောင်ချိစွာ သွားလာနိုင်ရန်၊

(ဂ) ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရန်၊

(ဃ) ထိုက်သင့်သည့် အခွန်ဘဏ္ဍာငွေများရရှိပြီး ပြည်နယ်ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မရှင်ကို ဖွဲ့စည်းရမည် -

(က) ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) အတွင်းရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်
(ဂ) ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
(ဃ) ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန — အဖွဲ့ဝင်
(င) မန်နေဂျာ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်
(စ) ပြည်နယ်ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန — အတွင်းရေးမှူး

## အခန်း (၄)

## ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၅။ ကော်မရှင်သည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ရွေးချယ်၍ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်အလိုက် ပုဂ္ဂလိကပိုင်ရေယာဉ်များ ကြီးကြပ်ရေး ကော်မတီကို ရွေးချယ်ခြင်း၊ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုနိုင်သည်။

၆။ ကော်မရှင်၏သဘောတူညီချက်ဖြင့် ခရိုင်ကော်မတီသည် မြို့နယ်၊ မြို့နယ်ခွဲအဆင့် ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၇။ ကော်မတီသည် ရေယာဉ်လုပ်ငန်းပေါင်းစုံ အစဉ်တိုးတက်စေရန်အတွက် ကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယာဉ်လိုင်းများ တိုးချဲ့တည်ထောင်နိုင်ရန် ဆောင်ရွက်ရမည်။

၈။ ကော်မတီသည် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုအဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ အသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ရေယာဉ်အင်အားပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစားပြောင်းလဲခြင်းတို့ကို ကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၅)

## ကော်မတီဖွဲ့စည်းခြင်း

၉။ ကော်မတီအသီးသီးရှိ ကော်မတီအဖွဲ့ဝင်များ၏ အရည်အချင်း၊ ကော်မတီဝင်အရေအတွက်နှင့် ရွေးချယ်ရန် နည်းလမ်းများကို နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

၁၀။ ကော်မတီ၏သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ ၂ နှစ်ဖြစ်သည်။

၁၁။ ကော်မတီ ရွေးချယ်ဖွဲ့စည်းပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ လုပ်ငန်းတာဝန်အရပ်ရပ်နှင့် ခံစားခွင့်အရပ်ရပ်တို့ကို ၁၅ ရက်အတွင်း စနစ်တကျ လွှဲပြောင်းပေးရမည်။

## အခန်း (၆)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီသည် ကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။
(ခ) ကော်မတီသည် ရေယာဉ်လိုင်းဂိတ်များ၊ ဆိပ်ကမ်းများ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။
(ဂ) ကော်မတီသည် အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းမိတ္တူများကို ကော်မရှင်ထံ ပေးပို့ရမည်။

(ဃ) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး သက်သာချောင်ချိစွာ သွားလာနိုင်ရန် ဆောင်ရွက်ရမည်။

(င) ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ရမည်။

(စ) ရေယာဉ်အသင်းများ စနစ်တကျရှိစေရန် ဆောင်ရွက်ရမည်။

(ဆ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသော ခေတ်မီရေယာဉ်များဖြင့် ပို့ဆောင်ရေး စနစ်ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် အကျုံးဝင်သည့်ရေယာဉ်နှင့် ရေယာဉ်လုပ်သားများကို တည်ဆဲဥပဒေနှင့်အညီ လိုက်နာစေရန် ဆောင်ရွက်ရမည်။

(ဈ) လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ရေယာဉ်အသင်းများ လွှဲပြောင်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ပြီးသော ရေယာဉ်များ လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေခြင်း၊ ကော်မတီ၏ရန်ပုံငွေနှင့် အဆောက်အအုံ၊ ပစ္စည်းများ သုံးစွဲထိန်းသိမ်းခြင်းများကို နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။

(ည) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့်ရေယာဉ်များကို မိမိ၏ စီမံခန့်ခွဲမှုလက်အောက်သို့ ပိုမိုဝင်ရောက်လာနိုင်စေရေး စည်းရုံးဆောင်ရွက်ရမည့်အပြင် ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းလိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးရမည်။

(ဋ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် ပြည်နယ်ဖွံ့ဖြိုးရေးနှင့်လူမှုရေးလုပ်ငန်း တာဝန်များ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်။

(ဌ) လစဉ် လုပ်ငန်းဆောင်ရွက်ချက်၊ အစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းနှင့် စာရင်းဇယားများကို အချိန်မီတင်ပြနိုင်ရန် စီမံဆောင်ရွက်ရမည်။

(ဍ) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။

(ဎ) ရေယာဉ်ရပ်နားသည့်ဆိပ်ကမ်းများ လုံခြုံရေးနှင့်သန့်ရှင်းရေးကို ဆောင်ရွက်ရမည်။

## အခန်း (၇)

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် -

(က) ရေယာဉ်ပြေးဆွဲလိုသော ရေယာဉ်ပိုင်ရှင်နှင့်ရေယာဉ်အသင်းများအား ကော်မတီတွင် မှတ်ပုံတင်၍ ပြေးဆွဲစေခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်ပြီးသောရေယာဉ်များ ပြေးဆွဲရာတွင် စနစ်တကျရှိစေရေး၊ အဆင်ပြေ ချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ နည်းဥပဒေနှင့်အညီ အဖွဲ့လိုက်ကွင်းဆင်းစစ်ဆေး အရေးယူစေခြင်း၊

(ဂ) ကော်မတီသည် မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ အသင်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်ဆိပ်ကမ်း များ၊ ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်လုပ်သားများ လိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း။

၁၄။ ကော်မတီသည် အစိုးရအဖွဲ့က အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်နိုင်သည်။

## အခန်း (၈)

## ဘဏ္ဍာရေး

၁၅။ ရန်ပုံငွေသုံးစွဲခြင်းအတွက် လိုအပ်သောနည်းဥပဒေများကို အစိုးရအဖွဲ့က ထုတ်ပြန်ရမည်။

၁၆။ ကော်မတီသည် ရန်ပုံငွေသုံးစွဲခြင်းကို နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ထုတ်ယူသုံးစွဲရမည်။

၁၇။ ကော်မတီသည် ရန်ပုံငွေကို ဘဏ်တွင် စာရင်းဖွင့်ထားရမည်။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သုံးစွဲရမည်။

၁၈။ ကော်မတီသည် ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်။

၁၉။ ရန်ပုံငွေများကို ကော်မရှင်၏ သဘောတူညီချက်ဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုရန် နည်းဥပဒေနှင့်အညီ သုံးစွဲနိုင်သည်။

၂၀။ စုဆောင်းထားရှိသည့် ရန်ပုံငွေများကို ကော်မရှင်၏ သဘောတူညီချက်ဖြင့် လုပ်ငန်းတိုးချဲ့တည်ထောင်ရန် နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

## အခန်း (၉)

## ဝန်ထမ်းဖွဲ့စည်းပုံ၊ ရပိုင်ခွင့်နှင့်တာဝန်များ

၂၁။ ကော်မတီသည် -

(က) ဝန်ထမ်းခန့်ထားခြင်းအတွက် နည်းဥပဒေနှင့်အညီ ခန့်ထားရမည်။

(ခ) ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရုံးအကြီးအကဲကို ခန့်ထားရမည်။

(ဂ) ဝန်ထမ်းများခန့်ထားခြင်းအတွက် ရန်ပုံငွေမှ ကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ရန်ပုံငွေ၏ ၂၅ ရာခိုင်နှုန်းထက် ကျော်လွန်၍ သုံးစွဲခြင်းမပြုရ။

(ဃ) ဝန်ထမ်းရေးရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ရုံးအကြီးအကဲအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(င) ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့်တာဝန်များကို နည်းဥပဒေနှင့်အညီ သတ်မှတ်ရမည်။

## အခန်း (၁၀)

## ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်း

၂၂။ ကော်မတီသည် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းများကို ရေးဆွဲပြုစုထိန်းသိမ်း ထားရှိရန်နှင့် စစ်ဆေးခံနိုင်ရန်အတွက် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

၂၃။ ရုံးအကြီးအကဲသည် ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရှိရမည်။

၂၄။ ကော်မတီသည် ရေးဆွဲ ပြုစု ထိန်းသိမ်းထားရှိသည့် ငွေစာရင်းများအား ကော်မရှင်က တာဝန်ပေးအပ်သောသူ၏ နှစ်စဉ် စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၅။ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) သက်ဆိုင်ရာ ရေယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၆။ ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်များသည် သက်ဆိုင်ရာရေယာဉ်လိုင်းများတွင် ပြေးဆွဲသည့်အခါ သတ်မှတ်ထားသည့် ဆိပ်ကမ်းနေရာများတွင် လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေသတ်မှတ်၍ ပေးဆောင်စေခြင်း၊

(ခ) သက်ဆိုင်ရာ ရေယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၇။ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များကို ထပ်မံဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ် ကျပ် တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ် ငါးသောင်းအထိ ချမှတ်နိုင်သည်။

၂၈။ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် မကျေနပ်ပါက ကော်မရှင်ထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။ ကော်မရှင်၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၉။ မည်သူမဆို ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်အသင်း၊ ရေယာဉ်လိုင်းတစ်ခုခုတွင် မှတ်ပုံတင်ခြင်းမရှိဘဲ အခကြေးငွေယူ၍ ယာဉ်ပြေးဆွဲခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၁။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဥပဒေနှင့်အညီ ဆက်ခံခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၃၂။ ယခင် ပြည်နယ်အတွင်း စက်လှေလိုင်းနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့်ကော်မတီထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်တို့ကို ကော်မရှင်၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၃။ ဤဥပဒေသည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဥပဒေ၊ မြန်မာနိုင်ငံ မြစ်ကြောင်းသွား မီးသင်္ဘောများ အက်ဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ တို့နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ကချင်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကြမ်း

## ( ၂၀၁၃ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ်  ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကချင်ပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ကချင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန် အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်။

(စ) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ ပြည်နယ်အတွင်းရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်။

(ဇ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများကိုစုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသောကော်မတီကို ဆိုသည်။

(ည) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်။

(ဋ) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ ကချင်ပြည်နယ်အတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့် ဈေးကြီး စသည့် နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်းပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဌ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

(ဎ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့် သက်သာချောင်ချိရေးရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခအပြည့်အဝမှန်ကန်စွာ ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီများဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း

၄။ အစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါ ကော်မတီနှင့်ရုံးများကို ဖွဲ့စည်းရမည် -

(က) ပြည်နယ် ကုန်တင်ကုန်ချကော်မတီနှင့်ရုံး၊

(ခ) မြို့နယ် ကုန်တင်ကုန်ချကော်မတီနှင့်ရုံးများ၊

(ဂ) မြို့နယ် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီနှင့်ရုံးများ။

၅။ အစိုးရအဖွဲ့သည် ပြည်နယ် ကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းခြင်းပြုနိုင်သည်။

၆။ မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား ပြည်နယ် ကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၄)
## ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ

၇။ ပြည်နယ် ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်

ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ သို့မဟုတ် အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့်အရေးယူခြင်း၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများက ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့်အညီ လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများရရှိစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ခွင့်ပြုချက်ဖြင့် ထိုက်တန်သော လုပ်ခနှုန်းထားရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း၊

(င) မြို့နယ် ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့်အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(စ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် စောင့်ရှောက်ရေးမှူး၊ လုပ်သားစုမှူး၊ အလုပ်သမားမှူး စသည့်ရာထူးများ ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုမိန့်များ ထုတ်ပြန်ခြင်း၊

(ဆ) သက်ဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးထားသည့်အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ လုပ်သားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရားများအား ကျေပွန်စွာထမ်းဆောင်ခြင်း ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဇ) အလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်းနှင့် မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားအင်အားလျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံဝင်အလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုမိန့်များ ထုတ်ပေးခြင်း၊

(ဈ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏ နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊

(ည) ကုန်တင်ကုန်ချအလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဋ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆမှု မဖြစ်ပွားစေရေးတို့အတွက် စနစ်တကျ ဆောင်ရွက်ပေးခြင်း၊

(ဌ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဍ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းစေရန် လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း၊

(ဎ) မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရက ဥပဒေနှင့်အညီ ခန့်အပ်ပေးထားသော ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဇ) လုပ်ငန်းဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်စစ်ဆေးခြင်း၊

(ခ) မြို့နယ်အတွင်းတွင် ကုန်တင်ကုန်ချလုပ်ငန်းများ၌ မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျ ရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) အနည်းဆုံးမှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားအင်အားနှင့် အများဆုံးမှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားအင်အား သတ်မှတ်ချက်များ၊ ကရုဏာကြေးသတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဃ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများတိုးမြှင့်ရန် လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့တင်ပြ၍ ဆက်စပ်ပတ်သက်သည့်ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့်ညှိနှိုင်းခြင်း၊ သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချလုပ်ခနှုန်းထားများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြခွင့်ပြုချက်ရယူပြီး ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီသို့ အတည်ပြုနိုင်ရေးတင်ပြခြင်း၊

(င) မြို့နယ်ကုန်တင်ကုန်ချရုံး၏လက်အောက်ရှိ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ လုပ်ငန်းဌာန ခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရန် ကုန်တင်ကုန်ချအလုပ်သမားကော်မတီများ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊

(စ) ပြည်နယ်ကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်း

၉။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) အရလည်းကောင်း၊ ယင်းအမိန့်အရပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်း ကုန်တင်ကုန်ချအလုပ်သမားများစောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများဖြင့်လည်းကောင်း လုပ်ကိုင်လျက်ရှိသော အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်တင်ကုန်ချကော်မတီရုံးများသည် ပြည်နယ် ကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား ၁၀ ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်ချိန်ကာလ အနည်းဆုံး ၄ လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် စတင်လုပ်ကိုင်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာကို ပြည်နယ် ကုန်တင်ကုန်ချကော်မတီသို့ လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံ စသည့် အများပြည်သူသွားလာရေးဆိုင်ရာ နေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းများ၊

(ခ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရ ကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်းများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်နေသည့်ဌာနနှင့် အဖွဲ့အစည်းများ။

၁၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ် ကုန်တင်ကုန်ချကော်မတီ၏ တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၂။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲတစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၃။ အစိုးရအဖွဲ့သည် ထုတ်ပေးထားသောခွင့်ပြုချက်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် သတ်မှတ်ကာလ မတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)

## ကုန်တင်ကုန်ချကော်မတီရုံးအား ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်းအပါအဝင် အခြား လုံလောက်သောအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့ရပါက ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၁၅။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ ၁၅ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် မိမိပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံ တင်ပြရမည်။

၁၈။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ စာရင်းရှင်းလင်း ဖျက်သိမ်းပြီးစီးမှုအား အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)

## သက်သာချောင်ချိရေး ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် မိမိလက်အောက်ရှိ လုပ်ငန်းဌာနခွဲကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းဌာနခွဲများတွင်

မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရန် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေး ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးများသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

(ဂ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့်ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာရန်ပုံငွေမှ ထုတ်ပေးရန် ပျက်ကွက်ခြင်း။

၂၃။ မည်သူမျှ ပြည်နယ် ကုန်တင်ကုန်ချကော်မတီ၏ လွှဲအပ်တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရဆောင်ရွက်မှုများကို တားဆီးခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

၂၄။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) သက်ဆိုင်ရာ ကုန်တင်ကုန်ချ သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော အခကြေးငွေထက်ပို၍ အများပြည်သူထံမှ လုပ်အားခ ပိုမိုတောင်းခံခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

## အခန်း (၉)
## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၈။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၃၀။ ယခင် ပြည်တွင်းကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့်ကော်မတီထံသို့ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့မှတာဝန်ပေးအပ်ထားသည့်အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၁။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order,1959) သည်လည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများစောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်၊ အလုပ်သမားဝန်ကြီးဌာန၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှ ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်နှင့်ဘဏ္ဍာရေးစည်းမျဉ်းတို့သည်လည်းကောင်း ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၄ နှင့် ၆ တို့ကို အောက်ပါအတိုင်း ပြင်ဆင်ရမည် -

၄။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးကော်မတီကို သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်အတွင်း

နေထိုင်သည့် သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊ ကော်မတီကို ဖွဲ့စည်းရာတွင် ကော်မတီ၏ဥက္ကဋ္ဌကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၆။ အမှုဆောင်အရာရှိသည် ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ၂၀၁၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာန များနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊

တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ရယူဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးသော၊ ထောက်ပံ့သော၊ ချေးငွေဖြင့် ခွင့်ပြုခဲ့သည့် ဘဏ္ဍာရန်ပုံငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယင်းဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများကို တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊

နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော ကောက်ခံရမည့် အခွန်အခ အမျိုးအစားများကိုသာ ကောက်ခံရမည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေများနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်း စီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများ၊ သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)

(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရှင်းနိုင်ငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၉၃၅. ၁၃၈ | | | | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | - | | | | | | |
| ၃ | တိုင်းဒေသကြီးတရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၉. ၀၁၅ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၈၆ | | | | | | |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၇၆ | | | | | | |
| | ပေါင်း | | | | ၁၉၅၄. ၄၁၅ | | | | | | |

ဇယား (၂)

(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရှင်းနိုင်ငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၃၀.၆၀၂ | | ၁၉၇၅.၁၃၈ | ၂၃၆.၂၃၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၃၂.၅၉၉ | | - | - | | | |
| ၃ | တိုင်းဒေသကြီးတရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၅၃.၀၄၀ | | | ၉၅.၄၂၀ | | | |
| ၄ | တိုင်းဒေသကြီးဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၃၂၈.၁၄၂ | | | | | | |
| ၅ | တိုင်းဒေသကြီးစာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇၂၆.၃၀၂ | | | ၁၀၀.၁၄၀ | | | |
| | ပေါင်း | | ၂၅၇၀.၆၈၅ | | ၁၉၇၅.၁၃၈ | ၄၃၁.၇၉၀ | | | |

ဇယား (၃)

(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ချေးငွေ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြည်တွင်းထွက်ကုန်နှင့် ပြည်သူများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၄၄၁, ၇၆၈ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ရှင်း | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁၆၃၈, ၃၀၅ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀, ၀၀၃ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၂၅, ၃၄၃ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁၁, ၀၈၅ | | | | | | | | |
| | ၅ | အင်းတိုင်ခွန် | | ၃၆, ၄၅၀ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ရှင်း | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၃၁၁, ၄၂၈ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၀၈, ၀၉၃ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ရှင်း | | ၁၅၃, ၀၇၆ | | | | | | | |

ဇယား (၃)။ ။ အဆက်
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄. ၄၅၀ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄. ၄၂၈ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၂၂ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | ၆. ၇၄၉ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၆. ၅၇၉ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုဦးစီးဌာန | | | | ၀. ၁၇၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | ၂၆၂. ၉၈၄ | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂. ၉၉၉ | | | | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၁၄၅ | | | | | | |
| | ၃ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၂၅၉. ၈၄၀ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | ၃၁. ၀၉၈ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀. ၅၈၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၆. ၆၁၈ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၂၃. ၉၀၀ | | | | | | |
| ၉ | | **ဝတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | | | ၁၄. ၂၀၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၄. ၂၀၀ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | ၀. ၀၃၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၉၂၀၀၀. ၀၀၆ | | ၁၂၃၆၇. ၅၃၄ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၉၂၀၀၀. ၀၀၆ | | ၁၂၃၆၇. ၅၃၄ | |
| ၁၂ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၂၄. ၅၈၇ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၃၄၁ | | | | | | |
| | ၂ | အဆောက်အဦး၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းဦးစီးဌာန | | | | ၂၄. ၂၄၆ | | | | | | |
| ၁၃ | | **အလုပ်သမား** | ၎င်း | | | ၀. ၀၀၂ | | | | | | |
| | ၁ | ပေါ်ပြည်ထွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀. ၀၀၂ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၆၅၃၁. ၄၉၅ | | | | | | |
| | | ပေါင်း | | ၂၇၄၁. ၄၃၅ | ၁၅၃. ၁၃၆ | ၆၈၃၅. ၅၈၁ | | | ၉၂၀၀၀. ၀၀၆ | | ၁၂၃၆၇. ၅၃၄ | |

ဇယား (၄)

(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ရွေ့လျားငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၅၅၅၆. ၁၃၁** | | **၁၅. ၀၀၀** | **၁၀၉၀. ၉၁၁** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅၄၄၁. ၉၄၈ | | ၁၅. ၀၀၀ | ၁၀၅၄. ၇၅၁ | | | |
| | ၂ | အကျဉ်းဦးစီးဌာန | | ၁၁၄. ၂၂၃ | | | ၃၆. ၁၆၀ | | | |
| ၂ | | **သမဝါယမ** | **ရှင်း** | **၆၇၃. ၅၈၄** | | | **၀. ၁၈၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၆၅၆. ၅၆၇ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုဦးစီးဌာန | | ၁၇. ၀၁၇ | | | ၀. ၁၈၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **ရှင်း** | **၃၈၉၃. ၂၂၄** | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၃၆၂. ၀၀၃ | | | | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၂၄. ၀၄၆ | | | | | | |
| | ၃ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၂၁၀၇. ၁၇၅ | | | | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | **ရှင်း** | **၃၃၁. ၃၅၃** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၆၈. ၅၆၂ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၉၈. ၁၀၆ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၆၄. ၆၇၉ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **ရှင်း** | **၁၈၆၄. ၃၃၃** | | | **၂၃. ၂၄၅** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၀၀၄. ၃၃၈ | | | ၁၇. ၅၀၀ | | | |
| | ၂ | အမျိုးသားအဆင့်မြေမျက်နှာပြင်ဦးစီးဌာန | | ၈၅၉. ၉၉၅ | | | ၅. ၇၄၅ | | | |
| ၆ | | **အားကစား** | **ရှင်း** | **၂၁၉. ၆၁၇** | | | **၂၀. ၁၅၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၁၉. ၆၁၇ | | | ၂၀. ၁၅၀ | | | |

တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)။ ။ အသုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | ဘဏ္ဍာရေးနှင့်အခွန် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၆. ၉၆၃ | | | ၄. ၈၉၂ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၆. ၉၆၃ | | | ၄. ၈၉၂ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၃၉၅. ၄၆၆ | | | ၆၀. ၅၀၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၉၅. ၄၆၆ | | | ၆၀. ၅၀၀ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၂၉၀၄၆. ၁၂၀ | | | ၅၈၅၄၃. ၈၀၀ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၀၂. ၆၁၁ | | | ၃၃၄. ၀၅၅ | | | |
| | ၂ | အဆောက်အအုံ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းဦးစီးဌာန | | ၂၈၉၄၃. ၅၀၉ | | | ၅၈၂၁၃. ၇၄၅ | | | |
| ၁၀ | | အလုပ်သမား | ၎င်း | ၂၄. ၄၆၀ | | | | | | |
| | ၁ | ပေါ်ပြည်တွင်းကုန်းတင်ကုန်ချကော်မတီရုံး | | ၂၄. ၄၆၀ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၉၆၉. ၅၈၄ | | | ၁၅၄၅၈. ၀၆၉ | | | |
| | | ပေါင်း | | ၄၃၀၂၀. ၈၈၀ | - | ၁၅. ၀၀၀ | ၆၃၂၀၃. ၃၅၃ | | | |

ဇယား (၅)

(ကျပ်သန်းပေါင်း)

တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရရှငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၅.၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၂၅.၀၀၀ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ရှိုင်း | | | ၂၅၀၀၀.၀၀၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၅၀၀၀.၀၀၀ | | | | | | |
| | | ပေါင်း | | | | ၂၅၀၂၅.၀၀၀ | | | | | | |

ဇယား (၆)

(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀,၀၉၈ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၂၀,၀၉၈ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၎င်း | ၂၄၅၇၆,၁၈၃ | | | ၁၃,၂၅,၆၅၆ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၄၅၇၆,၁၈၃ | | | ၁၃,၂၅,၆၅၆ | | | |
| | | ပေါင်း | | ၂၄၅၉၆,၂၈၁ | | | ၁၃,၂၅,၆၅၆ | | | |

# မကွေးတိုင်းဒေသကြီး
# ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးအဖွဲ့**ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ (၉) အရ အစိုးရအဖွဲ့က ဖွဲ့စည်း ထားသောအဖွဲ့ကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဆ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုး ဖြင့်သော်လည်းကောင်း မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဇ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်၏ ပိုင်ရှင်ကို ဆိုသည်။

(ဈ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဂိတ်ကုန်တင်ကုန်ချ လုပ်သား များကို ဆိုသည်။

(ည) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာ ပြေးဆွဲ နေသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်များနှင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဋ) **မော်တော်ယာဉ်လိုင်းတာဝန်ခံ**ဆိုသည်မှာ သက်ဆိုင်ရာ မော်တော်ယာဉ်လိုင်းအတွက် တာဝန်ခံ ရသည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်**ဆိုသည်မှာ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်အဖွဲ့အစည်းတစ်ရပ်ရပ်က ပိုင်ဆိုင်ပြီး မော်တော်ယာဉ်လိုင်း တစ်ရပ်ရပ်တွင် ပြေးဆွဲနေသည့် ယာဉ်များလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရန်၊

(ဂ) ပုဂ္ဂလိကလုပ်ငန်းသုံး မော်တော်ယာဉ်များ စည်းကမ်းတကျ ပြေးဆွဲရန်၊

(ဃ) နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အခများ ရရှိရန်၊

(င) ပုဂ္ဂလိကလုပ်ငန်းသုံးယာဉ်များကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးသည် သတ်မှတ်ထားသော နည်းလမ်းများအတိုင်း တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ကော်မတီကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၅။ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဥက္ကဋ္ဌ (၁) ဦး

(ခ) အဖွဲ့ဝင် (၅) ဦး

(ဂ) အတွင်းရေးမှူး (၁) ဦး

၆။ ဝန်ကြီး၏သဘောတူညီချက်ဖြင့် ကော်မတီသည် ခရိုင်နှင့်မြို့နယ်အဆင့် ကော်မတီများကို ဖွဲ့စည်း တာဝန်ပေးနိုင်သည်။

၇။ ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဥက္ကဋ္ဌ (၁) ဦး

(ခ) အဖွဲ့ဝင် (၃) ဦး

(ဂ) ဘဏ္ဍာရေးမှူး (၁) ဦး

(ဃ) စာရင်းစစ် (၁) ဦး

(င) အတွင်းရေးမှူး (၁) ဦး

၈။ ကော်မတီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) မော်တော်ယာဉ် (သို့မဟုတ်) ယာဉ်လိုင်းပိုင်ရှင် ဖြစ်ရမည်၊

(ဂ) အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်၊

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(င) အခြေခံပညာ အထက်တန်းအဆင့် တက်ရောက်သင်ကြားခဲ့သည့် ပညာအရည်အချင်းရှိရမည်၊

(စ) မကွေးတိုင်းဒေသကြီးအတွင်း အမြဲတမ်းအခြေချနေထိုင်သူ ဖြစ်ရမည်။

၉။ (က) ကော်မတီ၏သက်တမ်းမှာ အဖွဲ့အစည်းအတည်ပြုသည့်နေ့မှစ၍ (၄) နှစ်ဖြစ်သည်။

(ခ) ကော်မတီအသစ် ရွေးချယ်ပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်သို့ တာဝန်နှင့်လုပ်ငန်းအရပ်ရပ်ကိုလည်းကောင်း၊ ကော်မတီပိုင် ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း (၁၅) ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

၁၀။ ကော်မတီသည် ဦးစီးဌာန၏ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ မော်တော်ယာဉ်လိုင်းများကို ဖွဲ့စည်းနိုင်သည်။

၁၁။ ကော်မတီသည် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအဖွဲ့၏ ကြီးကြပ်မှုကို ခံယူ၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ကို တာဝန်ခံရမည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေခြင်း၊

(ခ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေခြင်း၊

(ဂ) ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သား၊ မော်တော်ယာဉ်လိုင်းတာဝန်ခံများ၏ လူမှုစီးပွားတိုးတက်စေရန် ကြံဆဆောင်ရွက်ခြင်း၊

(ဃ) မော်တော်ယာဉ်လိုင်းများ စနစ်တကျရှိစေခြင်း၊

(င) မော်တော်ယာဉ်လိုင်းများ အသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ် ဖျက်သိမ်းခြင်း၊ ယာဉ်အင်အားပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစားပြောင်းလဲခြင်းတို့ကို ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ခြင်း၊

(စ) လက်ရှိမော်တော်ယာဉ်လိုင်းမှ အခြား မော်တော်ယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ခြင်း၊

(ဆ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ထိန်းသိမ်းကြပ်မတ်ရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသော ခေတ်မီပို့ဆောင်ရေးစနစ်ဖြစ်ထွန်း စေရန် ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဈ) ကော်မတီ၏ကြီးကြပ်မှုတွင် အကျုံးဝင်သည့် ယာဉ်ပိုင်ရှင်နှင့်ယာဉ်လုပ်သားများ လိုက်နာရန် ဤဥပဒေနှင့်အညီ စည်းကမ်းသတ်မှတ်ခြင်း၊

(ည) မော်တော်ယာဉ်လုပ်ငန်းများ အစဉ်တိုးတက်စေရန်အတွက် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းများ တိုးချဲ့တည်ဆောက်ခြင်း၊

(ဋ) လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊

(ဌ) မော်တော်ယာဉ်လိုင်းတွင် လုပ်ကိုင်လိုသော မော်တော်ယာဉ်များ မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းတင် ပြီးသောယာဉ်များ လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေခြင်း၊

(ဍ) မော်တော်ယာဉ်လိုင်းအလိုက် အသင်းဝင်ကြေး သတ်မှတ်ခြင်း၊

(ဎ) ယာဉ်ရပ်နားစခန်းအတွင်း ဝင်/ထွက်သည့် မော်တော်ယာဉ်များအား ဝန်ဆောင်ခပေးဆောင်စေခြင်း၊

(ဏ) ခရီးသည်များ နားနေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(တ) ကော်မတီ၏ ရန်ပုံငွေနှင့် အဆောက်အဦပစ္စည်းများ သုံးစွဲထိန်းသိမ်းခြင်းများကို သတ်မှတ်ချက် များနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ထ) အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းမိတ္တူများကို ဝန်ကြီးထံပေးပို့ခြင်း၊

(ဒ) တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဓ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် -

(က) မော်တော်ယာဉ်လိုင်းတွင် လုပ်ကိုင်လိုသော ယာဉ်ပိုင်ရှင်နှင့် မော်တော်ယာဉ်အား ကော်မတီတွင် မှတ်တမ်းတင်၍ လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မှတ်တမ်းတင်ပြီးသော မော်တော်ယာဉ် (သို့မဟုတ်) မော်တော်ယာဉ်လိုင်းများ၏ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်ခြင်းတွင် စနစ်တကျရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ နည်းဥပဒေနှင့်အညီ အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေး အရေးယူစေခြင်း၊

(ဂ) ကော်မတီအဆင့်ဆင့်တို့အား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃ) မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ လိုက်နာရန်စည်းကမ်းများ သတ်မှတ်ခြင်း၊

(င) ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားနှင့် ခရီးသည်များ၏ အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

## အခန်း (၆)

## ဘဏ္ဍာရေး

၁၄။ (က) ကော်မတီအဆင့်ဆင့်သည် ဥပဒေနှင့်အညီရရှိသော ရန်ပုံငွေဖြင့် ရပ်တည်ရမည်။

(ခ) ရန်ပုံငွေအား သတ်မှတ်ချက်များနှင့်အညီ သုံးစွဲရမည်။

(ဂ) ရန်ပုံငွေသုံးစွဲမှုအား စာရင်းစစ်ဆေးခြင်း ခံယူရမည်။

၁၅။ ကော်မတီအဆင့်ဆင့်သည် မိမိရန်ပုံငွေကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရမည်။

(ခ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏လုပ်ငန်းတွင် သုံးစွဲနိုင်သည်။

(ဂ) လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်နိုင်သည်။

၁၆။ ကော်မတီအဆင့်ဆင့်သည် ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ ငွေကြေးသုံးစွဲနိုင်သည်။

၁၇။ (က) ကော်မတီသည် ကော်မတီအဆင့်ဆင့်၏ ဘဏ္ဍာရေးအခြေအနေများကို သတ်မှတ်ချက်များနှင့် အညီ လစဉ်စစ်ဆေးရမည်။

(ခ) ကော်မတီသည် ကော်မတီအဆင့်ဆင့်၏ ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေး တွေ့ရှိချက် အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးမှ တစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဂ) ကော်မတီသည် အထူးကိစ္စရပ်အတွက် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆိုင်ရာစာရင်းဇယား များကို စစ်ဆေးနိုင်သည်။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၈။ ကော်မတီသည် ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ရေးဆွဲ၍ ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားနိုင်သည်။

၁၉။ ကော်မတီသည် ဝန်ထမ်းများခန့်ထားခြင်းအတွက် ရန်ပုံငွေမှ ကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းထက် ကျော်လွန်၍ သုံးစွဲခြင်းမပြုရ။

၂၀။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ကော်မတီက တာဝန်ပေးအပ်သူအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၈)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၂၁။ ကော်မတီသည် ကော်မတီအဆင့်ဆင့်၏စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

၂၂။ ကော်မတီအဆင့်ဆင့်မှ တာဝန်ပေးအပ်ခြင်းခံရသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားသည့်စာရင်းများကို သက်ဆိုင်ရာကော်မတီ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့်စာရင်းများကို သက်ဆိုင်ရာကော်မတီက ဖွဲ့စည်းသည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) အထူးကိစ္စရပ်အတွက် အစိုးရအဖွဲ့က တာဝန်ပေးခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၃။ ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်များသည် သက်ဆိုင်ရာယာဉ်လိုင်းများတွင် ပြေးဆွဲသည့်အခါ သတ်မှတ်ထားသည့် ဂိတ်နေရာများတွင် လက်မှတ်ရေးထိုးရမည်။

၂၄။ ကော်မတီ၏ကြီးကြပ်မှုအောက်ရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားနှင့် မော်တော်ယာဉ်လိုင်းတာဝန်ခံတို့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၅။ ပုဒ်မ (၂၃) နှင့် ပုဒ်မ (၂၄) ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက ကော်မတီသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် ယာဉ်ပြေးဆွဲခွင့်ကို -

(က) ကာလသတ်မှတ်၍ ရပ်ဆိုင်းနိုင်သည်။

(ခ) ပယ်ဖျက်နိုင်သည်။

၂၆။ (က) ပုဒ်မ (၂၃) ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်သူအပေါ် ကော်မတီသည် ငွေဒဏ် အနည်းဆုံး ကျပ် (၁၀၀၀၀) မှ အများဆုံး ကျပ် (၃၀၀၀၀) အထိ ပေးဆောင်စေရန်

ဒဏ်ရိုက်နိုင်သည်။ ဒဏ်ကြေးပေးသွင်းရန် ဆက်လက်ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီး အတွက် တစ်နေ့လျှင် ကျပ် (၅၀၀၀) ဒဏ်ကြေးပေးသွင်းရမည်။

(ခ) ပုဒ်မ (၂၄) ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်သူအပေါ် ကော်မတီသည် ငွေဒဏ် အနည်းဆုံး ကျပ် (၁၀၀၀၀) မှ အများဆုံး ကျပ် (၅၀၀၀၀) အထိ ပေးဆောင်စေရန် ဒဏ်ရိုက် နိုင်သည်။ ဒဏ်ကြေးပေးသွင်းရန် ဆက်လက်ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ကျပ် (၅၀၀၀) ဒဏ်ကြေးပေးသွင်းရမည်။

(ဂ) စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သော ဒဏ်ကြေးငွေများကို ကော်မတီ၏ ရန်ပုံငွေသို့ ပေးသွင်း စေရမည်။

၂၇။ (က) ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သတ်မှတ်ချက် များနှင့်အညီ ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ကော်မတီ၏ အမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း (သို့မဟုတ်) ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းတစ်ခုခုသို့ မှတ်တမ်းတင်ခြင်းမရှိဘဲ ယာဉ်ပြေးဆွဲခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁) နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအနက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၀။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဥပဒေနှင့်အညီ ဆက်ခံခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၃၁။ ဤဥပဒေပါ ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၂။ ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၃။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၄။ ဤဥပဒေသည် တည်ဆဲဥပဒေများနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)
### ရငွေများနှင့်သုံးငွေများ

၂။ မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်

ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေအရခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) မွန်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေ များသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၂)

### ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်း လိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်း တစ်ခု၏ သာမန်သုံးငွေနှင့် ငွေမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်း မပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန် စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်းစီ အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြား လုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်းစီ အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြ၍ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကို မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

(င) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဂ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်း စီမံကိန်းတစ်ခုမှ အခြား လုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အုန်းမြင့်၊
ဝန်ကြီးချုပ်၊
မွန်ပြည်နယ်အစိုးရအဖွဲ့။

**မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်**

ဇယား (ဂ)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများမှ ရငွေ | အခြားသောမနရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ယုတ်ရေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၂၄၉၀ . ၈၇၅ | | | | | | |
| ၂ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | | | ၈ . ၈၈၉ | | | | | | |
| ၃ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၈ . ၁၇၇ | | | | | | |
| ၄ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ်သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၀ . ၀၅၆ | | | | | | |
| | | ပေါင်း | | | ၂၅၀၀ . ၉၇၇ | | | | | | |

**နှစ်ပြည်နယ်အစိုးရအဖွဲ့၊ နှစ်ပြည်နယ်လွှတ်တော်၊ နှစ်ပြည်နယ်တရားလွှတ်တော်၊ နှစ်ပြည်နယ်ဥပဒေချုပ်၊ နှစ်ပြည်နယ်စာရင်းစစ်ချုပ်**

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၈.၀၆၃ | | ၂၃၉၀.၈၇၅ | | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၅.၉၂၀ | | | ၁၅.၃၃၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၆၅.၆၀၃ | | | ၆၃.၄၃၀ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၄၅.၅၉၅ | | | ၃၂.၀၀၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၃၂.၈၆၉ | | | ၂၉.၇၇၀ | | | |
| | | ပေါင်း | ၁၀၇၈.၀၅၀ | | ၂၃၉၀.၈၇၅ | ၁၄၀.၅၉၀ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

**မွန်ပြည်နယ် ဝန်ကြီးဌာနများ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၈၁ . ၂၄၀ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃၈၁ . ၂၄၀ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | -ယင်း- | ၁၀၆၅. ၅၃၈ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၄၈ . ၉၅၀ | | | | | | | | |
| | ၂ | ရေအခွန် | | ၀ . ၆၈၃ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၁၈၁ . ၃၈၈ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၆ . ၄၇၅ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၂၈ . ၀၄၂ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | -ယင်း- | ၃၅၆ . ၈၈၄ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၃၀၁ . ၂၂၀ | | | | | | | | |
| | ၂ | ဘီးခွန် | | ၅၅ . ၆၆၄ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | -ယင်း- | | ၅၇ . ၂၂၂ | | | | | | | |

## မွန်ပြည်နယ် ဝန်ကြီးဌာနများ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။ အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃, ၁၉၈ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၃, ၁၃၇ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀, ၀၆၁ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | ၎င်း | | | ၅, ၁၁၆ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀, ၅၅၆ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃, ၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁, ၅၆၀ | | | | | | |
| ၇ | | **သမဝါယမ** | ၎င်း | | | ၁, ၂၆၉ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁, ၁၄၉ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀, ၁၂၀ | | | | | | |
| ၈ | | **မွေးမြူရေးနှင့် ရေလုပ်ငန်း** | ၎င်း | | | ၄, ၀၁၁ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁, ၉၃၇ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂, ၀၇၄ | | | | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၀, ၃၉၇ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀, ၃၉၇ | | | | | | |
| ၁၀ | | **သတ္တုရေးနှင့် အခွန်ဝန်ကြီးဌာန** | ၎င်း | | | | | | ၁၄၁၃၈, ၉၅၅ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၄၁၃၈, ၉၅၅ | | | |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | ၀, ၀၁၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀, ၀၁၄ | | | | | | |

**မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ<br>အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ချေးငွေ / ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးငွေ / ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၂ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅. ၂၀၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅. ၂၀၅ | | | | | | |
| ၁၃ | | **အားကစား** | ၎င်း | | | ၀. ၀၄၀ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၀. ၀၄၀ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | ၄၀၁၈. ၄၃၆ | | | | | | |
| | | ပေါင်း | | ၁၈၀၃. ၆၆၂ | ၅၃. ၂၂၂ | ၄၀၄၁. ၆၈၆ | | | ၁၄၁၃၈. ၉၅၅ | | | |

**မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရန်ငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများ တွင် ရှင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇၀၂. ၈၂၂ | | ၁၅. ၀၀၀ | ၈၄၂ . ၆၀၇ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၆၁၇. ၁၂၅ | | ၁၅. ၀၀၀ | ၈၀၇. ၆၀၇ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၈၃. ၆၉၇ | | | ၃၅ . ၀၀၀ | | | |
| ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | ၎င်း | ၁၁၁၂. ၈၀၄ | | | ၃၈ . ၄၅၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၅၈. ၁၁၄ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၆၉၈. ၃၀၈ | | | ၃၈ . ၄၅၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၆၄. ၃၈၂ | | | | | | |
| ၃ | | **သစ်တောရေးရာ** | ၎င်း | ၂၇၀ . ၄၇၇ | | | ၁၇ . ၃၈၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၂၅၁. ၈၁၁ | | | ၁၇ . ၆၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၈. ၅၃၆ | | | ၀ . ၁၈၀ | | | |
| ၄ | | **မွေးမြူရေးနှင့် ရေလုပ်ငန်း** | ၎င်း | ၁၈၃. ၆၂၈ | | | ၃၄ . ၅၉၅ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၇. ၆၆၈ | | | ၃၄ . ၅၉၅ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၈၅. ၉၆၀ | | | | | | |
| ၅ | | **ဆောက်လုပ်ရေး** | ၎င်း | ၄၀၃၂. ၄၅၄ | | | ၅၂၉၀ . ၆၅၀ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၈ . ၉၅၄ | | | ၁ . ၆၀၀ | | | |
| | ၂ | အဆောက်အအုံလမ်းနှင့် တံတားများ ပြင်ဆင် ထိန်းသိမ်းခြင်း | | ၃၉၄၃ . ၅၀၀ | | | ၅၂၉၀ . ၀၅၀ | | | |
| ၆ | | **သတ္တုရေးနှင့် အခွန်** | ၎င်း | ၄၆. ၉၇၂ | | | ၅ . ၄၄၅ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၆. ၉၇၂ | | | ၅ . ၄၄၅ | | | |
| ၇ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | ၁၈၈. ၅၅၀ | | | ၅၃ . ၅၀၇ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၈၈. ၅၅၀ | | | ၅၃ . ၅၀၇ | | | |
| ၈ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး** | ၎င်း | ၉. ၆၈၀ | | | | | | |
| | ၁ | ပေါက်ပြည်တွင်းကျန်တင်/ကုန်ချကော်မတီရုံး | | ၉. ၆၈၀ | | | | | | |

မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ: ထုတ်ချေးငွေ | ချေးငွေ: ချေးယူရရှိငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၉ | | **ဝတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၈၁. ၅၂၇ | | | ၂၀ . ၀၆၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၃၈၁. ၅၂၇ | | | ၂၀ . ၀၆၀ | | | |
| ၁၀ | | **အားကစား** | ၎င်း | ၁၇၇. ၂၅၅ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁၇၇. ၂၅၅ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | ၈၉၉၆. ၅၇၂ | | | ၂၅၀၇. ၄၂၀ | | | |
| | | ပေါင်း | | ၁၀၀၉၈. ၅၇၀ | | ၁၅, ၀၀၀ | ၈၇၅၈. ၅၂၅ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

**မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ချေးငွေ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးငွေ: ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၃၇ . ၅၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၃၇ . ၅၀၀ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၎င်း | | | ၁၇ . ၁၅၇ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၁၇ . ၁၅၇ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၉၂၇၆ . ၀၀၁ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၉၂၇၆ . ၀၀၁ | | | | | | |
| | | ပေါင်း | | | | ၉၃၃၀ . ၆၅၈ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရှင်းနိုင်ငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်မာ့ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၃ . ၆၇၁ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၃၃ . ၆၇၁ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၄င်း | ၄၄· ၀၅၃ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဍာဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၄၄· ၀၅၃ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၄င်း | ၉၁၁၂· ၉၂၅ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၉၁၁၂· ၉၂၅ | | | | | | |
| | | ပေါင်း | | ၉၁၉၀· ၆၄၉ | | | | | | |

# ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ မွန်ပြည်နယ်၏ ပဉ္စမကာလတို ငါးနှစ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်ကို ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) တွင် အတည်ပြုခဲ့ပြီးဖြစ်သည်။ ယင်းအတည်ပြုခဲ့ပြီးသော မွန်ပြည်နယ်၏ ပဉ္စမကာလတို ငါးနှစ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အခြေခံပြီး မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ခ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အတွင်း မွန်ပြည်နယ်တစ်ခုလုံး အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက် စေရန် ရည်မှန်းချက်၊ လျာထားချက်များ ချမှတ်ဆောင်ရွက်သော ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ဆိုသည်၊

(ဂ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်၊

(ဃ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ ကဏ္ဍအလိုက် မည်၍မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်း လျာထားချက်ကို ဆိုသည်၊

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာအခြေခံနှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်၊

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်၊

(ဆ) **သွင်းအားစု**ဆိုသည်မှာ လျာထားချက်များ ပြည့်မီစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောအထောက်အပံ့များကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) တွင် အတည်ပြုခဲ့ပြီးသည့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း၏ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ စီးပွားရေး တိုးတက်မှုနှုန်း ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်။

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၂. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၃. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၁၈. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ဆောက်လုပ်ရေးကဏ္ဍတွင် ၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၆. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၈၁. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၃၃. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄၆. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၁၀. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆. ၃ ရာခိုင်နှုန်းမှ ၃၄. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅. ၁ ရာခိုင်နှုန်းမှ ၂၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုး အစားကို ၃၈. ၆ ရာခိုင်နှုန်းမှ ၄၀. ၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်။

## အခန်း (၃)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ စီမံကိန်းရည်မှန်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများက ကဏ္ဍအလိုက်၊ ဒေသအလိုက်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၅။ ကဏ္ဍအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ယူရသော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော သွင်းအားစုများကို စီမံဆောင်ရွက်ခွင့်ရှိသည်။

၆။ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး၊ ပါဝင်မှုအချိုးနှင့် တိုးတက်မှုနှုန်းများကို ပူးတွဲ (၁)၊ (၂) ပါအတိုင်း သတ်မှတ်ထားရှိသည်။

၇။ ပုဒ်မ ၆ အရ ဖော်ပြထားသည့် ပါဝင်မှုအချိုးနှင့် တိုးတက်မှုနှုန်းများကို အကောင်အထည်ဖော်ရန် ကဏ္ဍများ၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ (၁)၊ ကဏ္ဍများ၏ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို နောက်ဆက်တွဲ (၂) ပါအတိုင်း သတ်မှတ်သည်။

၈။ အစိုးရအဖွဲ့သည် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## အထွေထွေ

၉။ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ငင်းအကျိုးဖြစ်ထွန်း စေသော လုပ်ငန်းများကို ဦးစားပေးလျာထားဆောင်ရွက်နိုင်သည်။

၁၀။ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်နိုင်သည်။

၁၁။ (က) စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ကဏ္ဍအလိုက်၊ ဒေသ အလိုက်၊ လုပ်ငန်းအစီအစဉ်၊ စီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်သည်၊

(ခ) စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို သုံးလ တစ်ကြိမ် သုံးသပ်ခြင်း၊ နှစ်ချုပ်အစီရင်ခံစာရေးသားခြင်းများ ဆောင်ရွက်ရမည်၊

(ဂ) ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် မပါဝင်သော်လည်း အခြေအနေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဖြည့်စွက်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၁၂။ ဤဥပဒေသည် ပဉ္စမကာလတိုငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အုန်းမြင့်၊
ဝန်ကြီးချုပ်၊
မွန်ပြည်နယ်အစိုးရအဖွဲ့။

ပူးတွဲ- (၁)

**မွန်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၇၀၈၄၇၉.၀** | **၃၆.၃** | **၃.၀** | **၇၂၆၂၉၅.၃** | **၃၄.၀** | **၂.၅** |
| | ၁ | လယ်ယာ | ၅၃၉၀၄၄.၂ | ၂၇.၆ | ၂.၄ | ၅၅၁၈၆၇.၉ | ၂၅.၈ | ၂.၄ |
| | ၂ | သားငါး | ၁၆၆၀၇၆.၃ | ၈.၅ | ၅.၄ | ၁၇၀၉၆၈.၂ | ၈.၀ | ၂.၉ |
| | ၃ | သစ်တော | ၃၃၅၈.၅ | ၀.၂ | ၀.၈ | ၃၄၅၉.၂ | ၀.၂ | ၃.၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၉၂၈၅၅.၃** | **၂၅.၁** | **၁၂.၆** | **၅၅၂၁၃၂.၅** | **၂၅.၉** | **၁၂.၀** |
| | ၁ | သတ္တုနှင့်တွင်းထွက် | ၆၄၂၂.၄ | ၀.၃ | ၃.၅ | ၆၅၉၂.၅ | ၀.၃ | ၂.၆ |
| | ၂ | စက်မှုလက်မှု | ၃၀၅၃၁၂.၉ | ၁၅.၆ | ၁၈.၀ | ၃၆၀၅၂၃.၅ | ၁၆.၉ | ၁၈.၁ |
| | ၃ | လျှပ်စစ်ဓာတ်အား | ၁၆၁၆၃.၅ | ၀.၈ | ၃.၉ | ၁၇၄၄၃.၁ | ၀.၈ | ၇.၉ |
| | ၄ | ဆောက်လုပ်မှု | ၁၆၄၉၅၆.၅ | ၈.၄ | ၄.၉ | ၁၆၇၅၇၃.၄ | ၇.၉ | ၁.၆ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၇၅၄၉၇၀.၇** | **၃၈.၆** | **၁၁.၀** | **၈၅၅၄၁၈.၅** | **၄၀.၁** | **၁၃.၃** |
| | ၁ | ပို့ဆောင်ရေး | ၃၁၆၉၂၀.၁ | ၁၆.၂ | ၅.၆ | ၃၃၆၉၂၄.၄ | ၁၅.၈ | ၆.၃ |
| | ၂ | ဆက်သွယ်ရေး | ၄၀၅၄၂.၀ | ၂.၁ | ၃၄၃.၂ | ၇၃၆၆၇.၁ | ၃.၄ | ၈၁.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၁၀၅.၃ | ၀.၁ | ၁၅.၄ | ၁၄၇၅.၃ | ၀.၁ | ၃၃.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၃၃၂.၉ | ၀.၇ | ၀.၇ | ၁၉၅၄၉.၁ | ၀.၉ | ၄၆.၆ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၃၂၁၅၁.၉ | ၁.၆ | ၁၅.၄ | ၃၆၁၈၈.၃ | ၁.၇ | ၁၂.၆ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃၅၀၉၁၈.၅ | ၁၇.၉ | ၆.၈ | ၃၈၇၆၁၄.၃ | ၁၈.၂ | ၁၀.၅ |
| **၄** | | **အသားတင်တန်ဖိုး** | **၁၉၅၆၃၀၅.၀** | **၁၀၀.၀** | **၈.၄** | **၂၁၃၃၈၄၆.၃** | **၁၀၀.၀** | **၉.၁** |

ပူးတွဲ- (၂)

## မွန်ပြည်နယ်၏
## ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၂၀၁၃၃၄. ၃** | **၆၁. ၄** | **၆. ၇** | **၁၂၇၈၄၂၇. ၈** | **၅၉. ၉** | **၆. ၄** |
| | ၁ | လယ်ယာ | ၅၃၉၀၄၄. ၂ | ၂၇. ၆ | ၂. ၄ | ၅၅၁၈၆၇. ၉ | ၂၅. ၈ | ၂. ၄ |
| | ၂ | သားငါး | ၁၆၆၀၇၆. ၃ | ၈. ၅ | ၅. ၄ | ၁၇၀၉၆၈. ၂ | ၈. ၀ | ၂. ၉ |
| | ၃ | သစ်တော | ၃၃၅၈. ၅ | ၀. ၂ | ၀. ၈ | ၃၄၅၉. ၂ | ၀. ၂ | ၃. ၀ |
| | ၄ | သတ္တုနှင့်တွင်းထွက် | ၆၄၂၂. ၄ | ၀. ၃ | ၃. ၅ | ၆၅၉၂. ၅ | ၀. ၃ | ၂. ၆ |
| | ၅ | စက်မှုလက်မှု | ၃၀၅၃၁၂. ၉ | ၁၅. ၆ | ၁၈. ၀ | ၃၆၀၅၂၃. ၅ | ၁၆. ၉ | ၁၈. ၁ |
| | ၆ | လျှပ်စစ်ဓာတ်အား | ၁၆၁၆၃. ၅ | ၀. ၈ | ၃. ၉ | ၁၇၄၄၃. ၁ | ၀. ၈ | ၇. ၉ |
| | ၇ | ဆောက်လုပ်မှု | ၁၆၄၉၅၆. ၅ | ၈. ၄ | ၄. ၉ | ၁၆၇၅၇၃. ၄ | ၇. ၉ | ၁. ၆ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၄၀၄၀၅၂. ၂** | **၂၀. ၇** | **၁၅. ၀** | **၄၆၇၈၀၄. ၂** | **၂၁. ၉** | **၁၅. ၈** |
| | ၁ | ပို့ဆောင်ရေး | ၃၁၆၉၂၀. ၁ | ၁၆. ၂ | ၅. ၆ | ၃၃၆၉၂၄. ၄ | ၁၅. ၈ | ၆. ၃ |
| | ၂ | ဆက်သွယ်ရေး | ၄၀၅၄၂. ၀ | ၂. ၁ | ၃၄၃. ၂ | ၇၃၆၆၇. ၁ | ၃. ၄ | ၈၁. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁၁၀၅. ၃ | ၀. ၁ | ၁၅. ၄ | ၁၄၇၅. ၃ | ၀. ၁ | ၃၃. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၃၃၃၂. ၉ | ၀. ၇ | ၀. ၇ | ၁၉၅၄၉. ၁ | ၀. ၉ | ၄၆. ၆ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၃၂၁၅၁. ၉ | ၁. ၆ | ၁၅. ၄ | ၃၆၁၈၈. ၃ | ၁. ၇ | ၁၂. ၆ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၅၀၉၁၈. ၅** | **၁၇. ၉** | **၆. ၈** | **၃၈၇၆၁၄. ၃** | **၁၈. ၂** | **၁၀. ၅** |
| **၄** | | **အသားတင်တန်ဖိုး** | **၁၉၅၆၃၀၅. ၀** | **၁၀၀. ၀** | **၈. ၄** | **၂၁၃၃၈၄၆. ၃** | **၁၀၀. ၀** | **၉. ၁** |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်
# မွန်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း၏
# နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁)

# ကဏ္ဍအလိုက် ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

နောက်ဆက်တွဲ (၁)

## ကဏ္ဍအလိုက် ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၁။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **လယ်ယာကဏ္ဍ** နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်** များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆန်ဖူလုံမှုကို ၁၂၅ ရာခိုင်နှုန်းအထက် ရောက်ရှိစေရန်အတွက် စပါးတစ်ဧက ပျမ်းမျှ အထွက်နှုန်း (၇၂) တင်းနှင့်အထက် ထွက်ရှိအောင်ဆောင်ရွက်ရန်၊

(၂) အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ တိုးတက်အသုံးပြုစိုက်ပျိုးရန်၊

(၃) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊

(၄) ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ စသည့် သွင်းအားစုများကို အချိန်ကိုက် အချိုးကျ အသုံးပြုရန်၊

(၅) အခြေခံ စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရေး ဆောင်ရွက်ရန်၊

(၆) သီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ ကာလအတွင်း လုပ်အားခ၊ မျိုးစေ့၊ သွင်းအားစုများ သုံးစွဲခြင်းတို့တွင် အလေအလွင့် ဆုံးရှုံးမှုများလျော့နည်းပြီး ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရေး ဆောင်ရွက်ရန်၊

(၇) ထွက်ရှိလာသော သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ခိုင်မာသော ဈေးကွက် ရှိအောင် ဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်** များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆန်ဖူလုံမှုကို ၁၂၅ ရာခိုင်နှုန်းအထက် ရောက်ရှိစေရန် မိုးစပါးစိုက်ဧက (၇၅၀၀၀၀)၊ နွေစပါးစိုက်ဧက (၇၅၅၀၀)၊ စုစုပေါင်းဧက (၈၂၅၅၀၀) ကို တစ်ဧကအထွက်နှုန်း (၇၂. ၀၉) တင်းထွက်ရှိရေးဆောင်ရွက်မည်၊

(၂) လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မည်၊

(၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရော်ဘာစိုက်ဧက (၈၉၀၂) ဧက တိုးချဲ့စိုက်ပျိုးမည်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ရော်ဘာစိုက်ဧရိယာ (၄၇၈၆၂၇) ဧက၊ အစေးလှီး ဧရိယာ (၁၂၈၇၂၁) ဧက၊ အထွက်တန်ချိန် (၁) သိန်း စိုက်ပျိုးထုတ်လုပ်မည်၊

(၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာန စပါးမျိုးသန့်ခြံမှ မျိုးကောင်း မျိုးသန့် (၄၂၀၀) တင်းနှင့် အကျိုးဆောင်တောင်သူများမှ (၅၀၇၅၀) တင်း၊ စပါးသီးနှံ မျိုးသန့်စုစုပေါင်း (၅၄၉၅၀) တင်း ထုတ်လုပ်မည်။ ရော်ဘာသီးနှံဒေသအလိုက် စိုက်ပျိုးရန် သင့်လျော်သောမျိုးများ၊ အထွက်ကောင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် လိုအပ်သည့် ပျိုးပင်များကို နိုင်ငံပိုင်ခြံများ၊ ပုဂ္ဂလိကခြံများ၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဖူးဆက် ရော်ဘာပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးမည်၊

(၅) စပါးသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်တိုင်း တွင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သည့် စံပြကွက်များ၊ ခေတ်မီစိုက်ပျိုးနည်းစနစ် စံပြကွက်များ ဆောင်ရွက်၍ တောင်သူလယ်သမားများအား စံပြစိုက်ကွက်၊ စိုက်ခင်းပြပွဲ ပြုလုပ်မည်။ ဆားငန်ဒဏ်ခံနိုင်သောစပါးမျိုးများနှင့် ရေမြုပ်ဒဏ်ခံနိုင်သော စပါးမျိုးများကို သုတေသနပြု စမ်းသပ်စိုက်ပျိုးမည်၊

(၆) ရော်ဘာစိုက်ပျိုးခြင်းအတွက် လိုအပ်သော နည်းပညာများဖြစ်သည့် ရော်ဘာပျိုးခင်း၊ ရော်ဘာစိုက်ပျိုးထိန်းသိမ်းခြင်း၊ မျိုးခွဲခြားခြင်း၊ အစေးလှီးခြင်း၊ အဆင့်မြင့်ရော်ဘာပြား ထုတ်လုပ်ခြင်း ပိုးမွှားရောဂါကာကွယ်ခြင်း နည်းပညာများကို မွန်ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များရှိ ပုဂ္ဂလိက ရော်ဘာစိုက်ပျိုးသူများ၊ ရော်ဘာစိုက်ပျိုးရေး ကုမ္ပဏီများအား ပညာပေးသင်တန်း ဖွင့်လှစ်ပို့ချခြင်း၊ လက်တွေ့ ကွင်းဆင်းပြသခြင်း၊ ပညာပေးဆွေးနွေးပွဲ ပြုလုပ်ခြင်းများ ဆောင်ရွက်မည်၊

(၇) သထုံစိုက်ပျိုးရေးသိပ္ပံမှ ပညာရှင် (၁၄၄) ဦး မွေးထုတ်မည်၊

(၈) လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေများအား ကျေးလက်နေတောင်သူလယ်သမားများ သိရှိအောင် ဆောင်ရွက်မည်။ မြေတိုင်းတာခြင်းလုပ်ငန်း၊ မြေကြီးမြေပုံမှန်ကန်ရေးလုပ်ငန်းကို စီမံချက် ချမှတ်၍ ဆောင်ရွက်မည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကွင်းပေါင်း (၃၂) ကွင်း၊ ကွင်းရှိဧရိယာ (၁၀၈၀၀) ဧက၊ လက်ရှိ ဧရိယာ (၉၅၀၂) ဧကကို မြေတိုင်းတာ မြေပုံ ထုတ်ခြင်း ဆောင်ရွက်မည်၊

(၉) မွန်ပြည်နယ်အတွင်းရှိ စိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားများအား လယ်ယာမြေ ဥပဒေ၊ လယ်ယာမြေနည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း ဆောင်ရွက်မည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းအရ မိုးစပါး၊ နွေစပါး အပါအဝင် မိုးရာသီစိုက်သီးနှံများ၊ ဆောင်းရာသီစိုက်သီးနှံများ၊ နှစ်ရှည်ပင်များ စိုက်ဧရိယာများ စုစုပေါင်း (၁၉၈၇၆၅၆) ဧက လျှာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် စာရင်းများ မှန်ကန်ရေးအတွက် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်၊

(၁၀) မွန်ပြည်နယ်အတွင်းရှိ ရေလှောင်တမံများ၏ ရေပေးဝေရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ဧက တိုးတက်လာစေရန် ဆောင်ရွက်မည်။ ရေဘေးကာကွယ်ရေး လုပ်ငန်း များအတွက် တာတမံ၊ ရေထိန်းတံခါး၊ ရေနုတ်မြောင်းများကို ထိန်းသိမ်းပြုပြင်မည်။ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သထုံခရိုင်အတွင်း ရေနုတ်မြောင်း (၁၃) ခု၊ မော်လမြိုင်ခရိုင် အတွင်း ရေနုတ်မြောင်း (၁၀) ခု စုစုပေါင်း (၂၃) ခုကို တူးဖော်ပြီး စပါး (၃၈၀၀၈) ဧကကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်မည်၊

(၁၁) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှစ်ခုဖြစ်သော ကျိုက်မရောမြို့နယ်၊ ဓမ္မသနှင့် သထုံမြို့နယ် ဒုံသမိမြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ရန်ပုံငွေအခြေအနေအတိုင်း ဆက်လက် ဆောင်ရွက်မည်၊

(၁၂) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နွေစပါးစိုက်ပျိုးရာသီတွင် တည်ဆောက်ပြီး မြစ်ရေတင် လုပ်ငန်း (၅) ခုဖြစ်သော နိတုံမြစ်ရေတင်လုပ်ငန်းတွင် ဧက (၁၅၀)၊ ကျိုက်ပရံ (၁) တွင် ဧက (၁၇၅)၊ ကျိုက်ပရံ (၂) တွင် ဧက (၃၂၀)၊ ကတိုး-ကော့နှပ် မြစ်ရေတင်လုပ်ငန်းတွင် ဧက (၃၅၀) နှင့် ဒုံဝန်းတွင် ဧက (၈၀၀) တို့ဖြင့် စုစုပေါင်းဧက (၁၉၇၅) ဧကအထိ တိုးတက်ဆောင်ရွက်မည်၊

(၁၃) စိုက်ပျိုးစရိတ်ချေးငွေ သတ်မှတ်နှုန်းထားများအတိုင်း ချေးခွင့်ရရှိရေး ဆောင်ရွက်မည်၊

(၁၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်ယက်ရေး၊ ရိတ်သိမ်းရေး၊ ခြွေလှေ့ရေးလုပ်ငန်းများကို ဌာနပိုင်စက်များဖြင့် အငှားလိုက်ဆောင်ရွက်မည်။ စက်မှု လယ်ယာစနစ်ကူးပြောင်းရေးအတွက် လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု၊ ကိုင်တွယ် ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ကျေးလက်နေတောင်သူလယ်သမားနှင့် တောင်သူ လယ်သမားမိသားစုများအား အထူးပြု၍ သင်တန်းပေးခြင်း၊ သီးနှံအရည်အသွေးမြင့်မားရေး အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်မည်၊

(၁၅) မြေလွတ်၊ မြေလပ်များဖော်ထုတ်ခြင်း၊ လယ်ယာမြေပြုပြင်ခြင်းစသည့် မြေယာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် စက်ကိရိယာများဖြင့် အားဖြည့်အသုံးပြုရေး ဆောင်ရွက်မည်။ လယ်ယာသုံး စက်ကိရိယာစာရင်းများပြုစုခြင်း၊ တိုးမြှင့်အသုံးပြုရေးအတွက် စည်းရုံးခြင်း၊ ဝယ်ယူအသုံးပြုရေး အတွက် စည်းရုံးခြင်းဆောင်ရွက်မည်၊

(၁၆) သီးခြားရရှိထားသော လယ်ယာသုံးစက်ယန္တရားများဖြစ်သော ထွန်စက်ကြီး (၃၀) စီး၊ လက်တွန်းထွန်စက် (၂၀) စီး၊ ကောက်စိုက်စက် (၅) စီး၊ ရိတ်သိမ်းခြွေလှေ့စက် (၂၀) စီး၊ ကောက်ရိတ်စက် (၂၀) စီး၊ ခြွေစက် (၅) စီး၊ အခြောက်ခံစက် (၁) စီးတို့ဖြင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်းလုပ်ငန်းများတွင် စက်စွမ်းအားဖြည့်ဆောင်ရွက်မည်။

၂။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ ရည်မှန်းချက် နှင့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသား၊ ငါး၊ နို့၊ ဥ တစ်ဦးချင်း စားသုံးမှု တိုးတက်စေရေး ဆောင်ရွက်ရန်၊

(၂) ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူပြု တစ်ပိုင်တစ်နိုင် မွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(၃) မွေးမြူထုတ်လုပ်မှုအရည်အသွေး၊ အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်၊

(၄) အရင်းအနှီးတက်နိုင်သူများအား စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေး အားပေးကူညီရန် ရင်းနှီး မြှုပ်နှံမှုအတွက် စည်းရုံးဖိတ်ခေါ်ခြင်းကို တိုးတက်ဆောင်ရွက်ရန်၊

(၅) ပင်လယ်ပြင် ကမ်းနီးငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၆) မွေးမြူရေးကန်များမှ တစ်ဧက ငါးအထွက်နှုန်း ပိုမိုတိုးတက်လာစေရန်၊

(၇) စီမံကိန်းကာလအတွင်း သားငါးကဏ္ဍထုတ်လုပ်မှုကို အခြေခံနှစ်အပေါ် ပုံမှန်ဈေးနှုန်းအရ ၂. ၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေး၊ အသား၊ ငါးကဏ္ဍ ထုတ်လုပ်မှု ဖွံ့ဖြိုးရေး၊ အသားစားသုံးမှုမြင့်မားရေးတို့ကို ရည်ရွယ်၍ ပြည်ပအထောက်အပံ့များ ရယူကာ မွေးမြူရေးဘဏ်စနစ်ဖြင့် လက်ဆင့်ကမ်း တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံများ ထူထောင်မည်၊

(၂) မွန်ပြည်နယ်အတွင်း နိုင်ငံတော်အစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် မွေးမြူရေးစံပြကျေးရွာ တစ်ရွာ ဖော်ထုတ်ဆောင်ရွက်ရာတွင် မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းပြီး မွေးမြူစေခြင်း တစ်ပိုင်တစ်နိုင်မွေးမြူသူများ စုပေါင်း၍ အစုအဖွဲ့ စုဖွဲ့ဖွဲ့စည်းပြီး မွေးမြူရေးချေးငွေ ရရှိ စေရန် ကူညီဆောင်ရွက်ပေးမည်။ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက် ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဈေးကွက်ရရှိရေး ချိတ်ဆက် ဆောင်ရွက် ပေးခြင်းအားဖြင့် စီးပွားဖြစ် မွေးမြူရေးအဆင့်သို့ တိုးတက်မွေးမြူစေရန် ဆောင်ရွက်မည်၊

(၃) စီးပွားဖြစ်မွေးမြူသူအား ထုတ်လုပ်မှုစရိတ်အနည်းဆုံးနှင့် ထုတ်ကုန်ဈေးနှုန်းအမြင့်ဆုံး ရရှိစေရေးနှင့် မွေးမြူရေးချေးငွေရရှိစေရေးအတွက် ဆောင်ရွက်မည်၊

(၄) မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မြို့နယ်အလိုက်မေထုန်မဲ့ သားစပ်လုပ်ငန်းကို ပြည်ပ အထောက်အပံ့ဖြင့်လည်းကောင်း၊ ဌာနအစီအစဉ်ဖြင့်လည်းကောင်း တိုးချဲ့ဆောင်ရွက်မည်၊

(၅) မွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျပြန်လည်ကြီးကြပ်ဆောင်ရွက်မည်။ မွေးမြူရေးဇုန်များမှ အမျိုးအစားတူ ထုတ်ကုန်များအား ကုန်ထုတ်အစုအဖွဲ့များ စုဖွဲ့ခြင်း၊

တန်ဖိုးမြှင့်ထုတ်ကုန်ဖြင့် ပြုပြင်ထုတ်လုပ်ပြီး ဈေးကွက်အရောက်ပို့နိုင်သည်အထိ ကူညီဆောင်ရွက်မည်၊

(၆) မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်မည်၊

(၇) ကူးစက်ရောဂါကြီးတင်ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းထူထောင်ခြင်း၊ ကျေးလက်ဒေသအခြေခံမွေးမြူရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ပြည်သူလူထုမွေးမြူရေးအသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်မည်၊

(၈) ငါးကဏ္ဍ တိုးတက်ရေးအတွက် ငါးမျိုးစိုက်ထည့်ပေးခြင်း၊ နည်းပညာပံ့ပိုးကူညီခြင်းများကို ကူညီဆောင်ရွက်မည်၊

(၉) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုးဆောင်ရွက်မည်၊

(၁၀) သဘာဝရေပြင်ရှိ ငါးသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မည်၊

(၁၁) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေးတိုးတက်စေရန် ရေချိုပုစွန်သီးသန့်မွေးမြူရေးမှ ငါး၊ ပုစွန်ရောနှောမွေးမြူရေးစနစ်သို့ တိုးချဲ့မွေးမြူဆောင်ရွက်မည်၊

(၁၂) မွေးမြူရေးကန်တစ်ဇကထုတ်လုပ်မှု တိုးတက်စေရေးအတွက် မွေးမြူရေးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်း၊ ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုကျင့်စဉ်ဖြင့် မွေးမြူထုတ်လုပ်ခြင်းများ ဆောင်ရွက်မည်၊

(၁၃) အင်းများအတွင်း ငါးမျိုးချန်လှပ်၍ မွေးမြူသည့်စနစ်ဖြင့် စီမံကိန်းကာလအတွင်း ဈေးကွက်ဝင် ငါးမျိုးများ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်မည်၊

(၁၄) အင်းများတွင် ငါးအထွက်နှုန်းတိုးတက်စေရေး၊ အင်း၊ ချောင်းများပျက်စီးခြင်းမှ ကာကွယ်ရေးအတွက် နှစ်ရှည်ကြေးတိုင်စိုက်လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းကို စစ်ဆေးခြင်း ဆောင်ရွက်မည်၊

(၁၅) ငါးသားပေါက် ငါးသန်များကို ယင်းတားစနစ် သို့မဟုတ် လှောင်အိမ်စနစ်ဖြင့် ပြုစုရေးငါးဖျန်းအဆင့်ရောက်မှ ငါးမျိုးစိုက်ထည့်ခြင်းဆောင်ရွက်မည်၊

(၁၆) ပြည်ပသို့တင်ပို့သော ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်မှုမြှင့်တင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၁၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမွေးမြူခြင်းများမှ စီးပွားဖြစ်မွေးမြူရေးအစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေ ရရှိရေး စည်းရုံးဆောင်ရွက်မည်၊

(၁၈) မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် (၁၀) ပေ ပတ်လည်အရွယ် ငါးကန်များတူးဖော်ရေးစည်းရုံးဆောင်ရွက်မည်။ ငါးမျိုးများအခမဲ့ဖြန့်ဖြူးပေးရေး စီစဉ်ဆောင်ရွက်မည်၊

(၁၉) ငါးမြစ်ချင်းငါးမျိုးဗီဇမြှင့်တင်ခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာန၊ ငါးသားဖောက်စခန်းများမှ နည်းပညာဖြန့်ဖြူး၍ ပုဂ္ဂလိကနှင့်သမဝါယမ သားဖောက်လုပ်ငန်းရှင်များကို ငါးမျိုးဗီဇမြှင့်တင်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်အောင်မြင်အောင် စည်းရုံးပညာပေးဆောင်ရွက်မည်၊

(၂၀) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခင်းများမှ ငါးပိုမိုထွက်ရှိရေးအား ယခုထက်ပိုမို စည်းရုံး ဆောင်ရွက်မည်၊

(၂၁) ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှု လုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်၊

(၂၂) ငါးနေငါးထိုင်များ မပျက်စီးစေရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အရွယ်မရောက်သေးသည့် ငါးငယ်များကို မဖမ်းဆီးရေးအတွက် ငါးဖမ်းကိရိယာများကို ကြပ်မတ်မည်၊

(၂၃) ပင်လယ်ပြင်ကမ်းနီးငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ်းနီးရေလုပ်သား စုဖွဲ့၍ သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ အရင်းအနှီးများထောက်ပံ့ပေးခြင်းများ ဆောင်ရွက်မည်။

၃။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **သစ်တောကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်**မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်မည်၊

(၂) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်မည်၊

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် တည်ထောင်ပြီး ရေဝေရေလဲစိုက်ခင်းများ ထိန်းသိမ်းမည်၊

(၄) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာပိုင်သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို တည်ထောင်မည်၊

(၅) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရေး၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်၊

(၆) သစ်မဟုတ်သည့် အခြားသစ်ထွက်ပစ္စည်းများကို လျာထားချက်အတိုင်း ထုတ်ယူသုံးစွဲရေး ကြိုးပမ်းဆောင်ရွက်မည်၊

(၇) သဘာဝဒီရေတောများ ပြုစုထိန်းသိမ်းခြင်းကို ကျေးရွာလူထုနှင့်ပူးပေါင်းပြီး တိုးချဲ့ဆောင်ရွက်မည်၊

(၈) သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၉) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများသို့ သင်တန်းသားများ ပို့လွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်ခြင်းများ ဆောင်ရွက်မည်။

၄။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**နှင့် စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုသိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေ တိုးတက်ရေး အထောက်အကူပြု ဆောင်ရွက်ရန်၊

(၂) သတ္တုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ထိရောက်အောင်မြင်ရေး၊ တိုးတက်ရေး ကူညီဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ အပြည့်အဝပေးသွင်းရေး ဆောင်ရွက်မည်၊

(၂) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆား ထုတ်လုပ်မှု တိုးတက်လာစေရန် ဆောင်ရွက်မည်၊

(၃) ပြည်နယ်အတွင်း သတ္တုတူးဖော်ခြင်းလုပ်ငန်းများ စနစ်တကျ စည်းကမ်းတကျဖြစ်ရေး ကြီးကြပ်ဆောင်ရွက်မည်၊

(၄) သတ္တုတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြပ်မတ်ဆောင်ရွက်မည်၊

(၅) ဆားထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာအောင် နည်းလမ်းရှာဆောင်ရွက်မည်။

၅။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **စက်မှုလက်မှုကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေရှည်တွင် စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုတိုးမြှင့်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အလျောက် နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကများနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးခြင်း နည်းလမ်းတို့ကို ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုပိုင်းဆိုင်ရာများ ကူညီမှုရရှိအောင် ဆောင်ရွက်ရန်၊

(၄) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်၊ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ရေး ပါဝင်ဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဘက်စုံမီဒီယာကဏ္ဍနှင့် ငွေကြေးကဏ္ဍတို့ ဟန်ချက်ညီညီ ဆောင်ရွက်မည်၊

(၂) စက်မှုလုပ်ငန်းများအား အောက်ပါအစီအစဉ်အတိုင်း ဦးစားပေး သို့မဟုတ် တစ်ပြိုင်နက်တည်း ဆောင်ရွက်မည် -

(ကက) အသေးစားစက်မှုလုပ်ငန်း၊

(ခခ) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်း၊

(ဂဂ) လူ့စွမ်းအားကို အခြေခံသောစက်မှုလုပ်ငန်း၊

(ဃဃ) ရင်းနှီးမြှုပ်နှံမှုကို အခြေခံသောစက်မှုလုပ်ငန်း။

(၃) အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှုဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သော နည်းပညာ၊ စီမံခန့်ခွဲမှုများ၊ ဘဏ္ဍာရေးနှင့်ဈေးကွက်ဆိုင်ရာ သတင်းအချက်

အလက်များ ရရှိရေးအတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်မည်၊

(၄) အသေးစားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော ငွေကြေးဆိုင်ရာ ထောက်ပံ့မှုရရှိရေးအတွက် အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနမှတစ်ဆင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် အသေးစားနှင့် အလတ်စား စက်မှုဖွံ့ဖြိုးတိုးတက်ရေး ဘဏ်များမှ ချေးငွေရရှိရေးဆောင်ရွက်မည်၊

(၅) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရန်နှင့် လုပ်ငန်း အောင်မြင် တိုးတက်စေရန် လျှောက်လှမ်းရမည့် လမ်းကြောင်းတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ထပ်ဆင့် အခွန်စည်းကြပ်ခြင်းများကို လျှော့ချ၍ ဥပဒေကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ရရှိရေး စီမံဆောင်ရွက်မည်၊

(၆) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်နိုင်ရန်အတွက် စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာများရရှိရေး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ချိတ်ဆက်၍ ဖြည့်ဆည်းညှိနှိုင်း ကူညီပံ့ပိုးပေးမည်၊

(၇) ကျွမ်းကျင်လုပ်သားများကို အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများ အဖြစ် နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့် ပျိုးထောင် နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော စက်မှုသင်တန်းကျောင်းများသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်မည်၊

(၈) တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန်အသစ်များ၊ စက်မှုလုပ်ငန်း အသစ်များကို လိုအပ်သလို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၉) စက်မှုလုပ်ငန်းနယ်ပယ်များအတွက် စက်မှုလုပ်ငန်းအရင်းအမြစ်များ၊ အခြေခံစက်မှု လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရောင်းချမှု စီးပွားရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ဌာနများ ထူထောင်နိုင်ရေးအတွက် အတွေ့အကြုံရှိသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်မည်၊

(၁၀) စက်မှုလုပ်ငန်းများတွင် အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်မည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှု လုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးမည်။

၆။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင် **လျှပ်စစ်ဓာတ်အားကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်**မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် (၂၃၀) ကေဗွီ မော်လမြိုင်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီး မော်လမြိုင်ခရိုင်အတွင်း မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်မြို့နယ်များတွင် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ တိုးချဲ့၍ တည်ဆောက်ရန်၊

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မော်လမြိုင်မြို့တွင် (၆၆/၃၃) ကေဗွီ (၂၀) အမ်ဗွီအေဓာတ်အားခွဲရုံ (၁) ရုံ၊ (၆၆/၁၁) ကေဗွီ (၂၀) အမ်ဗွီအေဓာတ်အားခွဲရုံ (၁) ရုံ တိုးချဲ့တည်ဆောက်မည်၊

(၂) မော်လမြိုင်၊ မုဒုံ၊ မုတ္တမတို့တွင် (၃၃) ကေဗွီလိုင်း (၁၀) မိုင် တည်ဆောက်မည်၊

(၃) မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက္ခမီ၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့တို့တွင် (၁၁) ကေဗွီ လိုင်း (၂၀) မိုင်နှင့် (၄၀၀) ဗို့ လိုင်း (၂၄) မိုင် တိုးချဲ့ တည်ဆောက်မည်၊

(၄) မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့တွင် (၂) လုံးနှင့် သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်တွင် (၂) လုံး၊ ဘီးလင်းမြို့နယ်တွင် (၃) လုံး၊ သထုံမြို့နယ်တွင် (၂) လုံး၊ စုစုပေါင်း (၁၁/၀. ၄) ကေဗွီ ထရန်စဖော်မာ (၉) လုံး တည်ဆောက်မည်၊

၇။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) စီမံကိန်းကာလအတွင်း အဓိကလမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ မြို့နယ်တွင်းလမ်းများကို ကတ္တရာလမ်းများအဖြစ် ဆောင်ရွက်ရန် ကတ္တရာလမ်းများကို (၁၂) ပေအကျယ်မှ (၁၈) ပေ၊ (၁၈) ပေမှ (၂၄) ပေအထိ ရရှိအောင် ဆောင်ရွက်ရန်၊

(၂) တံတားများကိုလည်း ယာဉ်သွားလမ်းအကျယ်အလိုက် ကွန်ကရစ်တံတားများ၊ ဘေလီတံတားများအဖြစ် ဆောင်ရွက်ရန်၊ သစ်သားတံတားများအား ကွန်ကရစ်တံတားများနှင့် အုတ်ခုံခံတံတားများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်းရှိ ပြည်သူများ၏ နေထိုင်မှု အဆင့်အတန်းများ အစဉ်တိုးတက်မြင့်မားလာစေရန်နှင့် လူမှုစီးပွားရေးဖွံ့ဖြိုးလာစေရန်အတွက် မြို့ပြနှင့်ကျေးလက်များ စနစ်တကျဖွံ့ဖြိုးရေး၊ ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် မြို့ပြစီမံကိန်းများရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတားကဏ္ဍ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားလာစေရေး ဆောင်ရွက်ရန်၊

(၅) ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူပါဝင်သော အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်ခြင်းနှင့် ပြည်ပအကူအညီအထောက်အပံ့များ ရယူဆောင်ရွက်ရန်၊

(၆) မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် အဖွဲ့ဝင်ငွေကို အနည်းဆုံး (၅) ရာခိုင်နှုန်းတိုးတက်ရရှိရေး ဆောင်ရွက်ရန်၊

(၇) မြို့တွင်းလမ်းများအား ကတ္တရာလမ်းနှင့် ကျောက်အမာခံလမ်းအဖြစ် အဆင့်မြှင့် တိုးတက်ဖြစ်ပေါ်ရေး ဆောင်ရွက်ရန်၊

(၈) ကျေးရွာချင်းဆက်လမ်းများအား အနိမ့်ဆုံးအမာခံ ဂဝံလမ်းအဆင့်မှ ကျောက်အမာခံလမ်း၊ ကတ္တရာလမ်း အဖြစ်သို့ တိုးတက်ဖြစ်ပေါ်ရေး ဆောင်ရွက်ရန်၊

(၉) မြို့ပြဒေသသန့်ရှင်းသော သောက်သုံးရေလွှမ်းခြုံမှု ပိုမိုရရှိရေးနှင့် ကျေးလက်ဒေသတွင် ရေလွှမ်းခြုံမှု တိုးတက်ရေး ဆောင်ရွက်ရန်၊

(၁၀) မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး၊ တံတားဆောက်လုပ်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းနှင့် လမ်းပခုံးကောင်းမွန်ရေး စဉ်ဆက်မပြတ်တိုးတက်ရေး ဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) Japan International Cooperation Agency (JICA) မှ အတိုးနှုန်းနည်း ချေးငွေအကူအညီဖြင့် တရနာ-ဘုရာကုန်း အမာခံလမ်း (၂၃) မိုင် (၆) ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်၊

(၂) ပြည်ထောင်စုအဆင့်မှ စီမံခန့်ခွဲသောလမ်းများအား ပြည်ထောင်စုအစီအစဉ်ဖြင့် မြှင့်တင်ခြင်းနှင့် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ၊ သံကူကွန်ကရစ်တံတားအသစ်ဆောက်ခြင်းနှင့် ရေထွက်ပေါက်များ ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်၊

(၃) နယ်စပ်ဒေသများတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးအတွက် မူလတန်းကျောင်း (၂၀) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲ (၁၀) ခု၊ စာကြည့်တိုက် (၂) ခုနှင့် ရေရရှိရေးလုပ်ငန်းစဉ် (၅) ခု ဆောင်ရွက်မည်။

၈။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **ပို့ဆောင်ရေးကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရန်အတွက် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များ အထိရောက်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(၂) မြန်မာ့မီးရထား စီးနင်းကြသည့်ခရီးသည်များနှင့် ကုန်စည်ပို့ဆောင်သူများကို အကောင်းဆုံးဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ရန်၊

(၃) ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်ရေးအတွက် ရေကြောင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံဘေးကင်းရေး၊ လုပ်ငန်းတာဝန်များ ကျေပွန်ရေး၊ အတွင်းအပြင်ကောင်းမွန်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်၊

(၄) ဆိပ်ကမ်းကဏ္ဍများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှပါဝင်ရေး၊ ဆိပ်ကမ်းများ၏ စွမ်းဆောင်နိုင်မှုမြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) ပြည်နယ်အတွင်း ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအားဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊

(၆) ပြည်နယ်အတွက်ရသင့်ရထိုက်သော အခွန်အခများ ပြည့်မီစွာ ကောက်ခံရရှိရေးဆောင်ရွက်ရန်၊

(၇) မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ရာတွင် စနစ်တကျ ဖြစ်စေရန်၊

(၈) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲတိုးတက်နေစေရေး လေ့ကျင့်ဆောင်ရွက်ပေးရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရထားလမ်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ခြင်း၊ ဘူတာအဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်မည်၊

(၂) လက်ရှိ ပြေးဆွဲနေသော လူစီးတွဲ၊ ကုန်ရထားတွဲများ ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်မည်၊

(၃) တည်ဆောက်ပြီးဖြစ်သည့် မုတ္တမကွန်ကရစ် ဇလီဖားစက်ရုံမှ ထွက်ရှိလာသော ကွန်ကရစ်ဇလီဖားများကို သိမ်ဇရပ်-မော်လမြိုင်-ရေး-ထားဝယ်လမ်းပိုင်းအတွင်း လိုအပ်သောနေရာများတွင် ဖြည့်တင်း၊ လဲလှယ်ဆောင်ရွက်မည်၊

(၄) သံလွင်မြစ် ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် သောင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် စက်ယန္တရားရှိရေး တင်ပြဆောင်ရွက်မည်၊

(၅) မုဒုံမြို့နယ်၊ ကတုံးပေါ်အနီး ခေတ်မီစက်ယန္တရားများ၊ ယာဉ်များ တပ်ဆင်မောင်းနှင် အသုံးပြုနိုင်သော ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်၊

(၆) ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ စီးပွားရေးအလို့ငှာ ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်နေသော မော်တော်ယာဉ်များအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် အခွန်ကောက်ခြင်း၊ လုပ်ငန်း လိုင်စင် စည်းမျဉ်းစည်းကမ်းများ လိုက်နာစေရေးကို ကြီးကြပ်ဆောင်ရွက်မည်။

၉။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင် **ဆက်သွယ်ရေးကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံတော်နှင့်ပြည်တွင်းမှ ပုဂ္ဂလိကတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို စီမံကိန်းကာလအတွင်း ပုံမှန်ဈေးနှုန်းအရ ၈၁.၇ ရာခိုင်နှုန်း တိုးတက်ရေးဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့ တပ်ဆင်သွားပြီး တယ်လီဖုန်း သိပ်သည်းဆကို ၃၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လည်းကောင်း၊ အင်တာနက် ထိုးဖောက်မှုကို ၃၅ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်သုံးစွဲနိုင်ရန်၊

(၃) ခေတ်မီ သတင်းအချက်အလက်နှင့် နည်းပညာများအား အချိန်နှင့်တစ်ပြေးညီ ပြည်သူများ သုံးစွဲနိုင်ရေး ဖြည့်ဆည်းပေးရန်၊

(၄) ပြည်သူများသုံးစွဲမှု ပမာဏအရ အထူးဝန်ဆောင်မှုများဖြင့် ဂရုတစိုက်အလေးထား ဝန်ဆောင်မှု ပေးနိုင်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တယ်လီဖုန်းသိပ်သည်းမှု တိုးမြှင့်ရေးအတွက် မိုဘိုင်းတယ်လီဖုန်းစနစ် တိုးချဲ့ရေးကို အဓိကထား ဆောင်ရွက်မည်ဖြစ်ပြီး ကျေးလက်ဒေသအထိ ဆောင်ရွက်သွားမည်။ မြန်နှုန်းမြင့် စနစ်ကိုပါ ပူးတွဲဆောင်ရွက်မည်၊

(၂) ဆက်သွယ်ရေးကွန်ရက် တစ်ပြည်နယ်လုံးဖြန့်၍ ပြည်နယ်အတွင်း ဆက်သွယ်ရေး လမ်းကြောင်းများကို ဖန်ချည်မျှင်ဝါယာ ဆက်ကြောင်းအဓိကထား၍ ဆက်ကြောင်းများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည်၊

(၃) မွန်ပြည်နယ်အတွင်း အရန်ဆက်ကြောင်းအဖြစ် မြို့တော်မော်လမြိုင်တွင် TW.7000 ရေဒီယို လှိုင်းစက်၊ ဖမ်းစက်အား မော်လမြိုင်ကြေးနန်းရုံးတွင် တပ်ဆင်ထားပြီး မော်လမြိုင်-ရန်ကုန်၊ မော်လမြိုင်-နေပြည်တော် ဆက်သွယ်ဆောင်ရွက်ရေး စက်စွမ်းရည်မြှင့် ဆောင်ရွက်မည်။

၁၀။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **ငွေရေးကြေးရေးကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်သူများ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ရယူအသုံးပြုနိုင်စေရန်အတွက် ဖြည့်ဆည်း ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို ဘဏ်အပ်ငွေစနစ်ဖြင့် စုဆောင်းခြင်းနှင့် နိုင်ငံ၏ ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုမည့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို စနစ်တကျ ထုတ်ချေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) ခေတ်မီ အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ ငွေကြေးဝန်ဆောင်မှုအရည်အသွေးကို တိုးမြှင့် ဆောင်ရွက်ရန်၊

(၄) ပြည်သူလူထု၏ ယုံကြည်အားကိုးမှုနှင့် တိုးတက်အောင်မြင်မှု ရရှိရေးအတွက် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရန်အတွက် ဦးဆောင်မှုပြု စည်းရုံးဆောင်ရွက်ရန်၊

(၅) ဘဏ်လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းဖြင့် အမြတ်ဝင်ငွေရရှိပြီး ပြည်တွင်း အသားတင်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှ ပံ့ပိုးပေးရန်၊

(၆) ငွေကြေးဖောင်းပွမှု ကျဆင်းရေးအတွက် ငွေစုဘဏ်လုပ်ငန်းဖြင့် အထောက်အကူပြုရန်၊

(၇) အများပြည်သူတို့၏ အကျိုး၊ နိုင်ငံတော်အကျိုးနှင့် ဒေသအလိုက်အကျိုးရှိမည့် အာမခံ လုပ်ငန်းသစ်များကို တိုးချဲ့ဆောင်ရွက်ရန်။

(ခ) **လုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်သူများ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုရယူအသုံးပြုနိုင်ရေးအတွက် မွန်ပြည်နယ် အတွင်း ပြည်တွင်းငွေလွှဲလုပ်ငန်းအပြင် ၁၈. ၁၀. ၂၀၁၂ ရက်နေ့မှစ၍ မလေးရှားနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားမိသားစုများ ငွေလွှဲပို့ရာတွင် လွယ်ကူ စေရန်အတွက် မလေးရှားနိုင်ငံရှိ May Bank နှင့် မွန်ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ် (၁၁) ဘဏ်ကို (ရုံးချုပ်) မှ တစ်ဆင့်ချိတ်ဆက်ကာ ငွေလွှဲလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်မည်၊

(၂) မြန်မာ့စီးပွားရေးဘဏ်သည် ခေတ်မီအဆင့်မြင့်နည်းပညာများကို အသုံးပြု၍ မွန်ပြည်နယ် အတွင်းရှိ ပင်စင်စားများ ပင်စင်ထုတ်ယူရာတွင် မြန်ဆန်လွယ်ကူချောမွေ့စေရန် E-Pension ကို အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၃) နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးကို ဘဏ်အပ်ငွေစနစ်စုဆောင်းခြင်းနှင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုစေသည့် စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးများ ရရှိစေရန် အရည်အသွေးပြည့်ဝသော ချေးငွေများကို အတိုးနှုန်း (၁၃) ရာခိုင်နှုန်းသို့ချပြီး အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးဆောင်ရွက်မည်၊

(၄) ပြည်သူလူထု၏ ယုံကြည်အားကိုးမှုနှင့် တိုးတက်အောင်မြင်မှုရရှိရေးအတွက် မွန်ပြည်နယ် အတွင်းရှိ ဘဏ်များတွင် ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက် မည်၊

(၅) မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသည် ငွေကြေးဖောင်းပွမှု ကျဆင်းရေးအတွက် ငွေစုဘဏ်လုပ်ငန်းများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ စုဆောင်းသူဦးရေနှင့် စုဆောင်းငွေ ပမာဏ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာစေရေး ဆောင်ရွက်မည်၊

(၆) ပုဂ္ဂလိကဘဏ်အချို့တွင် ၂၄ နာရီလုံး အလိုအလျောက်ငွေထုတ်နိုင်သည့် ငွေထုတ်စက် Automatic Teller Machine (ATM) တပ်ဆင်ပေးမည်။ အာရှစိမ်းလန်းစိုပြည်ရေးဘဏ်ခွဲ ၂၄ ခုလုံးနှင့် ဈေးဝယ်စင်တာများတွင်ပါ တပ်ဆင်ထားပြီး Myanmar Pay Ment Union (MPU) ကတ် အသုံးပြုစနစ်ဖြင့် ချိတ်ဆက်မည်။ ၎င်းအပြင် ဘဏ်၏ဖောက်သည်များ

အတွက် online စနစ်ဖြင့် တယ်လီဖုန်းကြေးကောက်ခံပေးသည့် ဝန်ဆောင်မှုကို လုပ်ဆောင်မည်၊

(၇) ကမ္ဘောဇဘဏ်သည် Foreign Bank လိုင်စင်ရပြီးဖြစ်ပါ၍ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ အလွယ်တကူ ငွေလွှဲပေးပို့နိုင်ရန် ထိုင်းနိုင်ငံရှိ Bangkok Bank Siam Commercial Bank နှင့် မလေးရှားနိုင်ငံ May Bank ရှိ ဘဏ်ခွဲပေါင်း (၄၀၀) ကျော်တို့နှင့် တိုက်ရိုက် ငွေလွှဲပေးပို့နိုင်ပြီး ဖြစ်သောကြောင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘောဇဘဏ် မော်လမြိုင်ဘဏ်ခွဲ (၁) နှင့် ဘဏ်ခွဲ (၂) တို့တွင် Automatic Teller Machine (ATM) ကတ် သို့မဟုတ် Myanmar Pay Ment Union (MPU) ကတ်နှင့် ငွေလွှဲကောင်တာ Money Changer များကို အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်မည်၊

(၈) မွန်ပြည်နယ်ရှိဒေသခံပြည်သူလူထုများ ယုံကြည်အားကိုးမှုဖြင့် ပြည်နယ်အတွင်း ဘဏ်ခွဲများဖွင့်လှစ်၍ တိုးတက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘောဇဘဏ်အနေဖြင့် မုဒုံ၊ သံဖြူဇရပ်၊ သထုံမြို့တို့တွင်လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်သည် ချောင်းဆုံမြို့နှင့် ဘီးလင်းမြို့တို့တွင်လည်းကောင်း ဘဏ်ခွဲများဖွင့်လှစ်မည်၊

(၉) ရာဝတီဘဏ်အနေဖြင့် ပြည်ပတွင် သွားရောက်အလုပ်လုပ်လျက်ရှိသော မြန်မာပြည်သူပြည်သားများ မိမိတို့ မိသားစုဆွေမျိုးများထံသို့ ငွေလွှဲပို့ပေးရာ၌ လုံခြုံချောမွေ့ မြန်ဆန်စေရန် မလေးရှားနိုင်ငံမှ May Bank နှင့် (Q-Remit SDM.BHD) တို့မှလည်းကောင်း၊ Singapore နှင့် Brunei နိုင်ငံတို့မှ (Bkk Forex Pte, Ltd., Mandiri Remittance Service) မှလည်းကောင်း မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့ခြင်း ဆောင်ရွက်မည်၊

(၁၀) ပထမ ပုဂ္ဂလိကဘဏ်သည် နိုင်ငံခြားဘဏ်များနှင့် ချိတ်ဆက်ပြီး အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် ငွေလွှဲလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် SWIFT ကို တပ်ဆင်ရန် စီစဉ်ဆောင်ရွက်မည်၊

(၁၁) ပထမ ပုဂ္ဂလိကဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်အနေဖြင့် ချေးငွေလုပ်ငန်းများအား ရွှေနှင့်ရွှေထည်ပစ္စည်းများအား အာမခံရယူပြီး ချေးငွေများ ထုတ်ချေးပေးမည်။ အငှားဝယ်စနစ် Hire Purchase စနစ်ဖြင့် ဝယ်ယူရန် ငွေများချေးငှားမည်၊

(၁၂) မြန်မာ့အရှေ့တိုင်းဘဏ်သည် ပြည်ပငွေလွှဲလုပ်ငန်းကို အမေရိကန်နိုင်ငံ New York အခြေစိုက် (Western Union) အပြည်ပြည်ဆိုင်ရာငွေလွှဲကုမ္ပဏီနှင့် ချိတ်ဆက်ကာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း (၂၀၂) နိုင်ငံတွင် ဖွင့်လှစ်ထားသော ငွေလွှဲဌာနများနှင့် မြန်မာနိုင်ငံရှိ မြန်မာ့အရှေ့တိုင်းဘဏ်ခွဲများကို ငွေလွှဲမည့်အစီအစဉ်ကို နိုဝင်ဘာလတွင် စတင်ဆောင်ရွက်မည်။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် Myanmar Payment Union (MPU) ကတ်၊ Visa ကတ်များ မြန်မာအရှေ့တိုင်းဘဏ်ခွဲများတွင် အပြည့်အဝအသုံးပြုရေးကို ဆောင်ရွက်မည်၊

(၁၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၁၄) မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့် သမဝါယမငွေစုငွေချေးအသင်းများမှ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများကို ထုတ်ချေးရေးအတွက် ဆောင်ရွက်မည်၊

(၁၅) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ ပြည်နယ်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်၊

(၁၆) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ ပိုမိုတိုးတက်လာစေရန်နှင့် အကျိုးသက်ရောက်မှုရှိသည့် အောက်ပါအာမခံလုပ်ငန်း အမျိုးအစားများကို တိုးချဲ့ဆောင်ရွက်မည် -

(ကက) အသက်အာမခံလုပ်ငန်း၊

( ခ ခ ) သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်း၊

( ဂ ဂ ) မီးနှင့်အထွေထွေအာမခံလုပ်ငန်း၊

(ဃဃ) ရေကြောင်း ကုန်ပစ္စည်းအာမခံလုပ်ငန်း၊

( င င ) ခရီးသွားအာမခံလုပ်ငန်း၊

(၁၇) ဌာန၊ အဖွဲ့အစည်းအလိုက် လျာထားသော အခွန်အခများ ပြည်နယ်မှ ကောက်ခံရရှိအောင် ဆောင်ရွက်မည်။

၁၁။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတွင် **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **အခြေခံပညာရေးရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် ကာယ၊ ဉာဏလုပ်သားများ ဖြစ်လာစေရန်၊

(၂) နိုင်ငံအကျိုးကို ရှေးရှုလျက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်၊

(၃) ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးနှင့် ထက်မြက်ရေးအတွက် အထောက်အကူပြုစေမည့် သိပ္ပံပညာကို ဦးစားပေးရန်၊

(၄) နိုင်ငံတော်၏ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေထိန်းသိမ်းရေးနှင့် တိုးတက်ရေးအတွက် ဝိဇ္ဇာပညာကိုလည်း ဦးစားပေးရန်၊

(၅) တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်ရေးအတွက် ခိုင်မြဲသော ပညာအခြေခံ တည်ဆောက်ပေးရန်။

( ခ ) **အခြေခံပညာရေးလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အခြေခံပညာအဆင့် ပညာရေးစစ်ဆေးတိုင်းတာမှုစနစ် ပြုပြင်ပြောင်းလဲအကောင်အထည် ဖော်မည်၊

(၂) တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးခြင်းနှင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်မည်၊

(၃) ပညာသင်ယူ၊ သင်ကြားမှုလုပ်ငန်းများတွင် လူထုဆက်သွယ်ရေး နည်းလမ်းများကို ထိရောက်စွာ အသုံးပြုမည်၊

(၄) မူလတန်းကြိုပညာရေး သင်ရိုးညွှန်းတမ်းနှင့်အညီ အခြေခံပညာကျောင်းများတွင် မူလတန်းကြို အတန်းများ ဖွင့်လှစ်သင်ကြားမည်၊

(၅) ဆရာအတတ်သင်လက်မှတ်မဲ့ ဆရာ၊ ဆရာမများအတွက် လုပ်ငန်းခွင်ဆရာအတတ်သင်တန်း ဖွင့်လှစ်ပို့ချမည်၊

(၆) ကျောင်းမိသားစုဖွဲ့စည်းဆောင်ရွက်မည်၊

(၇) မိဘဆရာအသင်း တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်၊

(၈) ကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ဘက်စုံပညာအရည်အချင်း မှတ်တမ်းချုပ်များကို အသုံးပြုမည်။

(ဂ) **ကျန်းမာရေးရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -
စီမံကိန်းကာလတွင် ၂၀၁၃-၂၀၁၄ အတွင်း -

(၁) ၂၀၁၁ ခုနှစ်၏ သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငါးပုံတစ်ပုံ လျော့ကျရန်၊

(၂) ၂၀၁၁ ခုနှစ်၏ (၅) နှစ်အောက်ကလေး အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါ ဖြစ်ပွားမှုနှုန်းကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငါးပုံတစ်ပုံလျော့ကျရန်၊

(၃) ၂၀၁၁ ခုနှစ်၏ ကိုယ်ဝန်ပျက်မှုနှုန်းကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ခြောက်ပုံတစ်ပုံ လျော့ကျရန်၊

(၄) ၂၀၁၁ ခုနှစ်၏ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုနှုန်းကို ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် လေးပုံတစ်ပုံ လျော့ကျရန်၊

(၅) ၂၀၁၁ ခုနှစ်၏ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသေဆုံးမှုနှုန်းကို ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငါးပုံတစ်ပုံ လျော့ကျရန်။

(ဃ) **ကျန်းမာရေးလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) **သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းကျဆင်းစေရေး**

(ကက) သွေးတိုးရောဂါဖြစ်ပွားမှု ကျဆင်းစေရန်အတွက် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများအထိ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်မည်၊

(ခခ) သွေးတိုးရောဂါဖြစ်ပွားနေမှုများကို ထိရောက်စွာကုသနိုင်ရေးအတွက် မြို့နယ်ဆေးရုံများတွင် တစ်ပတ်လျှင် တစ်ရက်နှုန်း ရုံးဖွင့်ရက်၌ ဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးမည်၊

(ဂဂ) သွေးတိုးရောဂါကြောင့်ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးများကို ထိရောက်စွာကုသနိုင်ရေးအတွက် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးနှင့် သထုံခရိုင်ဆေးရုံများတွင် လိုအပ်သော ဆေး၊ ဆေးပစ္စည်း၊ အထူးကုဆရာဝန်ကြီးများကို ဖြည့်တင်းဆောင်ရွက်မည်။

(၂) **(၅) နှစ်အောက်ကလေး အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း ရောဂါလျော့ကျရေး -**

(ကက) (၅) နှစ်အောက်ကလေး အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါလျော့ကျရေးအတွက် မွန်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေး မြှင့်တင်စေရန် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် အဆင့်ဆင့်သင်တန်းပေးမည်၊

(ခခ) မွန်ပြည်နယ်ရှိ ပြည်သူလူထုများအတွင်း (၅) နှစ်အောက်ကလေးအသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါနှင့်ပတ်သက်၍ ဗဟုသုတရရှိရေးအတွက် ပညာပေးခြင်းလုပ်ငန်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းလုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်မည်၊

(ဂဂ) (၅) နှစ်အောက်ကလေး အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါခံစားနေရသော ကလေးများကို ထိရောက်စွာ ကုသမှုပေးနိုင်ရန်အတွက် မြို့နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် လိုအပ်သောဆေးဝါးများကို ထောက်ပံ့မည်၊

(ဃဃ) ပြင်းထန် (၅) နှစ်အောက်ကလေး အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းရောဂါ ခံစားနေရသော ကလေးများကို ဆေးရုံသို့ အချိန်မီကုသနိုင်ရန်အတွက် ညွှန်းပို့စနစ်ကို ထိရောက်စွာဆောင်ရွက်မည်၊

(ငင) ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေးကို ဆန်းစစ်ရန် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက်အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲမည်၊

(စစ) ကျန်းမာရေးဝန်ထမ်း သူနာပြု/သားဖွားဆရာမများကို သင်တန်းပေးမည်။

(၃) **မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း**

(ကက) မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း ကျယ်ပြန့်လာစေရန်အတွက် အခြေခံ ကျန်းမာရေး ဝန်ထမ်းများကို သင်တန်းပေးခြင်း၊ အရန်သားဖွား ဆရာမသင်တန်းဖွင့်ခြင်း၊ မျိုးဆက်ပွား ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းကို ကျေးလက်ဒေသအောက်ခြေ အထိ ကွင်းဆင်း၍ ပညာပေးခြင်းကို ကျယ်ပြန့်စွာ ဆောင်ရွက်မည်၊

(ခခ) မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းအဆင့်၊ ဆယ်ကျော်သက်အရွယ်များကို သင်ရိုးညွှန်းတမ်း ဦးစားပေး အလိုက် ဆောင်ရွက်မည်၊

(ဂဂ) သားပျက်၊ သားလျှောခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုး များကို ကုသရန်အတွက် မြို့နယ်ဆေးရုံများကို ဆေးဝါးများ လုံလောက်စွာ ထောက်ပံ့မည်။

(၄) **ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်းလျှော့ချရေး**

(ကက) ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်းလျှော့ချရေးအတွက် ရွာပေါင်း ၁၃၉၉ ရွာ၌ ယင်လုံအိမ်သာရရှိစေရန် ဆောင်ရွက်မည်၊

(ခခ) သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျေးရွာတိုင်းတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ဆောင်ရွက်မည်၊

(ဂဂ) ကျေးလက်ဒေသအထိ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ပညာပေးခြင်း လုပ်ငန်းများကို စည်းရုံးဆောင်ရွက်မည်၊

(ဃဃ) ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေသူများကို ဆေးကုသနိုင်ရေးအတွက် ကျေးလက်ကျန်းမာရေးဌာနအထိ လိုအပ်သော ဆေးဝါးများကို လုံလောက်စွာ ထောက်ပံ့မည်၊

(ငင) ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေသူများကို ကျေးလက် ကျန်းမာရေးဌာန၊ မြို့နယ်ဆေးရုံသို့ အချိန်မီ ညွှန်းပို့နိုင်ရန် စီစဉ်ဆောင်ရွက်မည်။

(၅) **မတော်တဆထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးမှုနှုန်းကိုလျှော့ချရေး**

(ကက) မတော်တဆထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးမှုနှုန်းကို လျှော့ချရန် အချိန်မီ ညွှန်းပို့နိုင်ရေးအတွက် ပြည့်စုံကောင်းမွန်သော အရေးပေါ်ကား တစ်မြို့နယ်လျှင် တစ်စီးနှုန်းဖြင့် ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(ခခ) မြို့နယ်အဆင့်တွင် ကုသနိုင်သော ထိခိုက်ဒဏ်ရာရမှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆရာဝန်နှင့်သူနာပြုများကို အရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်း သင်တန်းပေးမည်၊

(ဂဂ) မတော်တဆထိခိုက်ဒဏ်ရာရရှိမှုကြောင့် လိုအပ်သော ခွဲစိတ်ကုသမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မော်လမြိုင် ပြည်သူ့ဆေးရုံနှင့် သထုံခရိုင် ပြည်သူ့ ဆေးရုံတွင် လိုအပ်သော ဦးနှောက်အာရုံကြော ခွဲစိတ်အထူးကု ဆရာဝန်ကြီးနှင့် အဆင့်မြှင့်ခွဲစိတ်ကိရိယာများ ရရှိစေရန် စီစဉ်ဆောင်ရွက်မည်၊

(ဃဃ) ကျွမ်းကျင်သော ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်အဖွဲ့ဖြစ်စေရန်အတွက် သူနာပြု ဆရာဝန်များကို သင်တန်းများပေးမည်၊

(ငင) ထိခိုက်ဒဏ်ရာရမှုကြောင့် မသန်စွမ်းဖြစ်သူများကို လူနေမှုဘဝမြှင့်တင်စေရန် အတွက် ပြန်လည်သန်စွမ်းရေးဌာနများကို မြို့နယ်ဆေးရုံများတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မည်။

(င) **ယဉ်ကျေးမှုဆိုင်ရာရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ရှာဖွေဖော်ထုတ်၍ ယဉ်ကျေးမှုအမွေအနှစ်အဆောက် အအုံများ၊ ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့အောင် မွမ်းမံထိန်းသိမ်းရန်၊

(၂) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းများကို မြတ်နိုးတန်ဖိုး ထား၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် ရှေးဟောင်းသုတေသန ပညာရပ်များ ကျယ်ပြန့်စွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊

(၃) ပြတိုက်နှင့် စာကြည့်တိုက်များကို မြန်မာ့အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ဗဟိုဌာနများအဖြစ် လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ၊ အမွေအနှစ်များ၏ သတင်း အချက်အလက်ဗဟိုဌာနအဖြစ်လည်းကောင်း ဆောင်ရွက်ရန်။

(စ) **ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရှေးဟောင်းကမ္ပည်းကျောက်စာများနှင့် ရှေးဟောင်းပစ္စည်းများ စုဆောင်းထိန်းသိမ်း သုတေသနပြုမည်၊

(၂) သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်မွမ်းမံ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်၊

(၃) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်ပြီး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်လိုစိတ်များ ပွားများရှင်သန်၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အတွက် ပြတိုက်များဖွင့်လှစ်ပြသခြင်းဖြင့် အသိပညာဗဟုသုတများ ဖြန့်ဖြူးပေးမည်၊

(၄) ရှေးဟောင်းပေ၊ ပုရပိုက်၊ ကျမ်းဂန်၊ စာအုပ်စာတမ်းများ ရှာဖွေစုဆောင်း၍ အများပြည်သူ လေ့လာဖတ်ရှုနိုင်ရေးနှင့် သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးရေးအတွက် စာကြည့် တိုက်များ တည်ထောင်ဖွင့်လှစ်မည်၊

(၅) မွန်ပြည်နယ်ရှိ ရှေးဟောင်းဥယျာဉ်များ၊ သမိုင်းဆိုင်ရာနေရာများကို ဒေသတွင်းမှ ရင်းနှီး မြှုပ်နှံသူများအား ဖိတ်ခေါ်၍ ဖော်ထုတ်ထိန်းသိမ်းခြင်း၊ တိုင်းရင်းသားရိုးရာ ဘာသာစာပေ နှင့် အနုပညာလုပ်ငန်းများကို တိုင်းရင်းသားများအလိုက် ထိန်းသိမ်းဖော်ထုတ်ခြင်း၊ ရိုးရာ ယဉ်ကျေးမှု ဓလေ့ဆိုင်ရာပွဲများ ရာသီအလိုက် ကျင်းပပေးခြင်းတို့ကို စည်းရုံးဆောင်ရွက်မည်၊

(၆) တိုင်းရင်းသား စကား၊ စာပေ၊ အဆို၊ အက၊ အရေး၊ အတီးများ ထိန်းသိမ်းခြင်းတိုးပွားအောင် ဆောင်ရွက်ခြင်းများကို ကူညီဆောင်ရွက်မည်။

(ဆ) **အားကစားရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးလက်ဒေသနေ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုကို ပြည်သူတစ်ရပ်လုံး စိတ်ဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားစေရန်၊

(၂) အားကစားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊

(၃) စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်စေပြီး ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်။

(ဇ) **အားကစားလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျေးရွာအားကစားလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအားကစားကော်မတီကို ဖွဲ့စည်းဆောင်ရွက်မည်၊

(၂) ကျေးရွာနေပြည်သူများ အားကစားလှုပ်ရှားမှုကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောကျေးရွာ အားကစားကွင်းများကို ဖော်ထုတ်မည်၊

(၃) ကျေးရွာနေ ပြည်သူများကို အားကစား၏အခြေခံဖြစ်သော ကာယပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများကို သိရှိနားလည် သဘောပေါက်စေရန် ဟောပြောပွဲများပြုလုပ်၍ စည်းရုံးဆောင်ရွက်မည်၊

(၄) ကျန်းမာရေးနှင့် ပြည့်စုံပြီး စာရိတ္တကြံ့ခိုင်မှု မြင့်မားစေရန်အတွက် အထောက်အကူဖြစ်စေသော အားကစားသရုပ်ပြပွဲများကို ပြည်သူလူထု ကြည့်ရှုလေ့လာနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မည်၊

(၅) အားကစားနည်းအလိုက် အခြေခံပညာရပ်များနှင့် နည်းစနစ်ကျွမ်းကျင်တတ်မြောက်စေရန်အတွက် အားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး အလားအလာရှိသည့် အားကစားသမားများကို ဖော်ထုတ်မည်၊

(၆) ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများကို ဖော်ထုတ်ပြီး အဆင့်ဆင့်ပြုစုပျိုးထောင်လေ့ကျင့်နိုင်ရေးအတွက် ကျေးရွာအလိုက် အားကစားပြိုင်ပွဲများ ကျင်းပဆောင်ရွက်မည်၊

(၇) အားကစားအခြေခံကောင်းများရှိသည့် ခန္ဓာကိုယ်အချိုးအစားကောင်းမွန်သူများကို ရွေးချယ်ပြီး အားကစားသိပ္ပံနှင့် အကယ်ဒမီကျောင်းများသို့ စေလွှတ်မည်၊

(၈) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် လိုအပ်သော အားကစားအထောက်အကူပြုပစ္စည်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပံ့ပိုးကူညီမှုရရှိရေး ဆောင်ရွက်မည်၊

(၉) ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲနိုင်သည့် လူထုအားကစားလှုပ်ရှားမှုကို ဒီဇင်ဘာလတွင် အပတ်စဉ် ဆောင်ရွက်မည်။

(ဈ) **အလုပ်သမားရေးရာရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လုပ်ငန်းခွင်ဆက်ဆံမှု အေးချမ်းသာယာစေရေး၊

(၂) မှတ်ပုံတင်ထားရှိပြီး အလုပ်အကိုင်နေရာချထားရန်၊

(၃) အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပါ အကျိုးခံစားခွင့်များ ဆောင်ရွက်ပေးရန်၊

(၄) အလုပ်ရှင်၊ အလုပ်သမားစာရင်းဇယားများ စုဆောင်းပြုစုရန်။

(ည) **အလုပ်သမားရေးရာလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) **အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများဖျန်ဖြေခြင်း**
အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေရေးအတွက် စက်ရုံ၊ အလုပ်ရုံ

များတွင် အလုပ်သမားရေးရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းမည်၊ မြို့နယ်များတွင် မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေခြင်းများကို ကြီးကြပ်မည်၊ ပြည်နယ် ခုံသမာဓိအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်၊

(၂) **လျော်ကြေးခံစားခွင့်များဆောင်ရွက်ပေးခြင်း**
စက်ရုံ၊ အလုပ်ရုံများတွင် မတော်တဆထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းများအတွက် အလုပ်သမားများရသင့်ရထိုက်သော လျော်ကြေးများရရှိရေးအတွက် ခရိုင်၊ မြို့နယ်များတွင် လျော်ကြေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်မည်၊

(၃) **အလုပ်ခန့်ထားမှု သဘောတူစာချုပ်များချုပ်ဆိုခြင်း**
အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးကောင်းမွန်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး အတွက် ၅ ဦးအထက် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ခန့်ထားမှုတွင် သဘောတူစာချုပ် များကို ချုပ်ဆိုရေးစီစဉ်ဆောင်ရွက်မည်၊

(၄) **ပြည်နယ်အတွင်း အလုပ်အကိုင်ရှာဖွေသူများအား မှတ်ပုံတင်ခြင်းနှင့် အလုပ်အကိုင်ရရှိရေး အတွက် စီစဉ်ပေးခြင်း**
ခရိုင်၊ မြို့နယ်များတွင် တာဝန်ယူဆောင်ရွက်ရသည့် နယ်မြေများရှိ ဒေသခံ ပြည်သူများအား အခက်အခဲမရှိစေဘဲ သက်ဆိုင်ရာနယ်မြေအလိုက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ သိရှိနိုင်ရေး၊ အလုပ်လုပ်ကိုင်သူများအား လိုအပ်သည့် အကူအညီပေးနိုင်ရေး၊ အလုပ်သမား ခေါ်ယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိသတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသည့်လုပ်သားများ ရရှိနိုင်ရေး၊ နယ်မြေကွင်းဆင်း ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ် နှင့် အချိန်ကုန် သက်သာစေမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုစေမည် ဖြစ်သည်။ ထို့ကြောင့် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေစုဆောင်းရုံးများသည် သက်ဆိုင်ရာမြို့နယ်များသို့ တစ်လလျှင်တစ်ကြိမ် ကွင်းဆင်း ဆောင်ရွက်မည်၊

(၅) **ပြည်ပအလုပ်အကိုင်နေရာချထားရေး**
ခရိုင်၊ မြို့နယ်ရုံးများတွင် ပြည်ပအလုပ်အကိုင်မှတ်ပုံတင်ကတ် ပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ခရိုင်၊ မြို့နယ်ရုံးများတွင် ကြော်ငြာ ခေါ်ယူခြင်း ဆောင်ရွက်မည်၊

(၆) **အလုပ်သမားရေးရာစာရင်းအင်းများ ရယူပြုစုခြင်း**
အလုပ်ရှင်၊ အလုပ်သမားစာရင်း ကောက်ယူခြင်းကို ခရိုင်၊ မြို့နယ်အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနများက ပုဂ္ဂလိကအလုပ်ဌာနနှင့် အလုပ်သမားစာရင်းများ ကိုယ်တိုင်နှင့် အခြား အလုပ်သမားစာရင်းများကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှ ဩဂုတ်လအထိ စာရင်းကောက်ယူမည်။

(ဠ) **လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဆိုင်ရာရည်မှန်းချက်**များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) နိုင်ငံသားများ၊ နိုင်ငံခြားသားများ၊ ပြည်တွင်းပြည်ပဝင်ထွက်မှုကို ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အရေးယူဆောင်ရွက်ရန်၊

(၂) ဥပဒေမဲ့ဝင်ရောက်သူများအား ဖော်ထုတ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ရန်၊

(၃) နိုင်ငံခြားသားများ ပြည်နယ်တွင်း၌ နေထိုင်မှု၊ သွားလာမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ကြပ်မတ်ထိန်းသိမ်းရန်၊

(၄) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြောင်းလဲမှုများအား မှတ်တမ်း တင်ရန်၊

(၅) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၆) တစ်မျိုးသားလုံး လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်လူဦးရေမူဝါဒကို ချမှတ်နိုင်ရန် လူဦးရေဆိုင်ရာ အချက်အလက်များကို ဆန်းစစ်လေ့လာတင်ပြရန်၊

(၇) နိုင်ငံတော်၏ မူဝါဒအရ လိုအပ်သော အချိန်ကာလအတွက် တိကျမှန်ကန်သော လူဦးရေစာရင်း ရရှိရေး လူဦးရေး သန်းခေါင်စာရင်း ကောက်ယူရန်၊

(၈) နိုင်ငံတော်၏ လူမှုစီးပွားရေး စီမံကိန်းများ ရရှိစေရန် စစ်တမ်းများ ကောက်ယူခြင်းနှင့် ပြည်နယ်အတွင်းမြို့နယ်အလိုက် လူဦးရေစာရင်းကောက်ယူရန်၊

(၉) ပြည်တွင်း၊ ပြည်ပ လူဦးရေဆိုင်ရာ လှုပ်ရှားမှုများ၊ လူသားချင်းစာနာထောက်ထားမှုဖြင့် အထောက်အပံ့ပေးသည့် လုပ်ငန်းများအတွက် ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အဓိကဆက်သွယ်ဆောင်ရွက်သော (Focal Point) အဖြစ် ဆောင်ရွက်ရန်။

(ဃ) **လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဆိုင်ရာလုပ်ငန်းစဉ်**မှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် လူဦးရေ သန်းခေါင်စာရင်း လုပ်ငန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို ၃၀-၃-၂၀၁၃ ရက်နေ့မှ ၁၀-၄-၂၀၁၄ ရက်နေ့အထိ ၁၂ လကြာ ဆောင်ရွက်ပြီး ပြည်နယ်၌ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်မည်။

၁၂။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင် **ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ**နှင့် စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မြန်မာ့ရုပ်ရှင်လုပ်ငန်းဆိုင်ရာရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်စေရန်၊

(၂) ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ၏ ရည်ရွယ်ချက် (၅) ရပ် အောင်မြင်စေရန်၊

(၃) ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများမှ နိုင်ငံတော်၏ အခွန်ငွေများ မှန်မှန်ကန်ကန်ရရှိစေရန်၊

(၄) ဗီဒီယိုလုပ်ငန်းမှ သတ်မှတ်လျာထားငွေပြည့်မီစေရန်၊

(၅) နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) ပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့် မော်ကွန်းရုပ်ရှင် နယ်လှည့်ပြသခြင်းကို ဆောင်ရွက်ရန်၊

(၇) ပြန်ကြားရေးဝန်ကြီးဌာန၏ရည်မှန်းချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) **မြန်မာ့ရုပ်ရှင်လုပ်ငန်းဆိုင်ရာလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြန်မာ့ရုပ်ရှင်လုပ်ငန်း (မွန်ပြည်နယ်) သည် မွန်ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံများအား ရုပ်ရှင်ဥပဒေနှင့်အညီ လိုင်စင်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်းတို့ကို စိစစ်ထောက်ခံ၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်မည်၊

(၂) မြန်မာ့ရုပ်ရှင်လုပ်ငန်း (မွန်ပြည်နယ်) ၏ အုပ်ချုပ်မှုအောက်ရှိ မော်ကွန်းရုပ်ရှင်ပြသမှုအဖွဲ့စုအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ နယ်စွန်နယ်ဖျားအထိ ပြည်သူများ ဗဟုသုတ တိုးပွားစေရေး မော်ကွန်းရုပ်ရှင်ပြသခြင်း၊ သတ်မှတ်လျာထားပြပွဲ ပြည့်မီကျော်လွန်

စေရေး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အောင်မြင်အောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်မည်၊

(၃) ဗီဒီယိုလုပ်ငန်းရှင်များ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်စေရေး၊ လုပ်ငန်းလိုင်စင်ကြေး၊ ဒဏ်ကြေးငွေများ အပြည့်အဝ အမှန်ရရှိစေရေး၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုဆောင်ရွက်မည်၊

(၄) မြန်မာ့ရုပ်ရှင်လုပ်ငန်း (မွန်ပြည်နယ်) အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သတ်မှတ်လျာထားငွေ ပြည့်မီစေရေးပြည်နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီအဆင့်ဆင့်၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်မည်၊

(၅) မွန်ပြည်နယ်အတွင်းရှိ ရုပ်ရှင်ရုံများ၊ ဗီဒီယိုလုပ်ငန်းများအား စီမံချက်များ ရေးဆွဲ၍ ရုပ်ရှင်ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊ မရှိ ဗီဒီယိုလုပ်ငန်းရှင်များ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး ထိန်းသိမ်းကြပ်မတ်မှုများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်မည်။

(ဂ) **သမဝါယမရည်မှန်းချက်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုကဏ္ဍကို ကာလတိုင်းနှစ်စီမံကိန်း၏ ဒုတိယနှစ်ထက် တိုးတက်မှု (၈. ၀) ရာခိုင်နှုန်းနှင့် အဆအားဖြင့် (၁. ၀၈) ဆ ဖြစ်ပေါ်ရန်၊

(၂) စီမံကိန်းကာလအတွင်း ဝန်ဆောင်မှုကဏ္ဍကို ကာလတိုင်းနှစ်စီမံကိန်း၏ ဒုတိယနှစ်ထက် တိုးတက်မှု (၃၉. ၀) ရာခိုင်နှုန်းနှင့် အဆအားဖြင့် (၁. ၃၉) ဆ ဖြစ်ပေါ်ရန်၊

(၃) စီမံကိန်းကာလအတွင်း ကုန်သွယ်မှုကဏ္ဍကို ကာလတိုင်းနှစ်စီမံကိန်း၏ ဒုတိယနှစ်ထက် တိုးတက်မှု (၆. ၀) ရာခိုင်နှုန်းနှင့် အဆအားဖြင့် (၁. ၀၆) ဆ ဖြစ်ပေါ်ရန်၊

(၄) စီမံကိန်းကာလအတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍ စုစုပေါင်း တန်ဖိုးကို ကာလတိုင်းနှစ်စီမံကိန်း၏ ဒုတိယနှစ်ထက် တိုးတက်မှု (၈. ၀) ရာခိုင်နှုန်းနှင့် အဆအားဖြင့် (၁. ၀၈) ဆ ဖြစ်ပေါ်ရန်။

(ဃ) **သမဝါယမလုပ်ငန်းစဉ်**များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လူတန်းစားအလွှာပေါင်းစုံပါဝင်ဆောင်ရွက်နိုင်စေမည့် သမဝါယမအသင်း အမျိုးအစားများကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်၊

(၂) တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီး ရရှိစေရန် အသေးစားချေးငွေများ ထုတ်ချေးပေးရန် စီစဉ်မည်၊

(၃) သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး အသင်းအဖွဲ့များ၊ မွေးဖက်ပေးလုပ်ငန်းများ အားပေးဆောင်ရွက်မည်၊

(၄) လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန်နှင့် ဘဏ္ဍာရေးခိုင်မာမှုရှိစေရန် အစုတန်ဖိုးမြှင့်ခြင်းများ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းများ ဆောင်ရွက်မည်၊

(၅) ဒေသထွက် သယံဇာတအရင်းအမြစ်များကို အသုံးပြုလုပ်ဆောင်သော စီးပွားရေးလုပ်ငန်းများ ထုတ်ဖော်ဆောင်ရွက်မည်၊

(၆) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးမြင့်လာစေရေးအတွက် လူတစ်ဦးချင်း ဝင်ငွေရရှိစေမည့် လုပ်ငန်းများကို ထိရောက်စွာ စီစဉ်မည်၊

(၇) စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို သမဝါယမလမ်းကြောင်းမှ စုပေါင်းရောင်းချကာ ပြည်ပ တင်ပို့နိုင်မှုကို အခြေခံအဆင့်၊ ပြည်နယ်အဆင့်တို့ ပူးပေါင်း၍ အကျိုးတူဆောင်ရွက်မှု လမ်းကြောင်းကို အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၈) ပို့ကုန်ပစ္စည်းများ ပိုမိုဈေးကွက်ရရှိရေးနှင့် ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးလာစေရန် ပြည်ပကုန်စည်ပြပွဲ များသို့ သွားရောက်၍ မိမိထွက်ကုန်များကို ပြသခြင်း၊ ဈေးကွက်အခြေအနေများကိုလေ့လာခြင်း၊ ဝယ်ယူသူအကြိုက်သိရှိစေရန် တိုက်ရိုက်ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည်၊

(၉) သမဝါယမနှင့် လူမှုစီးပွားရေး ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် သမဝါယမကုန်သန်းရောင်းဝယ်ရေး သင်တန်းကျောင်းနှင့် သမဝါယမ သင်တန်းကျောင်းများ တွင် လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင် သင်တန်းများ၊ ကွန်ပျူတာ သင်တန်းများ၊ ပို့ကုန် သွင်းကုန် လုပ်ငန်းသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပို့ချမည်။

၁၃။ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတွင် **ကုန်သွယ်မှုကဏ္ဍ**နှင့်စပ်လျဉ်း၍ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ရည်မှန်းချက်**မှာ ပြည်နယ်ကုန်သွယ်စီးပွားကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

**၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းအတွက်**
**ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်ပေးမှုအခြေအနေရည်မှန်းချက်**

ပို့ဆောင်ရေးကဏ္ဍာ

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **သမဝါယမပိုင်** | | | | |
| **၁** | **မော်တော်ယာဉ်ဖြင့် ပို့ဆောင်မှု** | | | | |
| ၁ | ခရီးသည် | ဦးရေ (၀၀၀) | ၈၃.၀ | ၁၉၆၂ | ၂၂၆၃.၉ |
| ၂ | ခရီးသည်မိုင် | ခ/မိုင်(၀၀၀) | ၉၇၆ | ၁၈၈၇ | ၉၃.၃ |
| ၃ | ကုန်တန်ချိန် | တန် (၀၀၀) | ၁၁၃ | ၁၆၃ | ၄၄.၂ |
| ၄ | ကုန်တန်မိုင် | တန်မိုင်(၀၀၀) | ၃၉၃၀ | ၃၉၄၃ | ၀.၃ |
| **၁** | **ရေယာဉ်ဖြင့် ပို့ဆောင်မှု** | | | | |
| ၁ | ခရီးသည် | ဦးရေ (၀၀၀) | ၂၀၉၁ | ၁၈၃၉ | -၁၂.၁ |
| ၂ | ခရီးသည်မိုင် | ခ/မိုင်(၀၀၀) | ၃၅၉၆ | ၃၆၁၂ | ၀.၄ |
| ၃ | ကုန်တန်ချိန် | တန် (၀၀၀) | ၄၅ | ၄၇ | ၄.၄ |
| ၄ | ကုန်တန်မိုင် | တန်မိုင်(၀၀၀) | ၇၇ | ၈၁ | ၅.၂ |

နောက်ဆက်တွဲ (အဆက်)

## မြန်မာ့မီးရထား၊ တိုင်းအမှတ်(၈)
## ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူး-ထားဝယ်ခေါင်းစဉ်ဖြင့် လမ်းပိုင်းလျှာထားပြုပြင်မည့်အတွက် ပစ္စည်းနှင့်ဘဏ္ဍာငွေ လိုအပ်ချက်စာရင်း

| စဉ် | လမ်းပိုင်း | | ဆောင်ရွက်မည့်မိုင် | ပစ္စည်းလိုအပ်ချက် | | ဘဏ္ဍာငွေလိုအပ်ချက် (ကျပ်သန်း) | မှတ်ချက် | |
|---|---|---|---|---|---|---|---|---|
| | မှ | ထိ | | ကွန်ကရစ်ဇလီဖား (တုံး) | လမ်းခင်းကျောက် (ကျင်း) | | ကွန်ဖား | လမ်းခင်းကျောက် |
| (က) | စစ်တောင်း-မော်လမြိုင်လမ်းပိုင်း | | | | | | | |
| ၁ | မုပ္ပလင် | ကျိုက္ကသာ | ၅. ၉၅ | ၃၂၃၂ | ၈၉၂. ၅၀ | ၁၇. ၀၃၅ | တုံးပြည့်+အဆက်တုံး အပါအဝင် | တစ်မိုင်(၁၅၀)ကျင်း |
| ၂ | ကျိုက္ကသာ | ကျိုက်ထို | ၈. ၀၀ | ၉၀၃၀ | ၈၀၀. ၀၀ | ၂၈. ၀၀၄ | တုံးပြည့်+အဆက်တုံး အပါအဝင် | တစ်မိုင်(၁၀၀)ကျင်း |
| ၃ | တောင်စွန်း | နှင်းပုလဲ | ၇. ၁၂ | ၆၃၆၆ | ၁၀၆၈. ၀၀ | ၂၄. ၈၂၂ | တုံးပြည့်+အဆက်တုံး အပါအဝင် | တစ်မိုင်(၁၅၀)ကျင်း |
| ၄ | ဒုံဝန်း | သိမ်ဆိပ် | ၄. ၇၅ | ၅၇၀၀ | ၄၇၅. ၀၀ | ၁၇. ၁၈ | တုံးပြည့်+အဆက်တုံး အပါအဝင် | တစ်မိုင်(၁၀၀)ကျင်း |
| ၅ | သိမ်ဆိပ် | နောင်ကုလား | ၇. ၀၄ | ၁၈၀၈ | ၁၀၅၆. ၀၀ | ၁၇. ၂၀၈ | တုံးပြည့်+အဆက်တုံး အပါအဝင် | တစ်မိုင်(၁၅၀)ကျင်း |
| ၆ | ပေါင်-ကျွဲခြံ | သဲဖြူကုန်း | ၁၀. ၅၀ | ၂၄၀၀ | ၁၀၅၀. ၀၀ | ၂၃. ၆၇၉ | တုံးပြည့်+အဆက်တုံး အပါအဝင် | တစ်မိုင်(၁၀၀)ကျင်း |
| ၇ | သဲဖြူကုန်း | မုတ္တမဘူတာ ဟောင်းလမ်း | ၃. ၂၅ | ၂၂၁၀ | ၁၆၂. ၅၀ | ၆. ၀၄၀ | တဆက်(၅) တုံး | တစ်မိုင်(၅၀)ကျင်း |
| ၈ | စစ်တောင်း | မော်လမြိုင် | | | | ၄. ၃၇၇ | အဆက်နိမ့်ကျွံနေရာ သဲထည့်၍ အဆက်ပတ်ကားကြီးဆောင်ရွက်ခြင်း | |
| | **ပေါင်း** | | **၄၆. ၆၁** | **၃၀၇၄၆** | **၅၅၀၄. ၀၀** | **၁၃၈. ၃၄၅** | | |
| (ခ) | သထုံ-မြိုင်ကလေးလမ်းပိုင်း | | | | | | | |
| ၁ | သထုံ | လှာကာ | ၂၀. ၁၉ | ၁၆၄၇၅ | ၁၀၀၉. ၀၀ | ၄၂. ၀၀၀ | တဆက် (၆) တုံး | တစ်မိုင်(၅၀)ကျင်း |
| (ဂ) | မော်လမြိုင်-ရေးလမ်းပိုင်း | | | | | | | |
| ၁ | ကမာဝက် | သံဖြူဇရပ် | ၉. ၈၃ | ၈၈၃၇ | ၉၈၃. ၀၀ | ၄၇. ၇၁၀ | တဆက် (၁၂) တုံး | တစ်မိုင်(၁၀၀)ကျင်း |
| ၂ | သံဖြူဇရပ် | ပင | ၆. ၆၈ | ၁၀၉၀၁ | ၆၆၈. ၀၀ | ၂၈. ၂၁၀ | တဆက် (၁၂) တုံး | တစ်မိုင်(၁၀၀)ကျင်း |
| ၃ | ကရုပ္ပိ | ထင်းရှူး | ၇. ၅၂ | ၁၂၂၇၂ | ၇၅၂. ၀၀ | ၃၄. ၈၅ | တဆက် (၁၂) တုံး | တစ်မိုင်(၁၀၀)ကျင်း |
| ၄ | လမိုင်း | တောင်ဘို | ၆. ၀၀ | ၄၈၉၆ | ၆၀၀. ၀၀ | ၁၇. ၈၈ | တဆက် (၆) တုံး | တစ်မိုင်(၁၀၀)ကျင်း |
| ၅ | ရေး | ချောင်းတောင် | ၁. ၅၈ | ၆၆၉ | ၇၉. ၀၀ | ၂. ၂၁ | တဆက် (၅) တုံး | တစ်မိုင်(၅၀)ကျင်း |
| ၆ | မော်လမြိုင် | ရေး | | | | ၂. ၁၄၂ | အဆက်နိမ့်ကျွံနေရာ သဲထည့်၍ အဆက်ပတ်ကားကြီးပြုပြင်ခြင်း | |
| | ပေါင်း | | ၃၁. ၆၁ | ၃၇၅၇၅ | ၃၀၈၂. ၀၀ | ၁၃၃. ၀၀၂ | | |
| (ဃ) | ရေး-ထားဝယ်လမ်းပိုင်း | | | | | | | |
| ၁ | ကိုးမိုင် | နတ်ကြီးစင် | ၁၇. ၂၄ | ၁၃၉၇၈ | ၂၅၈၆. ၀၀ | ၆၇. ၇၁၀ | တဆက် (၆) တုံး | တစ်မိုင်(၁၅၀)ကျင်း |
| ၂ | ဂန္ဓေါ်တောင် | ကလိန်အောင် | ၉. ၀၀ | ၇၂၄၆ | ၁၃၅၀. ၀၀ | ၃၅. ၀၄၀ | | |
| | **ပေါင်း** | | **၂၆. ၂၄** | **၂၁၂၂၄** | **၃၉၃၆. ၀၀** | **၁၀၂. ၇၅** | | |
| | **စုစုပေါင်း** | | **၁၂၄. ၆၅** | **၁၀၆၀၂၀** | **၁၃၅၃၁.** | **၄၁၆. ၀၉၇** | | |

နောက်ဆက်တွဲ (အဆက်)

## ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လျာထားပြုပြင်မည့် လုပ်ငန်းများနှင့် ဘဏ္ဍာငွေ လိုအပ်ချက်စာရင်း

(ကျပ်သန်း)

| စဉ် | | ဦးစားပေးအဆင့် | လုပ်ငန်းအမည် | အဆောက်အဦဧရိယာ | ဘဏ္ဍာငွေလိုအပ်ချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| (က) | | | **တံတားကြီးငယ်ပြုပြင်တည်ဆောက်ခြင်း** | | | |
| | ၁ | ပထမ | ကမာဝက်-သံဖြူဇရပ်ဘူတာကြား မိုင်တိုင်-၂၀၆/၉-၁၀ ကြား တံတား(၇၂၁)၂၀' Span ပျက်စီးနေပါသဖြင့် ၂၀' Span Slab အသစ် တည်ဆောက်ခြင်း | ၂၀' | ၄. ၈၃ | |
| | | | **စုစုပေါင်း** | | **၄. ၈၃** | |
| (ခ) | | | **လုပ်ငန်းအဆောက်အဦ** | | | |
| | ၁ | ပထမ | သထုံဘူတာအကြီးစား ပြုပြင်ခြင်း | L.S | ၆၅. ၇၉ | |
| | ၂ | ဒုတိယ | မော်လမြိုင်ဘူတာကြီး အမှတ် (၁) ပလက်ဖောင်း ရန်ကုန်ဘက်ခြမ်းကွန်ကရစ်အခင်း ၁" ထုလောင်းခြင်း | L.S | ၉. ၈၀ | |
| | ၃ | ဒုတိယ | မော်လမြိုင်ဘူတာကြီးရန်ကုန်ဘက်ခြမ်း Site Drain အုတ်ရေမြောင်း တည်ဆောက်ခြင်း | ၃၀၀' | ၇. ၃၀ | |
| | ၄ | တတိယ | မော်လမြိုင်ဘူတာကြီးဘေး ကားအဝင်/အထွက် နေရာအား(၆"×၉")ကျောက်ကြီးစီခြင်း(၁၀၀'×၁၅၀') | ၁၅၀၀၀ Sft | ၁. ၉၀ | |
| | | | **စုစုပေါင်း** | | **၈၄. ၇၉** | |
| (ဂ) | | | **နေအိမ်အဆောက်အဦ** | | | |
| | ၁ | ပထမ | ပေါင်-အလုပ်ဘူတာကြား ဂိတ်စောင့်နေအိမ်လုံးချင်း (၁)လုံးတည်ဆောက်ခြင်း(ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) | ၃၂'×၂၀' | ၇. ၅၈ | |
| | ၂ | ဒုတိယ | ကျိုက္ကသာဘူတာတွင် လမ်းခွဲကိုင်နေအိမ်လုံးချင်း (၁)လုံးတည်ဆောက်ခြင်း(ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) | ၃၂'×၂၀' | ၇. ၅၈ | |
| | ၃ | ဒုတိယ | ဘိုရားကြီးဘူတာတွင် ရုံပိုင်နေအိမ်လုံးချင်း (၁) လုံးဆောက်လုပ်ခြင်း(ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) | ၃၂'×၂၀' | ၇. ၅၈ | |
| | ၄ | တတိယ | ရင်းငြိမ်ဘူတာ (အနယ) ဝန်ထမ်းနေအိမ် (၂) ခန်းတွဲ(၁)လုံးတည်ဆောက်ခြင်း(ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) | ၄၀'×၃၀' | ၁၄. ၄၂ | |
| | | | **စုစုပေါင်း** | | **၃၇. ၁၆** | |
| (ဃ) | | | **ရေရှိရေး** | | | |
| | ၁ | ပထမ | မော်လမြိုင်ဘူတာကြီးရှေ့ဘက်ခြမ်းဝန်ထမ်းအိမ်ရာများသို့ ရေပိုက်သွယ်တန်းခြင်း | ၁၄၀၀' | ၄. ၂၅ | |
| | ၂ | ပထမ | ရေးဘူတာ Main Section Line တွဲထည့် ရေတိုင်များနှင့် Over Head Tank မှ ရေဖြန့်ဝေရေးနေရာသို့ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် (၂၀'×၁၂') ရေစင်တည်ဆောက်ခြင်း | L.S | ၂၀. ၂၄ | |
| | | | **စုစုပေါင်း** | | **၂၅. ၄၉** | |
| (င) | | | **ရထားရဲနေအိမ်တည်ဆောက်ခြင်း** | | | |
| | ၁ | ပထမ | မော်လမြိုင်ဘူတာကြီး ရထားရဲဝန်ထမ်းဘားတိုက်(၆) ခန်းတွဲ(၁)လုံးတည်ဆောက်ခြင်း၊ အိမ်သာနှင့်လျှပ်စစ်မီးသွယ်တန်းခြင်း အပါအဝင် (ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုး) | ၇၂'×၂၄' | ၄. ၂၈ | |
| | ၂ | ဒုတိယ | မော်လမြိုင်ဘူတာကြီး ရထားရဲဝန်ထမ်းဘားတိုက်(၄) ခန်းတွဲ(၁)လုံးတည်ဆောက်ခြင်း၊ အိမ်သာနှင့်လျှပ်စစ်မီးသွယ်တန်းခြင်း အပါအဝင် (ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုး) | ၄၈'×၂၄' | ၄. ၀၀ | |
| | | | **စုစုပေါင်း** | | **၈. ၂၈** | |

နောက်ဆက်တွဲ (အဆက်)

## ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ကွန်ကရစ်ဇလီဖား ထုတ်လုပ်မည့် လုပ်ငန်းလျာထားချက်

| စဉ် | လအမည် | ထုတ်လုပ်မည့် | | ဘဏ္ဍာငွေ လိုအပ်ချက် ကျပ်သန်းပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | ကွန်ကရစ်ဇလီဖားတုံး | Rail Clip ချောင်း | | |
| ၁။ | ၂၀၁၃ ခု ဧပြီလ | ၁၂၅၄၀ | ၅၀၁၆၀ | | |
| | မေလ | ၁၇၈၂၀ | ၇၁၂၈၀ | | |
| | ဇွန်လ | ၁၇၁၆၀ | ၆၈၆၄၀ | | |
| | ဇူလိုင်လ | ၁၆၅၀၀ | ၆၆၀၀၀ | | |
| | ဩဂုတ်လ | ၁၇၈၂၀ | ၇၁၂၈၀ | | |
| | စက်တင်ဘာလ | ၁၆၅၀၀ | ၆၆၀၀၀ | | |
| | အောက်တိုဘာလ | ၁၇၁၆၀ | ၆၈၆၄၀ | | |
| | နိုဝင်ဘာလ | ၁၇၁၆၀ | ၆၈၆၄၀ | | |
| | ဒီဇင်ဘာလ | ၁၇၁၆၀ | ၆၈၆၄၀ | | |
| | ၂၀၁၄ ခု ဇန်နဝါရီလ | ၁၇၈၂၀ | ၇၁၂၈၀ | | |
| | ဖေဖော်ဝါရီလ | ၁၅၂၀၀ | ၆၀၈၀၀ | | |
| | မတ်လ | ၁၇၁၆၀ | ၆၈၆၄၀ | | |
| | စုစုပေါင်း | ၂၀၀၀၀၀ | ၈၀၀၀၀၀ | | |
| | **၁ တုံး နှုန်း** | **× ၈၄၅၈** | | | |
| | | **၁၆၉၁၆၀၀၀၀၀** | | **၁၆၉၁. ၆ (သန်း)** | |

နောက်ဆက်တွဲ (အဆက်)

**မွန်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းအတွက်**
**ဆက်သွယ်ရေးကဏ္ဍ ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

ဆက်သွယ်ရေးကဏ္ဍ

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **စုစုပေါင်းဝင်ငွေ (နှစ်အလိုက်ဈေးနှုန်းအရ)** | **ကျပ် (၀၀၀)** | **၃၁၁၅၆၅၂၁** | **၂၅၈၈၂၈၆** | **-၁၆.၉** |
| ၁ | စာတိုက်ဝင်ငွေ | ” | ၂၆၄၉၅ | ၅၆၇၄၂ | ၁၁၄.၂ |
| ၂ | တယ်လီဖုန်းဝင်ငွေ | ” | ၃၁၁၂၆၆၈၂ | ၂၅၈၁၉၉၅၀ | -၁၇.၀ |
| ၃ | ကြေးနန်းဝင်ငွေ | ” | ၃၃၄၄ | ၅၄၉၄ | ၆၄.၃ |

နောက်ဆက်တွဲ (အဆက်)

**မွန်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းအတွက်**
**ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဝင်ငွေရရှိမှုအခြေအနေရည်မှန်းချက်**

ငွေရေးကြေးရေးကဏ္ဍ

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် (နှစ်စဉ်စီမံကိန်း) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | **နိုင်ငံပိုင်ငွေကြေး အဖွဲ့အစည်းများ** | **ကျပ်သန်း** | **၂၇၁၅.၂** | **၂၁၁၅.၀** | **-၂၂.၁** |
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ။ | ၇၇၂.၆ | ၇၃၈.၅ | -၄.၄ |
| ၂ | အသေးစားချေးငွေလုပ်ငန်း | ။ | ၉၉.၅ | ၉၀.၉ | -၈.၆ |
| ၃ | မြန်မာ့အာမခံလုပ်ငန်း | ။ | ၃၃၉.၃ | ၃၈၅.၆ | ၁၃.၆ |
| ၄ | မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် | ။ | ၁၅၀၃.၈ | ၉၀၀.၀ | -၄၀.၂ |
| **၂** | **သမဝါယမပိုင် ငွေကြေး အဖွဲ့အစည်းများ** | **ကျပ်သန်း** | **၃၀၉.၀** | **၆၇၆.၁** | **၁၁၈.၈** |
| ၁ | ငွေစုငွေချေးအသင်း | ။ | ၉၄.၁ | ၂၉၄.၅ | ၂၁၃.၀ |
| ၂ | သမဝါယမဘဏ် | ။ | ၂၁၄.၉ | ၃၈၁.၆ | ၇၇.၆ |
| **၃** | **ပုဂ္ဂလိကပိုင် ငွေကြေး အဖွဲ့အစည်းများ** | **ကျပ်သန်း** | **၂၄၈၇.၈** | **၃၅၅၉.၆** | **၄၃.၁** |
| ၁ | ကမ္ဘောဇဘဏ် | ။ | ၆၈၅.၀ | ၁၀၀၆.၅ | ၄၆.၉ |
| ၂ | မွေးရေဘဏ် | ။ | ၄၄၁.၄ | ၆၉၆.၅ | ၅၇.၈ |
| ၃ | အခြားပုဂ္ဂလိကငွေကြေး အဖွဲ့အစည်းများ | ။ | ၂၀၅.၃ | ၂၂၅.၂ | ၉.၇ |
| ၄ | ပထမပုဂ္ဂလိကဘဏ် | ။ | ၁၂၂.၀ | ၈၅.၅ | -၂၉.၉ |
| ၅ | မြဝတီဘဏ် | ။ | ၉၀၀.၅ | ၁၀၈၀.၆ | ၂၀.၀ |
| ၆ | မြန်မာအရှေ့တိုင်းဘဏ် | ။ | ၄၀.၃ | ၁၅၅.၃ | ၂၈၅.၄ |
| ၇ | ဧရာဝတီဘဏ် | ။ | ၂၈.၉ | ၆၀.၀ | ၁၀၇.၆ |
| ၈ | မြန်မာ့ရှေ့ဆောင်ဘဏ် | ။ | ၆၄.၄ | ၂၅၀.၀ | ၂၈၈.၂ |
| | **(နှစ်အလိုက် ဈေးနှုန်းအရ) စုစုပေါင်းဝင်ငွေ** | **ကျပ်သန်း** | **၅၅၁၂.၀** | **၆၃၅၀.၇** | **၁၅.၂** |

# မွန်ပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီ ၁၀ ရက် )

## နိဒါန်း

မွန်ပြည်နယ်လွှတ်တော်သည် ပြည်နယ်အတွင်း မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်လူမှုရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း တာဝန်များကို ဆောင်ရွက်လျက်ရှိသော ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးကို ဆိုသည်၊

(င) **မီးဘေးနှင့်သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထားပြောင်းလဲခြင်း၊ ကပ်ရောဂါများ၊ ဓာတု၊ စက်မှု၊ အဏုမြူအန္တရာယ်၊ မီးဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသောဥပဒေအရ သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်များလည်း ပါဝင်သည်၊

(စ) **ကော်မတီ**ဆိုသည်မှာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို ဆိုသည်၊

(ဆ) **ကယ်ဆယ်ရေးအဖွဲ့**ဆိုသည်မှာ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ရန် အရန်မီးသတ်အဖွဲ့ဝင်များ၊ သီးသန့်အရန်မီးသတ်အဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသော စေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်၊

(ဇ) **အရန်မီးသတ်အဖွဲ့**ဆိုသည်မှာ မီးငြိမ်းသတ်ရေးအတွက် ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့ကို ဆိုသည်၊

(ဈ) **သီးသန့်အရန်မီးသတ်အဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် သီးသန့် အရန်မီးသတ်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်၊ လယ်ယာ၊ ကိုင်း၊ ကျွန်း၊ သီးနှံ၊ ကျွဲနွားတိရစ္ဆာန်များ၊ နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး သို့မဟုတ် နည်းနိုင်သမျှ နည်းပါးစေရေးအတွက် ကြိုတင်ကာကွယ် တားဆီးရန်၊

(ခ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရန်၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## အခန်း (၃)
## မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများ ဖွဲ့စည်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (င) | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ<br>မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ | အဖွဲ့ဝင် |
| (စ) | အင်ဂျင်နီယာမှူးကြီး<br>ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ | အဖွဲ့ဝင် |
| (ည) | ခရိုင်အုပ်ချုပ်ရေးမှူး<br>သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဋ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |

(ဌ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် (၃) ဦး — အဖွဲ့ဝင်များ

(ဍ) ပြည်နယ်မီးသတ်ဦးစီးမှူး — အတွင်းရေးမှူး
ပြည်နယ်မီးသတ်တပ်ဖွဲ့၊

(ဎ) ပြည်နယ်ဦးစီးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဦးစီးဌာန။

၅။ ခရိုင်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) ခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊

(ဂ) ခရိုင်ကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
ခရိုင်ကျန်းမာရေးဦးစီးဌာန၊

(ဃ) ခရိုင်လျှပ်စစ်အင်ဂျင်နီယာ — အဖွဲ့ဝင်
ခရိုင်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း

(င) ခရိုင်အင်ဂျင်နီယာမှူး — အဖွဲ့ဝင်
ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊

(စ) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန၊

(ဆ) စည်ပင်သာယာရေးအမှုဆောင်အရာရှိ — အဖွဲ့ဝင်
ခရိုင်ရုံးစိုက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့

(ဇ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် (၃) ဦး — အဖွဲ့ဝင်များ

(ဈ) ခရိုင်မီးသတ်တပ်ဖွဲ့မှူး — အတွင်းရေးမှူး
ခရိုင်မီးသတ်တပ်ဖွဲ့၊

(ည) ဦးစီးအရာရှိအဆင့်ထက်မနိမ့်သော အရာရှိတစ်ဦး — တွဲဖက်အတွင်းရေးမှူး
(ခရိုင်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်ခြင်းခံရသူ)။

၆။ မြို့နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) မြို့နယ်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊

(ဂ) မြို့နယ်ကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
မြို့နယ်ကျန်းမာရေးဦးစီးဌာန၊

(ဃ) မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ မြို့နယ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း — အဖွဲ့ဝင်

(င) မြို့နယ်အင်ဂျင်နီယာ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ — အဖွဲ့ဝင်

(စ) မြို့နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန၊ — အဖွဲ့ဝင်

(ဆ) စည်ပင်သာယာရေးအမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(ဇ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် (၃) ဦး — အဖွဲ့ဝင်များ

(ဈ) မြို့နယ်မီးသတ်တပ်ဖွဲ့မှူး မြို့နယ်မီးသတ်တပ်ဖွဲ့၊ — အတွင်းရေးမှူး

(ည) ဦးစီးအရာရှိအဆင့်ထက်မနိမ့်သော အရာရှိတစ်ဦး (ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ခြင်းခံရသူ)။ — တွဲဖက်အတွင်းရေးမှူး

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာရဲစခန်းမှ ရဲတပ်ဖွဲ့ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဂ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ပေးသော ကျန်းမာရေးဝန်ထမ်း — အဖွဲ့ဝင်

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားလှယ် — အဖွဲ့ဝင်

(င) ဆယ်အိမ်စုမှူးကိုယ်စားလှယ် (၃ ဦးမှ ၅ ဦး) — အဖွဲ့ဝင်များ

(စ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် (၃) ဦး — အဖွဲ့ဝင်များ

(ဆ) ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် — အဖွဲ့ဝင်

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အရန်မီးသတ်အဖွဲ့ ခေါင်းဆောင် သို့မဟုတ် သီးသန့်အရန်မီးသတ်အဖွဲ့ခေါင်းဆောင် — အတွင်းရေးမှူး

(ဈ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး — တွဲဖက်အတွင်းရေးမှူး

## အခန်း (၄)

## ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးကော်မတီသည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

၉။ ကော်မတီအဆင့်ဆင့်သည် လုပ်ငန်းလိုအပ်ချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများနှင့် ကျေးရွာများတွင် ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၀။ ပုဒ်မ ၉ အရ ဖွဲ့စည်းသော ကယ်ဆယ်ရေးအဖွဲ့များတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်များ ပါဝင်ဖွဲ့စည်းနိုင်သည်။

၁၁။ ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

၁၂။ ကော်မတီအဆင့်ဆင့်သည် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်အဖွဲ့ဝင်များ၏ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရှိစေရေး၊ နည်းပညာရရှိရေးကို အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၁၃။ ဝန်ကြီးသည် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းတွင် ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် ရန်ပုံငွေထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

၁၄။ ကော်မတီများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အရန်မီးသတ်အဖွဲ့၊ သီးသန့်အရန်မီးသတ်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကယ်ဆယ်ရေးအဖွဲ့လုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့် မဆန့်ကျင်စေဘဲ ရန်ပုံငွေများ စုဆောင်းကောက်ခံ ဆောင်ရွက်နိုင်သည်။ ၎င်းအပြင် ပြည်နယ်အစိုးရထောက်ပံ့ငွေ၊ စေတနာရှင်များမှ လှူဒါန်းငွေများ၊ ပစ္စည်းများကို လက်ခံရယူခြင်း၊ ယင်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြား ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျ အသုံးပြုခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးမှတစ်ဆင့် ပြည်ထောင်စုအဆင့်၊ အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးလူမှုရေးအဖွဲ့များနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အထက်အဖွဲ့အစည်းမှ ချမှတ်ပေးသည့် မူဝါဒ၊ လမ်းညွှန်ချက်များအား ညွှန်ကြားချက်နှင့်အညီ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်ခြင်း၊

(ဈ) ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် ကြိုတင်ကာကွယ်ရေးစီမံချက်များအား မီးဘေးနှင့် သဘာဝဘေးအန္တရာယ်အနေအထားနှင့် ကိုက်ညီအောင် ရေးဆွဲ ဆောင်ရွက်ခြင်း၊

(ည) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်များအား ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ကွပ်ကဲကြပ်မတ်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ဖွဲ့စည်းထားရှိသည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများ၏ ကွပ်ကဲမှုဖြင့် ကယ်ဆယ်ရေးအဖွဲ့နှင့် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြပ်မတ်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုနှင့်အညီ ဆောင်ရွက်ခြင်း၊ ကွပ်ကဲကြပ်မတ်ခြင်း၊

(ဍ) ဖြစ်ပွားမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကာကွယ်စောင့်ရှောက်ရေးအခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများမှ အချိန်မီသတင်းရရှိရေး ဆောင်ရွက်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ တင်ပြအစီရင်ခံခြင်း၊

(ဎ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်ရာတွင် လိုအပ်သောအကူအညီများအတွက် သက်ဆိုင်ရာဌာနများသို့ အသေးစိတ် စိစစ်တင်ပြခြင်းနှင့် ရရှိလာသော အကူအညီများကို စနစ်တကျ ထောက်ပံ့ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဏ) နိုင်ငံတော်၊ ဌာနဆိုင်ရာများနှင့် ပြည်တွင်းအလှူရှင်များထံမှရရှိသော အလှူငွေနှင့်ပစ္စည်းများကို ဘေးဒုက္ခသည်များထံ အမြန်ဆုံးရောက်ရှိရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(တ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေး အစီအစဉ်များကိုလည်းကောင်း၊ လုပ်ငန်းစဉ်တွင် ပြည်သူလူထုပါဝင်လာစေရေးအတွက် လည်းကောင်း အစီအစဉ်များ ချမှတ်ပေးခြင်း။

## အခန်း (၅)

## မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၅။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ကော်မတီက ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်၊

(ခ) ရာသီအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ထိုလုပ်ငန်းများအား စစ်ဆေးကြပ်မတ်ခြင်းနှင့် မီးသတ်ကား၊ ရေကား၊ ရေရရှိနိုင်သောနေရာများ၊ ခတ်ဆီ၊ ချောဆီ စသည်တို့ကို လုံလောက်စွာစီစဉ်ထားရှိခြင်း၊ စနစ်တကျပြင်ဆင်စုဆောင်းထားရှိခြင်း၊ ကယ်ဆယ်ရေး အဖွဲ့ဝင်များအတွက် အကာအကွယ်ပစ္စည်းများအား ဆောင်ရွက်ပေးခြင်း၊

(ဂ) ပြည်သူလူထုအား မီးဘေးနှင့်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးခြင်း၊ မီးတားလမ်းများ သတ်မှတ်စီစဉ်ထားခြင်းနှင့် အဆောက်အဦများ ဆောက်လုပ်ရာတွင် မီးဘေး ကာကွယ်ရေးသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေခြင်း၊ ဈေးများတွင် လျှပ်စစ်မီး၊ ထင်း၊ မီးသွေးနှင့် အခြားမီးသုံးစွဲမှုတို့ကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သလို စစ်ဆေး ကြပ်မတ်ခြင်း၊

(ဃ) ရပ်ကွက်၊ ကျေးရွာအတွင်း နေထိုင်သူများလိုက်နာရမည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို ရရှိစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းခြင်းစနစ်၊ ကြိုတင်သတင်းထောက်လှမ်းခြင်းစနစ်၊ ကြိုတင် အသိပေးမှုစနစ်နှင့် အချိန်နှင့်တစ်ပြေးညီအကြောင်းကြားခြင်းစနစ် ပီပြင်စွာထူထောင်ခြင်း၊ ကြိုတင်သတိပေးစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီ အောက်ခြေအထိ ဆက်သွယ် ဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ကြိုတင် ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(စ) မိုးလေဝသသတိပေးချက်များကို ဒေသခံပြည်သူအားလုံး အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အသံချဲ့စက်စနစ်များနှင့် ဆက်သားနည်းတို့ကို အသုံးပြု၍ ကြေညာပေးခြင်း၊ ရပ်ကွက်၊ ကျေးရွာအတွင်း

ဒေသခံပြည်သူများ မြင်တွေ့နိုင်သည့်နေရာများ၌ သတ်မှတ်ထားသည့် အရောင်အတိုင်း အလံ လွှင့်ထူအချက်ပြခြင်း၊

(ဆ) ရေလွှမ်းမိုးနိုင်သည့်နေရာများရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) မြစ်ချောင်းများ ရေစီးကြောင်းပြောင်းလဲစေခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြစ်ချောင်း ကမ်းပါးများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြစ်ချောင်းများအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်းမပြုရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် တားမြစ်ခြင်း၊ ရေစီးကြောင်း ပြောင်းလဲစေနိုင်သော မြစ်ချောင်း၊ ကမ်းပါးအစပ်များနှင့် ဆည်ရေများ လွှတ်သည့် ရေစီးကြောင်း တစ်လျှောက်တွင် နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် နေထိုင်သူများအား ဖယ်ရှားပေးရန် ဆောင်ရွက်ခြင်း၊ ရေလွှမ်းမိုးနိုင်သည့်နေရာ၊ ဒေသအတွင်း ရေထွက်ပေါက်များအား စနစ်တကျ ကြိုတင်ဆောင်ရွက်ပေးခြင်း၊

(ဈ) မြစ်ချောင်းကမ်းပါးအစွန်းများတွင် နေထိုင်ခြင်းများအား တားမြစ်ခြင်း၊ အန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သာ နေထိုင်စေခြင်း၊ မြေ၊ ကမ်းပါးပြိုနိုင်သည့်နေရာများတွင် မြေထိန်းနံရံများနှင့် ရေထိန်းနံရံများအား ဆောက်လုပ်ခြင်း၊

(ည) ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် နယ်မြေအခြေအနေ အသေးစိတ်နှင့် အခြားလိုအပ်သည့် အချက် အလက်စာရင်းများ ကောက်ယူထားရှိခြင်း၊ ဖြစ်ပွားခဲ့သော အထောက်အထားများ ရှာဖွေပြုစု၍ အန္တရာယ်ရှိသောဒေသ၊ ၎င်းဒေသရှိ လူဦးရေနှင့် အိမ်ထောင်စုအရေအတွက်၊ ဖြစ်လေ့ရှိသော ရာသီကာလ ဖြစ်ပွားမှုအလှည့်၊ ပုံမှန်ကြာမြင့်တတ်သော ရက်၊ လ စသည်တို့ အပေါ် မူတည်ပြီး အခြေပြုပုံ၊ ပြုလုပ်ထားခြင်း၊ ခိုင်ခံ့သောအဆောက်အဦများ၊ ကုန်းမြင့်မြေများ၊ နယ်မြေအတွင်းရှိ ရေ၊ လေ၊ သဘာဝဘေးဒဏ်ခံနိုင်သည့် ရပ်ကွက်၊ ကျေးရွာများ၏ အဆောက်အဦ၊ ခိုလှုံနိုင်သော အခိုင်အမာနေရာများနှင့် အမြင့်ပေ (၅၀) အထက် တောင်ကုန်းများ စာရင်းအား ကြိုတင် ကောက်ယူထားခြင်း၊ ပြည်သူလူထုသိရှိစေရန် ကျယ်ပြန့်စွာ အသိပေး ကြေညာထားခြင်း၊

(ဋ) ဒေသခံဆေးရုံ၊ ဆေးခန်း သို့မဟုတ် မှီခိုနိုင်သော ဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေး ဝန်ထမ်း များ၊ သားဖွားဆရာမများအား ကြိုတင်ပြင်ဆင်ဖွဲ့စည်းထားခြင်း၊ ဆေးဝါးနှင့် လိုအပ်သည့် ပစ္စည်း များအား ပြန်လည်သုံးသပ်၍ တိုးတက်ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါ၊ အခြားရောဂါများဖြစ်ပွားမှုကို ထောက်လှမ်းနေသောစနစ် ထူထောင်ခြင်း၊ ရှေးဦးသူနာပြု သင်တန်းများဖွင့်လှစ်၍ ပြည်သူလူထုအဖွဲ့အစည်းများအား သင်ကြားလေ့ကျင့်ပေးခြင်း၊ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကာလ မရောက်မီ ဆောင်ရွက်စေခြင်း၊

(ဌ) ရပ်ကွက်၊ ကျေးရွာများရှိ ပို့ဆောင်ရေးယာဉ်များစာရင်းအား ကြိုတင်ကောက်ယူထားရှိပြီး ဘေး အန္တရာယ်ကျရောက်ပါက အမြန်ဆုံးကူညီပေးနိုင်ရေးအတွက် ကြိုတင်စုဖွဲ့ပြင်ဆင်၍ စုရပ်နေရာ များ ကြိုတင်သတ်မှတ်ထားခြင်း၊ ကယ်ဆယ်ရေးကိရိယာများနှင့် အခြားလိုအပ်သော ပစ္စည်းများ စုဆောင်းထားရှိခြင်း။

၁၆။ ကော်မတီအဆင့်ဆင့်သည် ဘေးအန္တရာယ်သတိပေးချက်ရရှိသည်နှင့်တစ်ပြိုင်နက် မိမိ၏ကွပ်ကဲ ကြပ်မတ်မှုဖြင့် ရွှေ့ပြောင်းရေး၊ ကနဦးကယ်ဆယ်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွား ရမည် -

(က) ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း ရရှိနိုင်သည့် ပြည်သူလူထု၏ လုပ်အား၊ စွမ်းအားကို စုစည်းခြင်း၊ ရေဘေးကာကွယ်ရေးအတွက် သဲအိတ်၊ ပေါက်တူး၊ ခြင်းတောင်းကဲ့သို့ လက်သုံးကိရိယာများ၊ မြေသယ်ယာဉ်၊ မြေတူးစက်၊ မြေကော်စက်များအား ဘေးအန္တရာယ်ကျရောက်မည့်နေရာသို့ ပို့ဆောင်ခြင်း၊ ရေဝင်ရောက်နိုင်သည့်နေရာများ၌ လူထုအင်အားဖြင့် ကမ်းပါး မြေဖို့ခြင်း၊ သဲအိတ် စီခြင်းနှင့် ရေစီးလမ်းတစ်လျှောက် အမှိုက်ရှင်းလင်းခြင်း၊

(ခ) ပို့ဆောင်ရေးယာဉ်များအား အခြေစိုက်ရာ ရပ်ကွက်၊ ကျေးရွာစုရပ်များ၌ စုစည်းခြင်း၊ မြို့နယ် အဆင့် စုဖွဲ့ထားသည့် သယ်ယူပို့ဆောင်ရေးယာဉ်များအား စုရပ်များ၌ စုစည်းခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ခြင်း၊

(ဂ) ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာများ၌ ခိုလှုံမည့် လူအင်အားအပေါ် မူတည်၍ သောက်ရေ၊ ဆန်၊ ဆီ၊ ပဲနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို ခိုလှုံရန်နေရာများသို့ စတင် ပို့ဆောင်၍ အသင့်ပြင်ဆင်ခြင်း၊

(ဃ) နယ်မြေအတွင်း သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကျန်းမာရေးချို့တဲ့နေသူများ၊ မသန်စွမ်း သူများ စသည်ဖြင့် ခွဲခြား၍ ဦးစားပေးစနစ်အတိုင်း ကြိုတင်သတ်မှတ်ထားသည့် ခိုလှုံရန်နေရာ၊ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းဆောင်ရွက်ခြင်း။

၁၇။ ကော်မတီအဆင့်ဆင့်သည် မြေလျှင်ဒဏ်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်စေရန်နှင့် ပြိုကျနိုင်မည့် အဆောက်အဦများအား ပြင်ဆင်စေရန် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ကော်မတီအဆင့်ဆင့်သည် အခြား သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပေါ်နိုင်ရန် အကြောင်းရှိသည့် အခါ အဆိုပါ ဘေးအန္တရာယ်နှင့်ပတ်သက်၍ လျော့နည်းသက်သာစေသည့် အစီအမံများကို ကြိုတင် ဆောင်ရွက်ရမည်။

## အခန်း (၆)
## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၉။ ကော်မတီအဆင့်ဆင့်၏ ကွပ်ကဲကြပ်မတ်မှုဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်နှင့် ကျရောက် ပြီးနောက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည် -

(က) ကျရောက်လာသည့် သဘာဝဘေးအန္တရာယ်ပမာဏ၊ လမ်းကြောင်းများ ရှင်းလင်းမှုအခြေအနေ၊ သယ်ယူပို့ဆောင်ရေးယာဉ် စုစည်းရောက်ရှိမှုအခြေအနေတို့အပေါ် မူတည်၍ ကြိုတင် သတ်မှတ် ထားသည့် ခိုလှုံရန်နေရာ၊ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းခြင်း၊

(ခ) အရေးကြီးလူနာများ ရွေးချယ်ခြင်း၊ အရေးကြီးလူနာများအား ဆေးရုံသို့ပို့ခြင်း၊ ဆေးရုံဆေးခန်း များတွင် ဦးစားပေးခွဲစိတ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊

(ဂ) နယ်မြေခံတပ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များအား အလျင်အမြန်ဆောင်ရွက်ခြင်း၊ ပျက်စီးနေသော အဆောက်အအုံများ၊ ပိတ်ဆို့နေသော လမ်းများအား လူ၊ စက်ယန္တရားအင်အားတို့ဖြင့် အမြန်ဆုံးဖယ်ရှားရှင်းလင်းခြင်း၊

(ဃ) အလောင်းများရှာဖွေခြင်း၊ မြှုပ်နှံသင်္ဂြိုဟ်ခြင်း၊ အလောင်းများအား အမည်၊ နေရပ်ဖော်ထုတ်ခြင်း အတွက် မှုခင်းအရာရှိများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊

(င) စာရင်းဇယားများကောက်ယူခြင်း၊ (ဖြစ်ပွား၊ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးစသည်ဖြင့်) ခိုလှုံရန် နေရာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းရောက်ရှိလာသည့် လူဦးရေ၊ အိမ်ထောင်စု၊ စာရင်းများအား စာရင်းကောက်ယူပြုစု၍ အထက်ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊

(စ) ဘေးအန္တရာယ်ကာကွယ်ရေး၊ ရောဂါကာကွယ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကိုယ်လက် လှုပ်ရှားမှု စသော ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိတ်ဓာတ် မကျဆင်းစေရန် အားပေးခြင်း၊

(ဆ) အာဟာရပြည့်ဝစေရန် စီစဉ်ဆောင်ရွက်ခြင်း၊ (လိုအပ်ပါက ဖြည့်စွက်အစာတိုက်ကျွေးရန်) ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မျှတစွာ ခွဲဝေ သုံးစွဲရေးဆောင်ရွက်ခြင်း၊ စနစ်ကျသော အညစ်အကြေးစွန့်ပစ်မှု တည်ထောင်ပေးခြင်း၊

(ဇ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြွေဆိုးအန္တရာယ်၊ ထိခိုက်အန္တရာယ်၊ ရေနစ်ခြင်း စသည်တို့အတွက် ပညာပေးခြင်း၊

(ဈ) ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဘေးလွတ်ရာနယ်မြေသို့ ပြောင်းရွှေ့ခြင်း၊ တိရစ္ဆာန်ဆေးကုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသူများအား အန္တရာယ်ကင်းရှင်းသည့်အခါ မူလနေရာအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုပါက ညွှန်ကြားချက်ရရှိမှသာ ပြောင်းရွှေ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဋ) ပျက်စီးသွားသော အဆောက်အဦများအား ပြန်လည်ပြုပြင်တည်ဆောက်မှုပြုလုပ်ရာတွင် ဒေသခံဆောက်လုပ်ရေးကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ကျွဲ၊ နွားများ သေဆုံးမှုကြောင့် လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်ချက်များကို စာရင်းဇယားစနစ်တကျပြုစု၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားလိုင်းများ မူလအတိုင်းပြန်လည်ရရှိရေးအတွက် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ခြင်း၊

(ဎ) သစ်၊ ဝါး၊ ဓနိ အမိုးအကာနှင့် အိမ်ဆောက်ပစ္စည်းများရရှိရေးအတွက် ဒေသအစီအစဉ်ဖြင့်ကြိုတင်စုဆောင်းခြင်းဖြင့်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလှူရှင်များထံမှလည်းကောင်း၊ နိုင်ငံတော်သို့ လိုအပ်ချက်များ တင်ပြတောင်းခံ၍လည်းကောင်း ကူညီထောက်ပံ့ရေးစီစဉ်ဆောင်ရွက်ခြင်း။

## အခန်း (၇)

## တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၀။ မည်သူမျှ မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန် ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်အဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ သီးသန့် အရန်မီးသတ်အဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ လူမှုရေးအသင်းဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၂၁။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ အကျိုးပျက်စီးစေခြင်းများကျူးလွန်ပါက ထိုသူအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၈)

## အထွေထွေ

၂၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၄။ ကော်မတီသည် မိမိလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

၂၅။ ဤဥပဒေအရ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိစ္စတစ်ရပ်ရပ်အတွက် သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲမီးဘေးနှင့်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်သော ဥပဒေပြဋ္ဌာန်းချက်ပါ အဖွဲ့အစည်းများ၊ မီးသတ်အဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ သီးသန့်အရန်မီးသတ်အဖွဲ့၊ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၇။ အစိုးရအဖွဲ့သည် ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် ပြည်နယ်၏အရအသုံးဘဏ္ဍာငွေတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်သည်။

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့်ကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အုန်းမြင့်၊
ဝန်ကြီးချုပ်၊
မွန်ပြည်နယ်အစိုးရအဖွဲ့။

# မွန်ပြည်နယ်လွှတ်တော်
# မွန်ပြည်နယ် ဇာတ်ရုံများကြီးကြပ်ရေးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီ ၁၀ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား - ၂၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေပြုစာရင်း အပိုဒ် ၇၊ အပိုဒ်ခွဲ (စ) အရ ဇာတ်ရုံများ ပြသဖျော်ဖြေခြင်းဆိုင်ရာလုပ်ငန်းများ စနစ်တကျ ကြီးကြပ်နိုင်ရေးအတွက် မွန်ပြည်နယ်လွှတ်တော်သည် မွန်ပြည်နယ်ဇာတ်ရုံများကြီးကြပ်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ် ဇာတ်ရုံများ ကြီးကြပ်ရေးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က ဇာတ်ရုံများကိစ္စ တာဝန်ပေးထားသော ဝန်ကြီးကို ဆိုသည်၊

(ဃ) **ဇာတ်ရုံ**ဆိုသည်မှာ အဆို၊ အက၊ အတီးပညာများဖြင့် ဖျော်ဖြေရန် အဆောက်အအုံဖြင့်ဖြစ်စေ၊ ပရဝဏ်ဖြင့်ဖြစ်စေ သတ်မှတ်ထားသည့်နေရာကို ဆိုသည်၊

(င) **ဇာတ်ပွဲ**ဆိုသည်မှာ အဆို၊ အက၊ အတီးပညာများဖြင့် အဖွဲ့ဝင်များနှင့်ဖြစ်စေ၊ တစ်ကိုယ်တော်ဖြစ်စေ သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အငြိမ့်၊ တီးဝိုင်းနှင့် တေးဂီတဖျော်ဖြေမှုများလည်း ပါဝင်သည်၊

(စ) **ခွင့်ပြုမိန့်**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်၊

(ဆ) **ပေးသွင်းငွေ**ဆိုသည်မှာ ဖျော်ဖြေပွဲခွင့်ပြုမိန့်တောင်းခံရာတွင် ပေးသွင်းရသည့်ငွေကို ဆိုသည်၊

(ဇ) **မြို့နယ်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဆိုသည်၊

(ဈ) **ခရိုင်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကို ဆိုသည်၊

(ည) **ပွဲကျင်းပခွင့်ရသူ**ဆိုသည်မှာ ခွင့်ပြုမိန့်ရယူ၍ ပွဲပြုလုပ်ရန် သတ်မှတ်ထားသည့်နေရာအား စီမံခန့်ခွဲ တာဝန်ခံဆောင်ရွက်သူကို ဆိုသည်။

## အခန်း (၂)
## ခွင့်ပြုမိန့်တောင်းခံခြင်း

၃။ ပွဲကျင်းပခွင့်ရသူသည် ပွဲကျင်းပရက်မတိုင်မီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ (၇) ရက် ကြိုတင်လျှောက်ထားရမည်။

၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့များသည် ပွဲကျင်းပခွင့်ရသူ လိုက်နာရမည့်စည်းကမ်းများကို သတ်မှတ်ပေးရမည်။

၅။ ပွဲကျင်းပရန်လျှောက်ထားရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ကိုပါ တင်ပြရမည်။

၆။ ပွဲကျင်းပခွင့်ရသူသည် ခွင့်ပြုမိန့်ရရှိမှသာ ကျင်းပခွင့်ရှိသည်။

၇။ ခွင့်ပြုမိန့်တောင်းခံရာတွင် တစ်ရက် သို့မဟုတ် တစ်ညလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း) ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၈။ ငွေပေးသွင်းရန် ပျက်ကွက်ခြင်း၊ သတ်မှတ်ပေးထားသော စည်းကမ်းများလိုက်နာရန် ပျက်ကွက်ခြင်း များရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပွဲကျင်းပရန် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၉။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ထူးခြားသောအခြေအနေများအရ ပွဲကျင်းပရန် ခွင့်ပြုထားခြင်းကို ရုပ်သိမ်းနိုင်သည်။

၁၀။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ အခါ အားလျော်စွာထုတ်ပြန်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာရမည်။

၁၁။ ခွင့်ပြုမိန့်တောင်းခံရာတွင် ဥပဒေအရ သတ်မှတ်ထားသောငွေမှတစ်ပါး အခြား မည်သည့် အခကြေးငွေ ပေးဆောင်ခြင်းပြုရန် မလိုပါ။

၁၂။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဇာတ်ရုံလုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း (၃)

## ပွဲကျင်းပခွင့်ရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၁၃။ အများနှင့်သက်ဆိုင်သောပွဲ ကျင်းပခြင်းဖြစ်ပါက ပွဲကျင်းပခွင့်ရသူသည် အများဆန္ဒဖြင့် ငွေကြေး စုဆောင်းခြင်းကို အဖွဲ့ဖြင့်ဆောင်ရွက်ရန်ဖြစ်ပြီး ငွေစာရင်းရှင်းတမ်း ရေးဆွဲဆောင်ရွက်ရမည်။

၁၄။ ပွဲကျင်းပခွင့်ရသူသည် ပွဲမစတင်မီ၊ ပွဲကျင်းပစဉ်နှင့် ပွဲကျင်းပပြီးချိန်တွင် ဇာတ်ရုံသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို တာဝန်ယူရမည်။

၁၅။ ယာယီဈေးတန်း၊ ဆိုင်ခန်းများမှ အခွန်ကောက်ခံခြင်းကို ပွဲကျင်းပခွင့်ရသူက စီမံသတ်မှတ်ဆောင်ရွက် နိုင်သည်။

၁၆။ ပွဲကျင်းပခြင်းအတွက် ယာယီဈေးတန်းဆိုင်ခန်းများမှ ကောက်ခံရရှိသော အခွန်ငွေများ၏ ၃ ရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည်။

၁၇။ ပုဂ္ဂလိကဖျော်ဖြေပွဲကျင်းပခြင်းအတွက် ပွဲကျင်းပခွင့်ရသူသည် ဤဥပဒေပုဒ်မ ၁၂၊ ၁၄၊ ၁၅၊ ၁၆ ပါ ကိစ္စရပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြဆောင်ရွက်ရမည်။

၁၈။ ပွဲကျင်းပခွင့်ရသူသည် မိမိကျင်းပသော ဇာတ်ပွဲတွင် အများလက်မခံနိုင်သော သရုပ်ပျက်မှုများ၊ စည်းကမ်းပျက်မှုများ မရှိစေရေးအတွက် ဇာတ်ပွဲနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရမည်။

## အခန်း (၄)

## တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ပွဲကျင်းပခြင်းမပြုရ။

၂၀။ ပွဲကျင်းပခွင့်ရသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ ပွဲကျင်းပခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းကြောင်း အကြောင်းကြားစာရရှိသည်နှင့် ပွဲကျင်းပခြင်းကို ချက်ချင်း ရပ်ဆိုင်းရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်ဆယ့်ငါးရက်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၅)**

**အထွေထွေ**

၂၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရသည်။

၂၄။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းဆောင်ရွက်ခြင်းကို ကြီးကြပ်ရမည်။

၂၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နှစ်စဉ် ဧပြီလ (၁) ရက်နေ့မှစ၍ မတ်လ (၃၁) ရက်နေ့အထိ မြို့နယ်များတွင် ရပ်ကွက်နှင့်ကျေးရွာအလိုက် ကျင်းပသည့်ပွဲအရေအတွက်၊ စာရင်း၊ နှစ်ချုပ်အစီရင်ခံစာကို ခရိုင်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးထံ တင်ပြရမည်။

၂၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်းကသတ်မှတ်ပေးထားသောကာလထက်ပို၍ ပွဲကျင်းပသည့်နေ့ရက်များအတွက် ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို ပွဲကျင်းပခွင့်ရသူအား ပေးသွင်းစေပြီး နောက်ကြောင်းပြန်ခွင့်ပြုနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အုန်းမြင့်၊
ဝန်ကြီးချုပ်၊
မွန်ပြည်နယ်အစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၆) တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းစိုးအား လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက် )

ဤရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းစိုးသည် နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၆) တွင် ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

ဤရုံး၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၃) အရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၂) တွင် ဦးစီးအရာရှိ ဦးလှိုင်ဝင်းသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အမိန့်ကြော်ငြာစာ (၁၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၉ ရက် )

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - (၁၄ - FGI)၊ မြေကွက်အမှတ် (၁၃၆၁) မှ **မြေဧရိယာ (၀. ၂၂၈) ဧက**ရှိ မြေအား **ပစ္ဆိမာရုံကျောင်းတိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၇/၂၀၁၃)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၅၈၈/အစိုးရမရမ်းတောကွင်း)၊ ဦးပိုင်အမှတ် (၂၇/၁) မှ **မြေဧရိယာ (၃. ၆၉) ဧက**ရှိ မြေအား **ရွှေနန့်သာဘုန်းတော်ကြီးကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၂၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၉၃/မုကျိုမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၆၄) မှ **မြေဧရိယာ (၁. ၈၅) ဧက**အား **ဓမ္မသုခတောရဘုန်းတော်ကြီးကျောင်း** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် ) | **သောကြာနေ့** |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### BIRD'S NEST COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **BIRD'S NEST COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၀-၇-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ [B.Sc., H.G.P., M.A (Business Law)]** (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ရွှေ (ခ) အန်ချိန်ဟိုး
မန်နေးဂျင်းဒါရိုက်တာ
BIRD'S NEST COMPANY LIMITED

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## BIRD'S NEST TRAVELS & TOURS COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **BIRD'S NEST TRAVELS & TOURS COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၀-၇-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ [B.Sc., H.G.P., M.A (Business Law)]** (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်ရွှေ (ခ) အန်ချိန်ဟိုး
မန်နေးဂျင်းဒါရိုက်တာ
BIRD'S NEST TRAVELS & TOURS
COMPANY LIMITED

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၂-၇-၂၀၁၃။